# တိုကင် (လက္ခဏာသက်သေ)

ဂျက်ဖာဆွန်ဘောလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၃ - ၀၉၁၁ အမ်။

1 ၁။ ထိုင်နိုင်ပါပြီ။မင်္ဂလာပါ။ ယနေ့မနက် ကိုယ်တော်ရှင်၏ မူတော်မြတ်၌ ပျော်ရွှင်မှုရှိပါသည်။ ကျွန်တော်တို့ပြန်ရောက်မရောက်ကို မသိကြပါ။ သို့သော်လည်း ကိုယ်တော်ရှင်လမ်းဖွင့်ပေးသဖြင့် ယနေ့ဝတ်ပြုစည်းဝေးရန်အတွက်ပြန်ရောက်ပြီးဖြစ် ပါသည်။ နှုတ်ကပတ်တော်မြတ်ကို ယနေ့မနက်လေ့လာရန်အတွက် ကြီးမားသော အရာဖြစ်ပြီးညဖက်တွင်လည်းအနာရောဂါငြိမ်းစေသော ဝတ်ပြုစည်းကြီးဝေးရှိပါသည်။ ပွဲတော်မင်္ဂလာလည်းရှိပါမည်။

2 ၂။ ကလေးငယ်ကိုဆက်ကပ်ခြင်းလည်းရှိပါသည်။ မိမိတို့၏ ကလေးငယ်ကို ဆက်ကပ်လိုသောသူရှိပါသည်။ ကလေးငယ်ကိုခေါ်လာသောအခါတွင်ပီယာနို(သို့) အော်ဂင်တီးသူရှိရပေမည်။ ကလေးငယ်ကို ဆက်ကပ်ပြီးနောက် အချိန်မှီ နှုတ်ကပတ်တော်ကို သင်ကြားကြရပါမည်။ နှုတ်ကပတ်တော်ကို အားထားရပါမည်။ အဓိကအကြောင်းအရာပင် ဖြစ်ပါသည်။ဘုရားသခင်၏ နှုတ်ကပတ်တော်အတွက် အချိန်အတိအကျပေးရပါမည်။ ထို့ကြောင့်သင်တို့အားလုံးနှင့်တွေ့ဆုံရသောအခွင့်ကို ရသောကြောင့် အထူးကျေးဇူး တင်ပါသည်။

3 ၃။ ကျွန်တော်မှားသွားတာဖြစ်ပါမည်။ကျွန်တော် အလွန်ကျေးဇူးတင်ပါသည်။ တစုံတဦးအားဖြင့် ဖြစ်ပါသည်။ ခက်ခဲသော ပုံစံမျိုးဖြစ်ရပါသည်။ယခုအားလုံး နေကောင်းကြပါသလား? (ပရိသတ်" အာမင်) ဘုရားသခင်ကိုချီးမွမ်းကြပါသည်။ [Brother Neville က 'သူတို့လာကြပြီ' ဟုပြောသည်] ကျွန်တော်ဝမ်းနည်းပါသည်။ကောင်းပြီ ခင်ဗျားလာခဲ့ပါ။ မျက်လုံးညိုနှင့် လှပသော မိန်းကလေးများ၊ နာမည်ဘယ်လိုခေါ်ပါသလဲ? ဒီမှာကြည့်ပါ။ [မိခင်ဖြစ်သူက 'ဂျင်နဖာလီ နောက်ဆုံးနာမည်က ဘယ် လိုခေါ်ပါသလဲ? စီရက်ဟုခေါ်ပါသည်။ SisterLee ခင်ဗျားဘယ်အရပ်ကလာပါသလဲ? Llinois ပြည်နယ် Versailles မြို့ကပါဘဲ သိပ်ကောင်းပါတယ်။

4 ၄။ သမ္မာကျမ်းစာထဲတွင်ကလေးငယ်များကို ရေနှစ်ဗတ္တိဇံပေးကြောင်း တွေ့ရပါသည်။ ကျွန်တော်တို့ကတော့ ကလေးငယ် အတွက်ရေဗတ္တိဇံကို လက်မခံကြပါ။ ငယ်ရွယ်လွန်းသဖြင့် အပြစ်လဲကင်းစင်ကြသောကြောင့် ဖြစ်ပါသည်။သို့သော်လည်း ကလေးငယ်များကို ဘုရားသခင်ထံ ဆက်ကပ်ခြင်းကိုမူ ကျွန်တော်တို့သိပါသည်။ ယခုအခါတွင်လူကြီးများနှင့် ကျွန်တော်က က လေးငယ်အပေါ် လက်တင်၍ ဆုတောင်းပေးကြပါမည်။ ခေါင်းငုံ့၍ဆုတောင်းကြပါစို့။ ကောင်းကင်ဘုံ၌ရှိတော်မူသော အဖ၊ ယနေ့မနက် ဤမိန်းကလေးငယ်ကို ကျွန်တော်တို့ကိုယ်တော်ရှင်ထံဆောင်ယူခဲ့ပါသည်။ ဂျင်နဖာအမည်ရှိသော ကလေး ငယ်ဖြစ်၍ မိခင်ဖြစ်သူနှင့် သူမ၏ မိတ်ဆွေများကအဝေးတနေရာမှနေပြီး ဘုရားရှင်ကို ဆက်ကပ်ရန်အတွက်ဆောင်ယူခဲ့ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့သော်ကလေးငယ်များအပေါ် ကိုယ်တော်ရှင်သည် လက်တင်ဆုတောင်းပေးခြင်းကို ပြုလုပ်လေ့ရှိပြီး 'သူ ငယ်တို့ကို ငါ့ထံလာပါလေစေ မဆီးတားကြနှင့်။' ဟုဆိုထားပါသည်။ ယခုအခါတွင် ကျွန်တော်တို့က သူမကို ကိုယ်တော်ရှင်ထံအပ်နှံပါသည်။ ဘဝတသက်တာလုံးအစေခံရန်အတွက် ဖြစ်ပါသည်။ သခင်ယေရှု၏ နာမတော်မြတ်၌ ဆုတောင်းပါသည်။အာ မင်။

5 ၅။ အခြားမိန်းကလေးတစ်ဦး၏နာမည်မှာ မည်သို့ဖြစ်ပါသနည်း? ကော်နီလင်း လို့ခေါ်ပါသည်။ ကော်နီကလေးသည်အလွန်ဘဲ မွန်မြတ်သန့်ရှင်းပါသည်။ ကိုယ်တော်ရှင် ထံပါးသို့ ခေါင်းငုံ့၍ ဆုတောင်းကြပါစို့။သခင်ယေရှုဘုရား၊ ကော်နီကလေးကို ဖခင်ဖြစ်သူက ယနေ့မနက် ကိုယ်တော်ရှင်အားဆက်ကပ်ရန် ဆောင်ယူခဲ့ခြင်းဖြစ်ပါသည်။ကိုယ်တော်ရှင် သူမအား ဤကလေး ငယ်ကို ပေး၍ ကြည့်ရှုပြုစုစေပါသည်။ ကလေးငယ်အား သူမက ယခုကိုယ်တော်ရှင်ထံဆောင်ယူလာပါသည်။ကိုယ်တော် ဂရု ဏာသက်တော်မူပါမည့်အကြောင်း ဆုတောင်းပေးပါ။ သခင်ယေရှု၏ နာမတော်မြတ်၌ သူမအပေါ်လက်တင်ဆုတောင်း၍ကိုယ် တော်ရှင်၏အမှုတော်မြတ်အတွက် ဆက်ကပ်အပ်နှံပါသည်။ အာမင်။

ဘုရားသခင်နှင့် တကွသင်၏ကလေးငယ်ကို ကောင်းချီးပေးပါစေ။ကလေးငယ်များစွာရှိပါသေးသည်။

6 ၆။ ကောင်းကင်ဘုံရှင်အဖ၊ကျွန်တော်တို့ ဤကလေးငယ်ကို ကိုယ်တော်ရှင်ရှေ့တော်သို့ ဆောင်ယူလာပါသည်။ မိခင်၊ ဖခင်တို့လည်း ဤနေရာတွင်ရှိနေပါသည်။ သူတို့အား ဤကလေးငယ်ကို ပြုစုပျိုးထောင်ရန် ကိုယ်တော်ရှင်ပေးအပ်သကဲ့သို့ သူတို့ ကလည်း ဤကလေးငယ်ကို ကိုယ်တော်အားပြန်လည်၍ အပ်နှံပါသည်။ ရှေးကာလက ဟာနကဲ့သို့ ဖြစ်ပါသည်။ သူမသည် ဘုရားထံမှ ကလေးငယ်ကိုတောင်ခံခဲ့ပြီး ထိုကလေးငယ်ကိုပင် ဘုရားထံပြန်လည်အပ်နှံပါသည်။ ဤကလေးငယ်ကို ကောင်းကြီးပေးတော်မူပါ။ ကိုယ်တော်ရှင်၏ အစေခံဖြစ်တော်မူပါ။ ဖခင်နှင့် မိခင်တို့မှာလည်း ကောင်းချီးခံစားရပြီးကျန်းမာခြင်းနှင့်ပြည့်စုံစေ ပါ။ ပျော်ရွှင်၍ ရှည်လျားသော အသက်တာနှင့် ပြည့်စုံစေပြီးအမှုတော်ဆောင်ဖြစ်ရန် ကိုယ်တော်ရှင်ကို ဆက်ကပ်အပ်နှံပါသည်။ အာမင်။ သူအားကြီးမြတ်စေပါ။ရှမွေလကဲ့သို့ ပုရောဖက်ကလေးတပါးဖြစ်စေတော်မူပါ။ ကောင်းကင်ဘုံရှင်အဖဘုရား၊ ချစ်စရာ ကောင်းသောကလေးကို ကိုယ်တော်ထံသို့ သယ်ဆောင်လာပါသည်။ ယခု မိဘနှစ်ပါးနှင့်အတူ ရပ်လျှက်ရှိပါသည်။ကိုယ်တော် ဤသူငယ်ကို ပြန်လည် ထမြောက်လာဘို့အတွက် ကောင်းချီးပေးပါ။ မိဘနှင့် အတူအိမ်သို့ပြန်နိုင်ရန်အတွက် မစတော်မူပါ။ ကိုယ်တော်၏ကျွန်မအသက်ကြီးသော ဟန္န၏ဆုတောင်းခြင်းအားဖြင့်သားရတနာပေးပါသည်။ ထို့ပြင်သူမသည် သားကိုဗိမ္မာန် တော်၌ ဆက်ကပ်ခဲ့ပါသည်။ ကိုယ်တော်ခွင့်ပြုတော်မူပါ။ဤကလေးငယ်သည် ကိုယ်တော်၏ကျွန်ဖြစ်ပါသည်။ မိဘကို ကောင်း ချီးပေးဘို့ရန်အတွက် ကျန်းမာခြင်းခွန်အားပြည့်ဝခြင်းဖြင့်မစတော်မူပါ။ ယေရှုခရစ်တော်နာမဖြင့်၊ အာမင်၊ (ဘုရားသခင် ကောင်း ချီးပေးပါစေ။) ပရောဖက်ရှမွေလကဲ့သို့ကောင်းသော အမှုတော်ဆောင် ဖြစ်စေပါ။

7 ၇။ နောက်လူကလေးနှစ်ယောက်ရှိပါသေးသည်။ သုံးယောက်ဖြစ်ပါသည်။ မိသားစုတစုလုံးဖြစ်ပါသည်။

တစ်ဦး၏အမည်မှာမိုက်ကယ်ဖြစ်၍ တစ်ဦးမှာပေါလု ဖြစ်ပါသည်။ မိန်းကလေးမှာ ဒေဗောရ ဖြစ်ပါသည်။ ဒေဗောရဖြစ်သည်။မိုက်ကယ်၊ ပေါလုနှင့် ဒေဗောရာဘီလစ်ဖြစ်ပါသည်။ မိသားစုကောင်းလေးတစ်စု ဖြစ်ပါသည်။ ဤကဲ့သို့ကလေးငယ်များကိုတွေ့သည့်အခါတိုင်း ကျွန်တော်ပြန်လည် သတိရမိပါသည်။ ရှေးဟောင်းစကားတခု၏ အဆိုအရ ‘သူတို့သည် ယခုအခါ သင့်ခြေပေါ်နင်းသွားကြသည်။ နောင်ဆိုလျှင် သင့်စိတ်နှလုံးကိုနင်းသွားကြလိမ့်မည်။’ ကိုယ်တော်ရှင်ကို ဆက်ကပ်ပါကထိုသို့ဖြစ်လာမည်မဟုတ်ဟု ကျွန် တော်ယုံကြည်ပါသည်။ ကျွန်တော်တို့တွင် တာဝန်ရှိ၍ ဘုရားသခင်ကလည်းထိုတာဝန်ကို လက်ဝယ်အပ်နှံထားပါသည်။ သင့်ထဲ မှ တရားဟောဆရာကို ပေါ်ထွက်စေပါသည်။ မိခင်တိုင်းသည်လည်းတရားဟော ဆရာများဖြစ်ကြပါသည်။ သူမ၏ ပရိတ် သတ်မှာ ဤကလေးငယ်များပင်ဖြစ်ပါသည်။ ဖခင်များမှာအလုပ်သွားလုပ်နေကြစဉ်အခါ မိခင်များမှာ ဟောပြောသွန်သင်ရန် တာ ဝန်ရှိပါသည်။ သင်တို့နှစ်ဦးစလုံးကိုဘုရားရှင်ကောင်းချီးပေးပါသည်။ ကောင်းသော မိသားစုကလေးပင် ဖြစ်ပါသည်။

8 ၈။ ကောင်းကင်ဘုံရှင်အဖ၊ ကျွန်တော်တို့ မိုက်ကယ်ကလေးကို ကိုယ်တော်ရှင်အား ဆက်ကပ်ကြပါသည်။ သူသည် သား ဦးကလေးဖြစ်ပါသည်။လက်တင်၍ သူ့အားဆက်ကပ်ကြပါသည်။ သူသည် သားဦးကလေးဖြစ် ပါသည်။ လက်တင်၍ သူ့အား ဆက်ကပ်ပူဇော်ကြပါသည်။သူ၏ မိသားစုက ကေလေးငယ်အားလုံးကို ကိုယ်တော်ရှင်အား ဆက်ကပ်ပူဇော်ကြပါသည်။ ကိုယ် တော်ရှင်မပါဘဲဘာမှမပြည့်စုံမှန် သိကြရပါသည်။ ထို့ကြောင့် သူတို့၏ မိသားစုကလေးကို ကိုယ်တော်လက်ဝယ်ဆက် ကပ်အပ်နှံကြပါသည်။ မိုက်ကယ်ကလေးကို အမှုတော်မြတ်အတွက်ကိုယ်တော်ရှင်ကို ဆက်ကပ်ပါသည်။ ပေါလုကလေးကို လည်း လက်တင်ဆုတောင်း၍ ဆက်ကပ်ပါသည်။ ဒီဘိုးရာကလေးအပေါ်သို့လည်းလက်တင်၍ ဆုတောင်းဆက်ကပ်ပါသည်။ ဆက်ကပ်ဆုတောင်းလျက် သခင်ယေရှုကို ပြန်လည်အောက်မေ့သတိရစေခြင်းအလို့ငှာ ကလေးသူငယ်အပေါ်လက်တင်လျက်အပ်နှံပါသည်။ ဤကလေးမငယ်၏ အသက်တာအားဖြင့် ဘုရားသခင်၏ နိုင်ငံတော်တွင် ကောင်းချီးဖြစ်ပါစေ။ဖခင်နှင့်မိခင်လည်း ကောင်းကြီးခံစားရလျက် အသက်ရှည်ပြီး ဘုရားရှင်၏ အမှုတော်မြတ်၌ သူတို့၏သားသမီးများကြီးထွားလာသည်ကို မြင်ကြ ရပါစေ။ သခင်ယေရှုနာမတော်မြတ်၌ ဆုတောင်းဆက်ကပ်ပါသည်ဘုရား။ အာမင်။ကောင်းချီးပေးပါသည် ကောင်းမြတ်သော မိသားစုကလေးဖြစ်ပါစေ။

9 ၉။ နောက်တယောက်မှာမိန်းကလေးဖြစ်ပါသည်။ Jonnan Blair အမည်ရှိပြီး အရုပ်ကဲ့သို့ လှပသောမိန်းကလေးဖြစ်ပါ သည်။ ချစ်စရာကောင်းပါသည်။ ခေါင်းငုံ့၍ ဆုတောင်းကြပါစို့။ ကောင်းကင်ဘုံရှင်အဖ၊Blair မိသားစု၏ သမီးကလေး Jonna ကို ကိုယ်တော်အားဆက်ကပ်ပါသည်။ ဤခေတ်ကာလမှာ ဆိုးယုတ်ပြီး စာတန်သည် လူတိုင်းကို ဖျက်ဆီးလိုပါသည်။အထူးသဖြင့် ဤကဲ့သို့သော မိန်းကလေးမျိုးကို ဖျက်ဆီးလိုပါသည်။ သူမကပြုစုပျိုးထောင်ရန်သူတို့နှင့်မလုံလောက်ကြောင်း သူတို့သိကြပါ သည်။ ကိုယ်တော်ရှင်၏ လက်ဝယ်အပ်နှံ၍ ကြီးပြင်းလာစေလိုပါသည်။ဤမိန်းကလေးသည် အစေခံကျွန်အဖြစ် ဆက်ကပ်၍ ကြီးပြင်းလာစေလိုပါသည်။ သူ့အပေါ်လက်တင်၍ ယေရှုနာမ၌နိုင်ငံတော်အတွက် ဆက်ကပ်လိုပါသည်။ ဘုန်းတော်ထင်ရှားပါ စေသော။ အာမင်။ Brother Blari ကောင်းချီးရပါစေ။ ကိုယ်တော်ရှင်သင်နှင့်အတူရှိပါစေ။

10 ၁၀။ ကောင်းသောနံနက်ခင်းပါဆရာ၊[ဖခင်ဖြစ်သူကလဲ ‘ကောင်းသောနံနက်ခင်းပါ’ ဟုပြန်၍ နှုတ်ဆက်သည်။] ဒီလူက လေးက သိပ်တော်တာဘဲ။ မင်းနေကောင်းရဲ့လား? နာမည်ဘယ်လိုခေါ်သလဲ?ဒယ်နီယမ်တဲ့လား၊ အဖေနာမည်ကဘယ်လိုခေါ် သလဲ? ဟာဒင်ပါ။ ဒါဆိုရင် ဒယ်နီယမ်ဖခင် ဟာဒင်ကို ခေါ်လာပေးပါ။ သူတို့ဒီအခန်းအနား ပတ်ဝန်းကျင်ကဘဲလား BrotherHarden? [Brother Harden က Melkerk မြို့ကပာ ဖြေပါသည်။] ခင်ဗျားကဘယ်မြို့ကလာတာလဲ? [ကျွန်တော်ကတော့ နယူး ယောက်ဇာတိပါ။]မြို့ကြီးပြကြီးဘဲ။ ကျွန်တော်အမျိုးတွေ အဲဒီမှာနေကြပါတယ်။ ကျွန်တော်ဦးလေးက Platts burgh မှာနေ တယ်။ နယူးယောက်မှာ ပျော်စရာသိပ်ကောင်းပါတယ်။နောက်တခေါက်စည်းဝေးလုပ်တဲ့အခါမှာ ကျွန်တော်တို့နယူးယောက်ကို သွားကြမယ်။ အဲဒီနေရာမှာအသင်းတော်ရှိပါတယ်။ ဒီကလေးငယ်ရဲ့နာမည် Markလို့ခေါ်တယ်မဟုတ်လား? [ဖခင်ဖြစ်သူက DanielMark ဟုပြောသည်။]Daniel Mark မှာ လူတော်ကလေးတစ်ဦး ဖြစ်ပါသည်။ကျွန်တော်တို့ ခေါင်းငုံ့ဆုတောင်းကြပါစို့။ သခင်ယေရှုဘုရား၊ Daniel Mark ကလေး၏ အသက်တာကို ဆက်ကပ်ရန် ကိုယ်တော်ရှင်ထံသို့ကျွန ်ပ်တို့ဆောင်ယူခဲ့ ပါသည်။ ဖခင်နှင့် မိခင်တို့၏ လက်တော်ထဲသို့ အပ်နှံ၍ ဘုရားသခင်၏သွန်သင်ဆုံးမမှုဖြင့် ဤကလေးငယ်ကို ကြီးထွားလာစေ ရန် အပ်နံ ှပါသည်။ သူတို့နှင့်မလုံလောက်သေဘဲကိုယ်တော်ရှင်ထံသို့ခေါ်ဆောင်လာ၍ ကလေးငယ်အား ကိုယ်တော် ကောင်း ကြီးပေးတော်မူပါ။ ကျွန်တော်တို့အသက်ရှင်နေထိုင်ရသော ခေတ်ကာလကြီးမှာ ဆိုးယုတ်သောကာလဖြစ်ပါသည်။ မနက်ဖြန် ဘာဖြစ်မည်ကိုကျွန်တော်တို့မသိကြပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်တော်၏ လက်တော်ထဲသို့ အပ်နံ ှပါသည်။ ဤကလေး ငယ်၏အပေါ် သို့ လက်တင်၍ ကိုယ်တော်ရှင်၏ လက်တော်ထဲသို့ အသက်တာကို ဆက်ကပ်အပ်နှံပါသည်။ ယေရှုနာမ၌ဆုတောင်းပါ သည်။ အာမင်။ ဘုရားသခင်ကောင်းချီးပေးပါစေ။ ကလေးငယ်မှာ လိမ္မာပါသည်။ ကောင်းချီးပေးပါသည်။အပြစ်လွှင်ပြင်ထဲက သူတို့ကို ခေါ်သွင်းခဲ့ပါ။ ယေရှုအတွက်ကလေးငယ်များကို ခေါ်သွင်းခဲ့ပါသည်။အလွန်ကောင်းမြတ်တော်မူပါသည်။ ကျေးဇူးတင်ပါသည်။

11 ၁၁။ ပြီးခဲ့သောတနင်္ဂနွေနေ့က သင်တို့ဘယ်နှစ်ယောက် ရှိပါသနည်း?မည်သို့အဖြေရပြီး မည်သူတို့အနာရောဂါငြိမ်းပါသ နည်း? ဆုတောင်းခံသူများ ှ လက်ထောင်ပါ။လူတိုင်းလိုလိုပင် လကထောင်ကြပါသည်။ ဟာလေလုယာ၊ ဘုရားသခင်၏ ဂုဏ် တော်ကို ချီးမွမ်းပါသည်။ တပတ်လုံးလုံးကြားနားခဲ့ရပါပြီ။ တစုံတခုဖြစ်ပေါ်နေပါပြီ။ နောက်ပိုင်းတွင် ကျွန်တော်ပြောပြပါမည်။ဘုန်းထင်ရှားစေပြီး။ နှစ်သက်ဖွယ်ရာကောင်းပါသည်။ နောက်စည်းဝေးတွင် ကျွန်တော်တို့ ထိုအကြောင်းကိုပြောပါမည်။တချိန် တခါတွင် ပြောပြပါမည်။ နေရာယူရန်စတင်နေခြင်း ဖြစ်ပါသည်။ ထိုအတွက်ကြောင့် ကျွန်တော်တို့အလွန်ပင် ကျေးဇူးတင်ပါ သည်။

12 ၁၂။ နှစ်စဉ်ကျွန်တော်ပြုလုပ်နေကျဖြစ်သကဲ့သို့ ကင်တာကီသို့ ကျွန်တော်ရောက်လာပါပြီး။ မိတ်ဆွေများနှင့်အတူရှိနေပါ သည်။ ရှဉ်းဖမ်းရန်အပျော်ခရီးထွက်ခြင်း သက်သက်မဟုတ်ပါ။ ကျွန်တော်တို့မှာအလွန်ဘုန်းထင်ရှားစေသောအချိန်သို့ ရောက်ရှိ နေပြီ ဖြစ်၍ကိုယ်တော်ရှင်ကိုလည်း ကျေးဇူးတင်ပါသည်။

13 ၁၃။ ကျွန်တော်ယခုသွားရပါတော့မည်။ ဤအစည်းဝေးပြီးလျှင် အိမ်ပြန်ရပါမည်။ နယူးယောက်တွင် စည်းဝေးပြီးနောက်ပြန်လာသောအခါ ပြန်လာပါဦးမည်။ တခါပြန်လည်၍ အခွင့်အရေးရပါက တဲတော်တွင်ပြန်ပြီး၊ နောက်ထပ်စည်းဝေတစ်ခုပြုလုပ် ပါဦးမည်။ ၎င်းနောက်ပြန်လာပြီး Shreveport သို့သွားရပါမည်။ ၎င်းနောက် အိမ်ပြန်ပြီးအားလပ်ရက်များတွင် ပြန်လာရန် ရည် ရွယ်ထားပါသည်။ဘုရားသခင်အလိုတော်နှင့် ညီပါက မိသားစုကိုပြန်ခေါ်လာပါဦးမည်။ ၎င်းနောက် ဖနိဝါရီလအတွင်းphoenix တွင် စည်းဝေးသွားတက်ရပါမည်။ ခရစ်ယာန်စီးပွားရေးသမားများအတွက်နှစ်စဉ် ညီလာခံသွားရပါမည်။ နောက်ထပ်တပတ်(သို့) ဆယ်ရက်အတွင်း ယေရှုနာမတော်မြတ်၌ Brother Jarcia နှင့် စပိန်ညီအစ်ကို တစ်ဦးတည်းဆောက်သောနေရာအကျယ်ကြီးကို ငှားရန်ရည်ရွယ်ထားပါသည်။ သူတို့ဆောက်လုပ်ပြီးခါစဖြစ်၍ လူထောင်ပေါင်းများစွာခန့်ပါသည်။အသစ်သောအဆောက်ဦးဖြစ်၍ သူတို့ အသင်းသားများမှာ အနည်းငယ်ခန့်ရှိပါသည်။ အချိန်မရွေး ကျွန်တော်ငှားရမ်းအသုံးပြုနိုင်ကြောင်းသူတို့ကပြောပါသည်။ ကျွန်တော်ငှားလိုပါသည်။ ဘုရားကျောင်း တစ်ကျောင်းပြီးတစ်ကျောင်းပြောင်းရွှေ့သွားလာမည့်အစားနေရာကျယ်ကြီး တခု တည်းတွင် အားလုံးတပြိုင်တည်းစုဝေးပါက ပို၍ကောင်းမွန်မည် ဖြစ်ကြောင်းကျွန်တော်ထင်မြင်ယူဆမိပါသည်။

14 ၁၄။ ကျွန်တော်တို့ဖိမ္မာန်တော် ငှားနိုင်ပါသည်။ ငှားနိုင်ခြင်းရှိမရှိ သွားရောက် စုံစမ်းပြီး ခရစ်တော်စီးပွားရေးသမားများညီလာ ခံကို ကျင်းပပြုလုပ်နိုင်ပါမည်။ ပင်လယ်ရေခြားဒေသများနှင့် ဆက်ဆံရေး ပြေပြစ်သွားသောအချိန်တောင်ပိုင်းတွင် ညီလာခံ များပြုလုပ်နိုင်ပါမည်။ ဖနိဝါရီ၊ ဖေဖေါ်ဝါရီနှင့် မတ်လတွင်တောင်ပိုင်းဒေတလျှောက်လုံးညီလာခံပြုလုပ်နိုင်ပါမည်။ ၎င်းနောက် အာဖရိကသို့သွားပါမည်။ ခရစ်စမတ်အချိန်မှာသူတို့အတွက် ဇူလိုင်လလေးရက်နေ့တွင်ဖြစ်ပါမည်။ မိုးရွာ၍ ရာသီဥတုဆိုး ဝါးပါ သည်။ ထိုအချိန်တွင်မသွားနိုင်ပါ။ နောက်ပိုင်းတွင် သွားပါက အကောင်းဆုံးအချိန်ဖြစ်ပါသည်။ နော်ဝေးတွင် တဖန်စတင်နိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ အတွက်ဆုတောင်းပေးပါ။ သင်တို့ကို ကျွန်တော်တို့ ချစ်ပါသည်။သင်တို့လည်းသိပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှာ နောက်ဖြစ်လာမည့် ကြီးမားသောအရာများအတွက်မြော်လင့်ရပါသည်။ ကိုယ်တော်ရှင်ကိုယ်တော် တိုင်လည်း ပြုလုပ်နိုင်ပါသည်။

15 ၁၅။ ယနေ့ညကြီးမားလှသောအနာရောဂါငြိမ်းစေမည့် ဝတ်ပြုကိုးကွယ်မှုရှိပါမည်။ ပွဲတော်မင်္ဂလာလည်း ရှိပါမည်။ နောက်ထပ်မိနစ်နှစ်ဆယ်၊ သုံးဆယ်ခန့်ကြာသောအခါ ဆုတောင်းခြင်းရှိပါမည်။ ဆုတောင်းပြီးနောက် ချက်ချင်းပွဲတော်မင်္ဂလာရှိပါမည်။ ကျွန်တော်တို့နှင့်အတူလည်း သင်တို့လာရောက်နေထိုင်ရန် ဖိတ်ခေါ်ပါသည်။ ကျွန်တော်တို့ဝမ်းသာပါမည်။ ကန့်သတ်ချက်ရှိ သော ပွဲတော်မင်္ဂလာမျိုး မဟုတ်ပါ။ ယုံကြည်သူတိုင်းပါနိုင်သောပွဲတော်မင်္ဂလာဖြစ်ပါသည်။ သမ္မာကျမ်းစာကို မဖတ်မီ ခေတ္တ ခေါင်းငုံ့ဆုတောင်းကြပါစို့။ Brother Lee Vayleက ကျွန်တော်တို့အား ဆုတောင်းခြင်းအတွက်ဦးဆောင်မည်ဖြစ်ပါသည်။ သူ၏ နှုတ်ကပတ်တော်ကို ဘုရားရှင်ကောင်းကြီးပေးပါမည့် အကြောင်းဆုတောင်းပါ။Brother Lee Vayle ယခုအချိန်တွင် ဆုတောင်း ပါသည်။ အာမင်ဆိုပြီးနောက် ကိုယ်တော်ရှင်အဖြေချပေးတော်မူပါ။အာမင်။

16 ၁၆။ ယခုအခါစိတ်နှလုံးပါလျက် လေးစားစွာဖြင့် နှုတ်ကပတ်တော်ကို လေ့လာပါမည်။ ထွက်မြောက်ရာကျမ်း(၁၂း၁၂၊၁၃) ကိုဖတ်ပါ။ သေချာစွာနားထောင်ပါ။ ယနေ့ညပွဲတော်မဝင်မီ ထွက်မြောက်ရာ အခန်းကြီး(၁၂) ကို ဖတ်ပါ။ အခန်းငယ် (၁၁၊ ၁၂) တို့ကိုလည်း သေချာစွာဖတ်ပါ။

အကြောင်းမူကား၊ ယနေ့ည၌တွင် အဲဂုတ္တုပြည်ကို ငါသည်ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော လူတို့၏ သားဦး များနှင့် တိရိစ္ဆာန်တို့၏ သားဦးများအပေါင်းတို့ကို ဒဏ်ခတ်၍ အဲဂုတ္တုပြည် ဘုရားတို့ကို တရားစီရင်မည်။ ငါသည် ထာဝရ ဘုရားဖြစ်၏။သိုးသူငယ်၏ အသွးသည် သင်တို့နေရာ အိမ်၌ သင်တို့၏ လက္ခဏာသက်သေဖြစ်၍၊ ထိုအသွေးကိုငါမြင်သောအခါ၊ သင်တို့ကို ငါလွန်သွားမည်။ ထိုသို့အဲဂုတ္တုပြည်ကို ငါသည်ဒဏ်ခတ်သောအခါ၊ ဖျက်ဆီးခြင်းဘေးဥပဒ်သည်သင်တို့ကို မ သင့်ရောက်ရ။ သူ၏ သန့်ရှင်းသော နှုတ်ကပတ်တော်ကို ဘုရားသခင်ကောင်းချီးပေးပါစေ။

17 ၁၇။ အက္ခရာငါးလုံးပါသောစကားလုံးတစ်လုံးကို ကျွန်တော်ထုပ်ယူလိုပါသည်။ Token;Token ဟူ၍ ဖြစ်ပါသည်။Token ဆိုသောစကားလုံးက လေးနှင့် ပတ်သတ်၍ ကျွန်တော်ပြောလိုပါသည်။သင်ခန်းစာ အဖြစ်နှင့်လည်း သွန်သင်ပေးလိုပါသည်။ သမ္မာကျမ်းစာဆိုထားသည့် အတိုင်း ‘သိုးသူငယ်၏ အသွေးသည် သင်တို့နေရာအိမ်၌ သင်တို့၏ လက္ခဏာသက်သေဖြစ်၍’ ဟုဆိုထားပါသည်။ ကျွန်တော်တို့သည် လက္ခဏာသက်သေ Token ဟူသော စကားလုံးကို အသုံးပြုလိုပါသည်။

18 ၁၈။ ယခုအခါကျွန်တော်တို့ မသိကြတော့ပါ။ ကျွန်တော်နာရီကြည့်သောအခါအချိန်ရတိုင်းကျမ်းများစွာတို့ရေးသားထား သည်ကို တွေ့ရပါသည်။ ကျွန်တော်သည် သင်နှင့် အတူခဏအကြာသာရှိမည်မဟုတ်ကြောင်းသိရသောအခါ ဤကျမ်းချက်ကို လေးစားစွာဖြင့် ဆက်လက်၍လေ့လာကြပါ။ ခက်ခဲကြောင်း သိရပါသည်။ ယနေ့မနက်လည်း ကိုယ်တော်ရှင်က ဝတ်ပြုစည်းဝေး ပွဲကောင်းတစ်ခုကျွန်တော်အား ပေးထားနှင့်ပြီးဖြစ်သည်။ ကိုယ်တော်ရှင်က သင်တို့အား သိစေလိုသောအကြောင်းအရာတစုံ တခုရှိပါက သင့်အား ပေးမည်။

19 ၁၉။ ကျွန်တော်တို့ဤနေရာကိုလာရခြင်း လူမြင်ခံရစေရန်လာကြခြင်းမဟုတ်ပါ။ ကျွန်တော်တို့၏ အဝတ်အစားများကိုအများ မြင်စေရန် ပြသလို၍လာကြခြင်း မဟုတ်ပါ။ အကြောင်းအရာတစ်ခုကြောင့် လာရခြင်းဖြစ်ပါသည်။ထိုအကြောင်းအရာမှာ ကျွန်တော်တို့ညီအစ်ကိုတစ်ဦး ဆုတောင်းသကဲ့သို့အကြောင်းအရာတစ်ခုကြောင့်သာဖြစ်ပါသည်။ ‘နှုတ်ကပတ်တော်ကိုကြား နာရန်ဖြစ်ပြီး နှုတ်ကပတ်တော်မှာ ကျွန်တော်တို့ထံလာမည်ဖြစ်ပါသည်။ ထိုအရာတခုတည်းကိုသာ ကျွန်တော်တို့အလိုရှိပါ သည်။ ကျွန်တော်တို့အတွက် အဓိပ္ပာယ်ရှိပြီး အထောက်အကူပြုမည့်အရာသာ ဖြစ်ပါသည်။

20 ၂၀။ ကျွန်တော်တို့မှာသေရမည့်သူများသာဖြစ်ကြပါသည်။ လူသားအားလုံးမှာ ထာဝရအတွက် ဦးတည်နေသည့် လမ်းအ တွက် ဦးတည်နေသူများဖြစ်ကြပါသည်။ကျွန်တော်တို့ဦးတည်နေသည့် အတွက်ဆုံးဖြတ်ချက်ချ၍ အချိန်ယူရကြပါသည်။ ကျွန်တော်တို့သွားရမည့်လမ်းမှာကျွန်တော်တို့ရှေ့တွင်ရှိနေပါသည်။ ကျွန်တော်တို့ရွေးချယ်ခဲ့ခြင်းဖြစ်၍ ကျွန်တော်တို့ကိုလည်းထိုနည်းအတိုင်းထားခဲ့ခြင်း ဖြစ်ပါသည်။

21 ၂၁။ ကျွန်တော်တို့ဘာလုပ်လုပ်၊ဘဝတွင်မည်မျှပင်အောင်မြင်မှုရှိပါစေ၊ ခရစ်တော်မပါဘဲနှင့် ကျွန်တော်တို့မှာ အရာခပ်သိမ်းကို ဆုံးရှုံးရမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကို လက်မခံခြင်းက အမိုက်မဲရာကျဆုံးပင် ဖြစ်ရပေမည်။လက်မခံရုံသာမက ထိုထက် မကကြီးမားသောအရာသို့ပင် သင်ရောက်ရှိလာပေမည်။ သင်လက်ခံရရှိပြီးနောက်အသုံးပြုရမည်ဖြစ်ပါသည်။ ဆရာဝန်ထံ သို့သွားဆေးရရှိပါကဆေးကို မသုံးမပြုဘဲ စင်ပေါ်တင်ထားရန်မဟုတ်ပါ။ဆောက်လုပ်ရန်အတွက်ဖြစ်ပါသည်။ သောက်ရန်လို အပ်ပါသည်။ သင့်ထဲတွင်ရောဂါရှိပါက ထိုရောဂါကုသရန်အတွက်ဖြစ်ပါသည်။သူပေးသောဆေးကိုသုံး၍ ထိုဆေးနည်းအတိုင်း များစွာ အပြောင်းအလဲဖြစ်ပေါ်လာပေမည်။ သင်၏ ဆုံးဖြတ်ချက်တစ်ခုကြောင့်သင်၏ထာဝရကာလကို ဆုံးဖြတ်မည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကပေးသောအခါ သင်ယူပါ။ လက္ခဏာသက်သေ 'သိုးသူငယ်၏အသွေး... လက္ခဏာသက်သေဖြစ်သည်။' ဟုဆို ထားပါသည်။

22 ၂၂။ ယခုအခါတွင်မည်သည့်အရာသည် ပထမဖြစ်ပါသနည်း? လက္ခဏာသက်သေ Token ဖြစ်ပါသလား?ဤစကားလုံးများ ကို များသောအားဖြင့်အင်္ဂလိပ်စကားပြောသူများသာ အသုံးပြုကြပါသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတွင် အပြောများကြပါသည်။ အဘိဓာန်ကျမ်းတွင် Token ဆိုသည်မှာ အမှတ်အသားဖြစ်၍ အဖိုးအခ၊ကျသင့်သည့် စရိတ်စကကို ပေးပြီးဖြစ် သည့် သဘောဖြစ်ပါသည်။ ရထားလက်မှတ်(သို့မဟုတ်) ဘက်(စ်)ကားခကဲ့သို့ဖြစ်ပါသည်။သင်လက်မှတ်ဝယ်ထားပါက ထို လက်မှတ်မှာ ရထားကုမ္ပဏီအတွက်ဖြစ်၍ လက်မှတ်ခကို သင်ပေးဆောင်ပြီးဖြစ်ကြောင်းသဘောရပါသည်။ လက္ခဏာသက်သေ ဖြစ်၍ အခြားအတွက် အသုံးမပြုရပါ။ ပေးဆပ်ထားသော လမ်းကြောင်းအတွက်သာဖြစ်ပါသည်။ လက္ခဏာသက်သေ Token ပင်ဖြစ်ပါသည်။

23 ၂၃။ ဘုရားသခင်ကဣသရေလလူမျိုးများအား ပြောဆိုနေသော စကားမှာ 'သိုးသူငယ်၏ အသွေးသည်....လက္ခဏာ သက် သေဖြစ်ပါသည်။' ဟုဆိုထားပါသည်။ ဣသရေလ၏ သိုးသူငယ်မှာ အသေသတ်ခြင်းခံရ၍ ယေဟောဝါဘုရားသခင်၏လိုအပ်သော လက္ခဏာသက်သေဖြစ်ပါသည်။ သွေးဖြစ်ရပါမည်။ ဘုရားသခင်က လက္ခဏာသက်သေပြု၍ ဣသရေလကိုပေး အပ်ပါသည်။ မည်သည့်လက္ခဏာသက်သေမှ အလုပ်မဖြစ်ဘဲ အသိအမှတ်ပြုခံရမည်လည်း မဟုတ်ပါ။

24 ၂၄။ လောကသားများအတွက်မှာမူ မိုက်မဲခြင်းသက်သက်သာ ဖြစ်ပါသည်။ ဘုရားသခင်အတွက်မှာမူ တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။လက္ခဏာမှာ အဖိုးအခပေးပြီးမှသာ ရနိုင်ပါသည်။ အခမဲ့ကျော်ဖြတ်သွားခွင့်ရစေရန်မှာ လက္ခဏာသက်သေရမှသာ ဖြစ်နိုင်ပါသည်။ 'ထိုအသွေးကို ငါမြင်သောအခါ၊ သင်တို့ကိုငါလွန်သွားမည်။' ဟုဆိုထားပါသည်။ သူမှတ်မိနိုင်ရန်တခုတည်းသော နည်းလမ်းပင်ဖြစ်ပါသည်။ သင့်ကိုယ်ထဲမှာ ကျော်ဖြတ်ခွင့်ရပြီးသားဖြစ်သည်ကိုသိရသည်မှာ မည်မျှကောင်း မွန်သော အခွင့်အရေးဖြစ်ပါသနည်း? မည်သည့်နေရာမှ သူ့နေရာကိုအစားမထိုးနိုင်ပါ။ အစားထိုးစရာမရှိပါ။ဂိုဏ်းဂဏလည်းဘား မှမရှိပါ။ ၎င်းတခုတည်းကိုသာ ကိုယ်တော်ရှင်မြင်သည်ဟု ဆိုထားပါသည်။ သူတို့သည်မည်မျှပင်ဖြောင့်မတ်ပါစေ။ကောင်းပါစေ။ ပညာတတ်ပါစေ။ ကောင်းမွန်စွာဝတ်ဆင်နိုင်ပါစေ။ လက္ခဏာ သက်သေ Token မှာ အဓိကပင်ဖြစ်ပါသည်။ ' ထိုအသွေး ကိုငါမြင်သောအခါ သင်တို့ကို သင်တို့ကို ငါလွန်သွားမည်။' ထိုအသွေးတော်မှာ Token ဖြစ်၍ ယေဟောဝါ ဘုရားသခင် အလိုတော်ရှိသောအရာကို ရရှိကြောင်း လက္ခဏာသက်သေပင် ဖြစ်ပါသည်။ အသွေးတော်မှာ လက္ခဏာသက်သေအဖြစ်ရပ်တည် ပါသည်။ သွေးသည် လက္ခဏာသက်သေပင် ဖြစ်ပါသည်။

25 ၂၅။ ဘုရားသခင်က 'ထိုအသီးကိုစားသောနေ့တွင် ဧကန်အမှန်သေရလိမ့်မည်။' ဟုဆိုထားပါသည်။ ယုံကြည်သူအတွက် အစားထိုအသက်တာမျိုးကို ရရှိစေပါသည်။ယုံကြည်သူအတွက် အစားထိုးအသက်တာမျိုးကို ရရှိစေပါသည်။ အပြစ်ကြောင့်ညစ် ညူးသွားသောလူ၏အသက်တာကို အစားထိုးလက်ခံရန် ဘုရားသခင်က ဂရုဏာတော်အားဖြင့် ပြုလုပ်တော်မူပါသည်။ သူ၏သားသမီးများသည်မိမိကိုယ်ကို အပြစ်ဖြင့်ညစ်ညူးသွားစေပါက နှုတ်ကပတ်တော်ကို မယုံကြည်ပါက ဘုရားသခင်က ဂရုဏာတော် ကြွယ်ဝစွာဖြင့် အစားထိုးဆောင်ရွက်ပေးပါသည်။ တစုံတဦးက အစားထိုးအသေခံရခြင်းပင်ဖြစ်ပါသည်။ တခြားဘာ နည်းနှင့်မျှ မဖြစ်နိုင်ပါ။

26 ၂၆။ ထို့ကြောင့်ကာဣန၏ ပန်သီးများသစ်ဥသစ်ဖုများက ဘားမှပူဇော်၍ မရခြင်းပင်ဖြစ်ပါသည်။ အသွေးပါရှိသော အသက်ဖြစ်ရပါမည်။ ယဇ်ကောင်မှအသက်ထွက်သွားသောအခါ အသွေးတော်မှာ လက္ခဏာသက်သေဖြစ်ပြီး ဘုရားသခင်၏အလိုတော် နှင့်အညီ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ဘုရားသခင်ဘာကို လိုအပ်ပါသနည်း? အသက်ကိုလိုပါသည်။ အသက်ထွက်သွားပြီ ဖြစ်ကြောင်း အသွေးကပြသပါသည်။ အသက်ပေးလိုက်ပြီးဖြစ်ကြောင်း အသွေးက သက်သေဖြစ်ပါသည်။ တစုံတဦးသေသွားပြီး ဖြစ်ကြောင်းသိရပါသည်။ဘုရားသခင်လိုအပ်သော အသက်ပေးရခြင်း၏ အကြောင်းအရင်းမှာ အသွေးသွန်လောင်းခြင်းပင် ဖြစ်ပါသည်။ဘုရားသခင်မိန့်တော်မူသော အသက်ပေးရမည့် တိရိစ္ဆာန်မျိုးမှာ အသွေးအဖြစ် ရပ်တည်ရပေမည်။

27 ၂၇။ ယုံကြည်သူတစ်ဦးသည်မိမိ၏ပူဇော်ခြင်းနှင့် အမှတ်အသားသက်သေပြရပါသည်။ ယုံကြည်သူမှာ မိမိ၏ပူဇော်ဆက်သမှု ဖြင့်သက်သေပြုရမည်ဖြစ်ပါသည်။ ပူဇော်ခြင်းသက်သက်ဖြစ်၍ တနေရာတွင်လုပ်ပါက သူကပေးအပ်ရပါမည်။၎င်းပူဇော်ခြင်း တွင်လည်း ကိုယ်တော်ရှင်ပါဝင်ရပါမည်။ သူ၌လက်တင်ပြီးသားဖြစ်ရပါမည်။ ပူဇော်သက္ကာနှင့်မိမိကိုယ်ကို ထပ်တူထပ်မျှပြုလုပ် ရပါမည်။ ၎င်းနောက် အသွေးကို သူရပ်နိုင်သော နေရာပေါ်တွင်တင်ထားရပါမည်။ အသွေးမှာ သူ့အပေါ်တွင်ရှိရပါမည်။ မိမိကိုယ် ကို လက္ခဏာပြုသော သက်သေဖြစ်ပါမည်။မိမိ၌ အပြစ်ရှိကြောင်းနှင့် ထိုအရာတွင် အစားထိုးခြင်းဖြစ်ပြီး အပြစ်မရှိကြောင်းနှင့်ထိုအရာတွင် အစားထိုခြင်းဖြစ်ပြီး အပြစ်မရှိကြောင်းသက်သေဖြစ်ပါသည်။

28 ၂၈။ ကယ်တင်ခြင်းရသူအတွက်ဖြောင့်မတ်ခြင်းကို တွေ့ရှိရ၍ ဘုရားသခင်၏လိုအပ်ချက်ဖြစ်သော သန့်ရှင်းသော ဖြောင့်မတ်ခြင်းတရားကိုရရှိပါသည်။ သင်၏ အသက်တာကိုလိုအပ်ကြောင်း ဘုရားသခင်ကပြောပါသည်။ အပြစ်ပြုလုပ်ပါက အသက်လိုအပ်ပါသည်။ အပြစ်ကင်းစင်သော အစားထိုမှု လိုအပ်ပါသည်။ သွေးရှိသော သတ္တဝါလိုအပ်ပါသည်။ ပန်းသီး၊ သစ်တော်သီး၊စသည်တို့မဟုတ်ပါ။ မြွေ၏မျိုးစေ့ကို လူတိုင်းအတွက် အတိအကျပြုလုပ်ရန် သိရှိရန်လိုအပ်ပါသည်။သွေးဖြစ်ရပါမည်။ ဤသွေး သည် သစ်သီးမှ ထွက်ပေါ်လာနိုင်ခြင်း မရှိပါ။ အပြစ်ကင်းစင်သောအစားထိုးမှုမှသာ ထွက်လာနိုင်မည် ဖြစ်ပါသည်။ အသက် ထွက်သွားရ ပါမည်။ သူ၏ ကိုယ်စားသတ္တဝါမှာအသေခံရပြီး သွေးသည် အသွင်လက္ခဏာဖြစ်ပါသည်။ သွေးထွက်သွားပြီး ဖြစ်ပါ သည်။

29 ၂၉။ ဝတ်ပြုကိုးကွယ်သူသည်မိမိ၏ကိုယ်ပေါ်သို့ သွေးကို သုတ်လိမ်းပြီး ကယ်တင်ခြင်းတွင် သူ့ကိုအမှတ်အသားပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ မိမိကိုယ်ကို ယဇ်ကောင်အဖြစ် အမှတ်အသားပြုလုပ်ရပါမည်။ ယဇ်ကောင်နှင့်မိမိကိုယ်ကို ဆက်စပ်ထားပြီး လက္ခဏာသက်သေအဖြစ် အသွေးကရပ်တည်ရပါသည်။ မည်မျှနှစ်သက်ဖွယ်ကောင်းပါသနည်း၊ခရစ်တော်၏ တုနှိုင်းမရနိုင် လောက်အောင်ကောင်းသောပုံသဏ္ဍာန်အတိအကျပင် ဖြစ်ပါသည်။ ယုံကြည်သူမှာအသွေးတော်အောက်တွင် ရပ်တည်လျက် ရှိပါသည်။ ယဇ်ကောင်နှင့် အမှတ်အသားပြုခြင်းပင် ဖြစ်ပါသည်။အပြစ်ကင်းစင်နိုင်သလောက်ကင်းစင်ပြီး ခရစ်တော်မှာလည်း တိရိစ္ဆာန်မဟုတ်သဖြင့် မည်သို့ဖြစ်နိုင်ပါမည်နည်း၊တိရိစ္ဆာန်မှာ အသေခံရမည်ဖြစ်ပါသည်။ အပြစ်အကင်းဆုံး ကျွန်ုပ်တို့ တွင်ရှိ သောသတ္တဝါမှာသိုးသူငယ်ပင်ဖြစ်ပါသည်။ ဘုရားသခင်က သခင်ယေရှုကို အမှတ်အသားပြုဖော်ပြလိုသော အခါ မိမိကိုယ်ကိုသိုးသူငယ်အဖြစ် ဖော်ပြလေ့ရှိပါသည်။ မိမိကိုယ်ကို ဖော်ပြလိုသောအခါ ချိုးငှက်ကဲ့သို့ဖော်ပြလေ့ရှိပါသည်။ မငှက်တို့အထဲတွင် အပြစ်အကင်းစင်ဆုံးနှင့် အသန့်ရှင်းဆုံးဖြစ်ပါသည်။

30 ၃၀။ သခင်ယေရှုကိုဗတ္တိဇံပေးခဲ့ခြင်းဖြစ်ခဲ့ပြီး ‘ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့အသွင်သဏ္ဍာန်ဖြင့် ကိုယ် တော်ရှင်အပေါ်ဆင်းသက်သည်ကို တွေ့ရပါသည်။’ ဝံပုလွေ (သို့) အခြားသောတိရစ္ဆာန်တစ်ကောင်ဖြစ်ပါက ချိုးငှက်၏သဘာဝ နှင့် ဝံပုလွေ၏သဘောကို ရောထွေး၍မရနိုင်ပါ။ ချိုးငှက်၏ သဘာဝမှာမည်သည့် တိရိစ္ဆာန်နှင့်မျှရောယှက်၍မရပါ။ သိုး သူငယ်နှင့်သာ ရောယှက်၍ ရပါသည်။ ထိုသဘာသနှစ်မျိုးအတူတကွရောယှက်လာသောအခါမှသာသူတို့တစ်ဦးနှင့် တစ်ဦး သဘောတူညီမှုရရှိမည် ဖြစ်ပါသည်။

31 ၃၁။ ကြိုတင်ခွဲခန့်မှတ်သားခြင်းကိုသင်တွေ့ရပါပြီလား ? ထိုနေရာသို့ရောက်လာသောအခါ သိုးသူငယ်ဖြစ်လာပါသည်။ယူ ဆောင်လာသောအခါ သိုးသူငယ်ဖြစ်လာပါသည်။ သိုးသူငယ်ဖြစ်၍ မွေးဖွားစဉ်က သိုးသူငယ်ပင်ဖြစ်ပါသည်။ ကြီးပြင်းလာသော အခါတွင်လည်း သိုးသူငယ်ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို လက်ခံနိုင်သော၊ခရစ်တော်ကို လက်ခံနိုင်သော စစ်မှန်သော ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ကျန်သောသူများက ကြိုးစားကြမည်ဖြစ်သည်။ရရှိနိုင်အောင်လည်း ကြိုးစားကြပေမည်။ ဝံပုလွေ ပေါ်သို့ ဘုရားသခင်၏ ဝိညာဉ်တော်ကိုထားရန်ကြိုးစားကြသည်။ ဒေါသထွက်ခြင်း အပြစ်ရှာခြင်း၊ လောဘလွန်ကြူခြင်း စသည် တို့နှင့်ပြည့်ဝနေသဖြင့်ဝိညာဉ်တော်ထွက်ခွာသွားပါမည်။ ဘယ်လိုမှ နေနိုင်မည်မဟုတ်ပါ။

32 ၃၂။ ထိုချိုးငှက်ဆင်းသက်လာသောအခါသိုးသူငယ်မဟုတ်ဘဲ တခြားတိရိစ္ဆာန်ဖြစ် နေပါကဘာဖြစ်မည်နည်း ? လျှင်မြန်စွာ ပျံသန်း၍ ထွက်ခွာသွားပေမည် သူဝင်ရောက်ရောယှက်နိုင်သောသဘောဖြစ်မှန်းသူသိသော အခါသူသည် ဝင်ရောက်ရောယှက် ၍ တလုံးတဝတည်းဖြစ်လာပါသည်။ ၎င်းနောက်ချိုးငှက်ကသိုးသူငယ်ကို လမ်းပြပို့ဆောင်ပါသည်။ အသေသတ်ခြင်းခံရန် ပို့ဆောင်ခြင်းဖြစ်ပါသည်။ သိုးသူငယ်မှာချိုးငှက်ကို နာခံမှုရှိပါသည်။ ဘယ်နေရာသို့ပို့ဆောင်ခြင်းဖြစ်ပါသည်။ သိုးသူငယ်မှာ ချိုးငှက်ကိုနာခံမှုရှိပါသည်။ ဘယ်နေရာသို့ပို့ဆောင်ပါစေ ၎င်းကသွားလိုသောဆန္ဒရှိပါသည်။

33 ၃၃။ ဘုရားသခင်ကကျွန်တော်တို့အား လုံးဝဆက်ကပ်အပ်နှံ၍ ကိုယ်တော်ရှင်ကို စေခံရမည့်အသက်တာကို ပို့ဆောင်ပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်များတခါတရံမှန်ကန်မှု မရှိပါက သိုးသူငယ်များကဲ့သို့ဖြစ်နေပါကမည်သို့ဖြစ်မည်နည်း ? သိုးသည် နာခံ မှုမရှိပါက သိုးသူငယ်များကဲ့သို့ဖြစ်နေပါကမည်သို့ဖြစ်မည်နည်း ? သိုးသည်နာခံမှုရှိသော သတ္တဝါဖြစ်ပါသည်။သိုးသူငယ်သည် မိမိကိုယ်ကို ပူဇော်တက်သောသဘောရှိပါသည်။ မိမိဖါသာလုပ်ချင်ရာလုပ်တက်သည့်သဘောမရှိပါ။ ၎င်းကိုချထား၍ သိုးမွေး ကိုခြစ်ယူနိုင်ပါသည်။ ၎င်းတွင်ရှိနေသော တခုတည်းသောအရာပင်ဖြစ်ပါသည်။၎င်းတွင်ရှိသမျှအရာအားလုံးကို ပေးအပ်သော သ တ္တဝါပင်ဖြစ်ပါသည်။ စစ်မှန်သောခရစ်ယာန်၏နည်းလမ်းပင်ဖြစ်ပါသည်။ မိမိကိုယ်ကိုပူဇော်ခြင်းဖြစ်၍ ဤလောကကြီး အတွက် ဘာကိုမှ ဂရုမစိုက်သူများဖြစ်ကြပါသည်။ သူတို့ထံ၌သမျှကိုးလည်း ဘုရားသခင်အားပေးအပ်သူများ ဖြစ်ကြပါသည်။

34 ၃၄။ အပြစ်ကင်းစင်သောသိုးငယ်ဖြစ်သည့် ခရစ်တော်ပင်ဖြစ်ပါသည်။ ဤသိုးသူငယ်၏အသွေးကို သွန်းခြင်းအားဖြင့်၊ အဲဂုတ္တုပြည်တွင် သဘာဝသိုးသူငယ်၏အသွေးကို သွန်းခြင်းဖြင့် လက္ခဏာသက်သေဖြစ်ခဲ့ပါသည်။ မိမိတို့သည်အသေဖြစ်ကြပြီး၊ ယဇ်ကောင်နှင့်ထပ်တူတပ်မျှဖြစ်ကြရပါသည်။ သိုးသူငယ်၏ အသွေးတော်နှင့်လူပုဂ္ဂိုလ်မှာ ထပ်တူထပ်မျှ ဖြစ်ကြရပါသည်။ ယဇ်ကောင်နှင့်ပူဇော်သူမှာ ယုံကြည်သူဖြစ်ပါသည်။သင့်အသက်တာတွင် သင်၏ ပူဇော်သက္ကာနှင့် ထပ်တူဖြစ်ရပါသည်။

35 ၃၅။ အသွေးတော်မှာလက္ခဏာသက်သေ (သို့) အမှတ်အသားပင်ဖြစ်ပါသည်။ အသွေးတော်က ဝတ်ပြုသူသည် သိုးသူ ငယ်ကိုသက်ကြောင်း၊သိုးသူငယ်ကိုလက်ခံ၍ မိမိကိုယ်တိုင်နှင့် သက်သေပြုကြောင်း၊ သူသည် ရှက်ကြောက်ခြင်း မရှိကြောင်းကို ဖော်ပြပါသည်။ ဘယ်သူတွေ့တွေ့သူက ဂရုမစိုက်ပါ။ လူတိုင်းသူ့ကို တွေ့မြင်စေလိုပါသည်။ထိုနေရာတွင်ထားရခြင်းမှာလည်း ဖြတ်ကျော်သွားသူတိုင်း ထိုအမှတ်လက္ခဏာကိုတွေ့မြင်၍ အသိအမှတ်ပြုရန်ပင်ဖြစ်ပါသည်။လူများစွာတို့မှာ ခရစ်ယာန်ဖြစ် လို့ကြပြီး သူတို့သည် ခရစ်ယာန်ဖြစ်ကြောင်းမည်သူမျှ မသိစေရန်လျှို့ဝှက်စွာပြုမူလိုကြပါသည်။ကျွန်တော်ခရစ်ယာန်ဖြစ်လို ပါသည်။ သို့သော်လည်း သူတို့မသိစေလိုပါ။ ထိုသို့ဖြစ်ခြင်းမှာခရစ်ယာန်သာသနာမဟုတ်တော့ပါ။ ခရစ်ယာန်ဘာသာမှာ မိမိ၏ လက္ခဏာသက်သေကို အများမြင်သာအောင်ပြသရပါမည်။ လူထု၊ လူစုများကတွေ့မြင်ရမည်။ ရုံးများ၊ လမ်းများ၊ အခက်အခဲ တွေ့သောအချိန်၊မည်သည့်နေရာတွင်မဆို၊ အသင်းတော်၌၊ နေရာတိုင်းတွင်ပြသရပါမည်။ အသွေးတော်မှာ သက်သေဖြစ်၍ထို သက်သေကို နေရာတိုင်းတွင် လက်တွေ့ကျင့်သုံးရပါမည်။

ပဋိညာဉ်မထိရောက်သောနေရာတွင် လက်တွေ့ကျင့်သုံးရခြင်းဖြစ်ပါသည်။

36 ၃၆။ အသွေးတော်မှာသက်သေဖြစ်၍အမှတ်အသားဖြစ်ပါသည်။ ဤပုဂ္ဂိုလ်မှာကယ်တင်ခြင်း ရပြီးသားဖြစ်ကြောင်း အမှတ်အသားပြုခြင်းဖြစ်ပါသည်။ဘာတခုမှမဖြစ်လာမှီ သူတို့၌ ကယ်တင်ခြင်းရပြီးသားဖြစ်ပါသည်။ ယုံကြည်ခြင်းအားဖြင့် လက်တွေ့အသုံးပြုကြပါသည်။ အမှန်တကယ်ဖြစ်လာမည့်အကြောင်း ယုံကြည်ကြပါသည်။ ဘုရားသခင်၏ အမျက်တော်သည်ထို နယ်မြေတဝှမ်းသို့ ဖြတ်ကျော်၍မကျရောက်မှီ အသွေးကိုပထမဆုံး သုတ်လိမ်းထားရပါသည်။ အမျက်တော်ကျရောက်သည့်အခါ မှ သုတ်လိမ်းခြင်းမှာ အလွန်နောက်ကျသွားပြီးဖြစ်ပါသည်။ သင်တို့သတိရစေရန်အတွက်ပြန်လည်၍ ဖော်ထုတ်ပေးရမည့် သခ်န်းစာ ကျွန်တော်တို့တွင်ရှိပါသည်။ မဖြစ်ပေါ်လာမှီကြည့်ပါ။အသွေးသုတ်လိမ်းခြင်း လုံးဝမရှိသောအချိန် ရောက်လာမည် သတိပြုပါ။

37 ၃၇။ ဆယ့်လေးရက်ခန့်ထားပြီးနောက်သိုးသူငယ်ကို ညနေပိုင်းအချိန်တွင် သတ်ဖြတ်လေ့ရှိပါသည်။ သိုးသူငယ်ကိုသတ်ပြီး နောက် သွေးကိုညနေအချိန်တွင်သုတ်လိမ်းလေ့ရှိပါသည်။ညနေအချိန်မရောက်မခြင်း လက္ခဏာသက်သေရှိဦးမည် မဟုတ်ပါ။

38 ၃၈။ ကျွန်တော်တို့အသက်ရှင်နေထိုင်သော ဤခေတ်ကာလမှာလည်း ညနေအချိန်ပင်ဖြစ်ပါသည်။ အသင်းတော်အတွက် ညနေအချိန်ဖြစ်ပါသည်။ကျွန်တော်အတွက်လည်း ညနေအချိန်ဖြစ်ပါသည်။ ကျွန်တော်၏ သတင်းစကားအတွက်လည်း ညနေ အချန်ဖြစ်ပါသည်။ဧဝံဂေလိတရား၏ ညနေအချိန်တွင် ကျွန်တော်သေရပါတော့မည်။ သွားရပါတော့မည်။ ထွက်ခွာရပါတော့မည်။ ဖြောင့်မတ်ခြင်းအားဖြင့် ကျွန်တော်တို့တက်လာရခြင်း ဖြစ်သည်။ လက္ခဏာသက်သေကို လက်တွေ့ကျင့်သုံးရမည့်အချိန် ဖြစ်ပါသည်။ ပြီးခဲ့သော တနင်္ဂနွေနေ့က ကျွန်တော်ပြောလိုသောအရာတခုရှိကြောင်း ပြောပြပြီးဖြစ်ပါသည်။အချိန်ကျရောက် သည့်အခါ တားဆီး၍မရကြောင်းပင်ဖြစ်ပါသည်။ ပြုလုပ်ရမည့်အချိန် ရောက်သောအခါပြုလုပ်ရမည်သာ ဖြစ်ပါသည်။ ယခုပင် ပြုလုပ်ရပါတော့မည်။ အမျက်တော်သည် ဤမြေပေါ်သို့ကျရောက်ရန်အဆင်သင့်ဖြစ်နေပေပြီ။ လက္ခဏာသက်သေမရှိသော အရာအားလုံး ပျောက်ကွယ်သွားရပါတော့မည်။ အသွေးတော်ကသင့်ကို သက်သေပြုပါသည်။

39 ၃၉။ တိရိစ္ဆာန်၏အသက်တာသည်လူသားအပေါ်သို့ပြန်၍ မရောက်နိုင်ပါ။ အသွေးသွန်းလောင်းလိုက်သောအခါ အသက် ထွက်သွားပါသည်။အသွေးတည်းဟူသော အသက်မှာ ထွက်သွားသောအခါ အသွေးတော်နှင့် အသက်မှာ ကွာခြားသွားပြီး ဖြစ်ပါသည်။ သွေးသည် အသက်၏ ဓါတုပစ္စည်းတမျိုးဖြစ်ပါသည်။ အသက်မှာလည်းအသွေးနှင့် ကွာခြားပါသည်။ သွေးထဲတွင်အသက်ရှိပါသည်။ တိရိစ္ဆာန်၏အသက်မှာ ဝတ်ပြုသူ၏အပေါ်သို့ပြန်လည်၍ သက်ရောက်နိုင်ခြင်းမရှိပါ။သိုးသူငယ်၏ အသွေးကို သွန်းလောင်လိုက်သော အခါထိုဓါတုပစ္စည်းကို လက်တွေ့အသုံးပြုရသဖြင့်အသက်တာမှာလည်း ပျောက်ကွယ်သွားပြီ ဖြစ် သဖြင့် ပြန်လာနိုင်တော့မည်မဟုတ်ပါ။

40 ၄၀။ တိရိစ္ဆာန်၏အသက်တာမှာဝိညာဉ်မရှိသဖြင့် လူသားအပေါ်တွင် သက်ရောက်ခြင်းမရှိပါ။ သူသည် အဝတ်အချည်းရှိ ကြောင်း တိရိစ္ဆာန်က မသိနိုင်ပေ။ သူသည်အပြစ်ကို မသိရှိပေ။ဘာမှ မသိပါ။ အသက်ရှင်သော သတ္တဝါဖြစ်သောလည်း သက်ရှိ သတ္တဝါမဟုတ်ပါ။ တိရိစ္ဆာန်၏ အသက်တာမှာလူသား၏အသက်တာအပေါ်သို့ ပြန်၍ မလာနိုင်ပါ။ ထိုအသက်တာထဲတွင်ဝိညာဉ် မရှိသောကြောင့်ပင်ဖြစ်ပါသည်။ အသက်တာတွင် အသွေးရှိပါသည်။ အသက်တာထဲတွင် ဝိညာဉ်ရှိပါသည်။ ဝိညာဉ်အသက် တာ၏သဘာဝပင်ဖြစ်ပါသည်။ထို့ကြောင့်၎င်းတွင် သဘာဝတရားမရှိပါ။ ၎င်းသည် တိရိစ္ဆာန်ပင်ဖြစ်ပါသည်။ ပေးခဲ့ရသော အသက်အတွက်အသွေးမှာ လက္ခဏာသက်သေပင် ဖြစ်ပါတော့သည်။ ဤဘုန်းကြီးသောနေရာတွင် ပဋိညာဉ်တရားအောက်တွင်အသွေးနှင့် အသက်ကြားတွင် ကွာခြားမှုရှိပါသည်။ ယနေ့ယုံကြည်သူ အတွက်လက္ခဏာသက်သေမှာ သန့်ရှင်းသောဝိညာဉ်တော်ပင် ဖြစ်ပါသည်။ သွေးမဟုတ်ပါ။ဓါတုပစ္စည်းမဟုတ်ပါ။ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။ယ နေ့အသင်းတော်အတွက် ဘုရားသခင်လိုအပ်သော လက္ခဏာသက်သေပင်ဖြစ်ပါသည်။ ဘုရားသခင်က ဤလက္ခဏာ သက်သေကို တွေ့မြင်ရပေမည်။ ကျွန်တော်တို့ တစ်ဦးစီ၏ အတွင်း၌ တွေ့မြင်ရမည့်အရာဖြစ်ပါသည်။

41 ၄၁။ ညနေအရိပ်များပေါ်ထွက်လာသောအခါအထက်အရပ်မှ အမျက်တော်သည် ဘုရားကိုမသိသော နိုင်ငံများအပေါ် ကျရောက်လာတော့မည်ဖြစ်ပါသည်။ဘုရားတရားကြည်ညိုခြင်းမရှိသော မယုံကြည်သူများ၊ ဘုရားကို နှုတ်ဖြင့် ဝန်ခံသော်လည်း နှလုံးသားဖြင့်မပိုင်ဆိုင်သောသူများအပေါ် အမျက်တော်သက်ရောက်ပေတော့မည်။ ကျွန်တော်ကိုယ်ကျွန်တော် ဖော်ပြရန်ကြိုးစားပြီး သူတို့အကြားတွင် နေထိုင်ပြီး ဤအရာများကို ပြောကြားခြင်းဖြစ်ပါသည်။ ယခုကျွန်တော်တို့သည်အရိပ်များအောက်တွင် နေထိုင်ကြခြင်းဖြစ်၍ အမျက်တော်ကျရောက်ပေတော့မည်ဖြစ်ပါသည်။ ဘုရားသခင်လည်းလက္ခဏာသက်သေကို လိုအပ်လျက် ရှိပြီး သင်ကိုယ်တိုင်လည်း သူ၏လက္ခဏာသက်သေဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိထားသူဖြစ်ပါသည်။ ၎င်းသည်တစ်ခုတည်းသော လမ်းဖြစ်၍ ဘုရားသခင်ဖြတ်သန်းသွားမည့်တစ်ခုတည်းသော လက္ခဏာဖြစ်ပါသည်။ အကြောင်းမှာ ယုံကြည်သူအတွင်းသို့ သခင်ယေရှုခရစ်တော်၏အသက်တာပြန်လည်ရောက်ရှိခြင်းကြောင့်ပင် ဖြစ်ပါသည်။ တိရိစ္ဆာန်အသက် တာသည် ပြန်လာနိုင်တော့မည်မဟုတ်ပါ။ ထို့ကြောင့် သွေးကို တံခါးဘောင်တွင် သုတ်လိမ်းရခြင်း ဖြစ်ပါသည်။ ဖြတ်သွား သူတိုင်း၊လူထုကြီးအားလုံး၊ တယောက်စီသည် တံခါးပေါ်မှလက္ခဏာကို သိပါသည်။ တံခါးဝတွင် သွေးကိုမြင်ခြင်းဖြင့်အသက် အသေခံခြင်းကိုသိရပါသည်။ အာမင်။

42 ၄၂။ ယနေ့ယုံကြည်သူတိုင်းသန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝရမည်။ သိုးသူငယ်၏ သွန်းသော အသွေးသည် လက္ခဏာ သက်သေပင်ဖြစ်ပါသည်။သိုးသူငယ်တွင်ရှိသော အသက်မှာ ပြန်လည်လာပြီး အများရှေ့တွင် တံဆိပ်ခက်ပြီးဖြစ်ရပေမည်။ ဖြတ်သွားသူတိုင်းကလည်း သင့်ကို စကားပြောမည်ဖြစ်ပါသည်။ သင့်အပေါင်းအဖေါ်တိုင်းကလည်းအသွေးသုတ်လိမ်း ထား သည်ကို တွေ့သောအခါအသွေးတော်ထဲတွင်ရှိသော အသက်၏လက္ခဏာမှာ သင့်အပေါ်သက်ရောက်မည်ဖြစ်ပါသည်။သင်သည် အမျက်တော်မှ လွတ်ငြိမ်းခွင့်ရပါသည်။ ထိုနေရာတစ်ခုတည်းသာ ဖြစ်ပါသည်။ အသင်းဝင်ခြင်းမဟုတ်ပါ။ တိရိစ္ဆာန်၏ အသက် တာမှာ ယုံကြည်သူအပေါ်သို့မသက်ရောက်နိုင်ပါ။ အကြောင်းမှာတိရိစ္ဆာန်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဩတပ္ပစိတ်အကြောင်း ကိုပြောနေခြင်းသာ မဟုတ်ဘဲယဇ်ပူဇော်ခြင်းအကြောင်းကို ပြောနေခြင်းသာ ဖြစ်ပါသည်။

43 ၄၃။ ဘုရားသခင်ကိုယ်တိုင်ယဇ်ပူဇော်ခြင်းကိုခံသော ယဇ်ကောင်အဖြစ် မည်ကဲ့သို့ဖြစ်လာရပါသနည်း ? ဘုရားသခင်က လူ့ဇာတိကိုခံယူ၍ သူကိုယ်တိုင် ဖန်တီးထားသော အသွေးဖြစ်လာသောအခါထိုနည်းလမ်းသည် တခုတည်းသော နည်းလမ်းဖြစ် ၍ ဘုရားသခင်၏ အသက်တာ ပြန်လည်ရောက်လာမည်။ ကျွန်တော်တို့အားလုံးမှာလိင်အားဖြင့်မွေးဖွားလာကြခြင်းဖြစ်၍ ကမ္ဘာလောကကြီးနှင့် သက်ဆိုင်ပါသည်။ ထိုအသက်တာမှာရပ်တည်နိုင်မည့် အသက်တာမဟုတ်ပါ။ တရားစီရင်ပြီးဖြစ်ရပေမည်။ ချောမွေ့စေရန်နည်းလမ်းလည်းမရှိတော့ပါ။ ပိုမိုကောင်းမွန်သည့် နည်းလမ်းမရှိတော့ပါ။ သေရမည်ဖြစ်ပါသည်။ တစ်ခုတည်းသောလိုအပ်ချက်ပင်ဖြစ်ပါသည်။ သေရမည်ပင် ဖြစ်ပါသည်။ အစားထိုးထားခြင်းဖြစ်သည့် သခင်ယေရှုခရစ်တော်၏အသက်တာ မှာ သင့်အထဲသို့ဝင်လာရပါမည်။ ဘုရားသခင်၏ လက္ခဏာသက်သေဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ သခင်ယေရှုတည်းဟူသော သားတော်၏ အသွေးတော်ကို သင်လက်ခံရပါမည်။ ဝက်စလီ၏ခေတ်ကာလ၊ လူသာ၏ ခေတ်ကာလတို့တွင် ‘ယုံကြည်ရန်’ ဟုစဉ်းစားမိပါသည်။ ဝက်စလီ၏ခေတ်ကာလက အသွေးတော်၏ ဓါတုပစ္စည်းဖြစ်ပါသည်။သို့သော် လည်း ဤနေ့ရက်သည် နောက်ဆုံးသောနေ့ဖြစ်ပါသည်။ လက္ခဏာသက်သေ လိုအပ်လျက်ရှိနေပေပြီ။အသင်းတော်ရုပ်သိမ်းခြင်း ကာလအတွက် ယူနစ်တစ်ခုလုံးဖြစ်ပါသည်။ (ပရိတ်သတ်က ‘အာမင်’ ဟုဆို ပါသည်။)

44 ၄၄။ ကလေးငယ်တစ်ဦးကိုမွေးဖွားလိုက်သော အခါ ရေ၊ သွေးနှင့် ဝိညာဉ်ပေါ်ထွက်လာပါသည်။ ပထမဆုံးအရာမှာ သာမာန် မွေးဖွားခြင်းမှာရေ၊ဒုတိယမှာသွေးနှင့် နောက်တခုမှာ အသက်ပင်ဖြစ်ပါသည်။ ကျွနု်ပ်တို့၏ အရှင်သခင်ယေရှုခရစ်၏ကိုယ်ခန္ဓာ မှာရေ၊ သွေးနှင့် အသက်ထွက်ပေါ်လာပါသည်။ အသင်းတော် တစ်ခုလုံး၊ သတို့သမီးတစ်ဦးကို ဖြောင့်မက်ခြင်း၊ သန့်ရှင်းခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိဇံခံသောအားဖြင့်လုပ်ခြင်းဖြစ်၍ လက္ခဏာသက်သေပင်ဖြစ်ပါသည်။

45 ၄၅။ (ဟေဗြဲ၁၁) တွင်ဆိုသကဲ့သို့ ‘အလွန်ဆင်းရဲလျက် ညှင်းဆဲနှိပ်စက်ခြင်းကိုခံလျက်၊သိုးရေ၊ ဆိတ်ရေကို ဝတ်၍ လှည့်လည် ရကြ၏။ …… အဘယ်ကြောင့်နည်းဟူမူကား၊ ထိုသူတို့သည်ငါတို့မပါဘဲ စုံလင်ခြင်းသို့ မရောက်ရမည့်အကြောင်း၊ ဘုရား သခင်သည် ငါတို့အဘို့ အလို့ငှာသာ၍မြတ်သောကျေးဇူးကို ကြံစည်တော်မူ၏။’

46 ၄၆။ ဤနေ့တွင်အသင်းတော်သည်လက္ခဏာသက်သေကို ရရှိပြီးဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံကို ရရှိခြင်း ဖြစ်ပြီးအသွေးလည်းသွန်းရပြီး ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်အပေါ်တွင် သက်ရောက်လျက်ရှိသည်။ ကျွနု်ပ်တို့မရှိဘဲနှင့် သူတို့ရပါတည်နိုင်မည် မဟုတ်ပါ။ သို့သော်လည်း ကျွနု်ပ်တို့အပေါ် အားကိုးနေခြင်းဖြစ်ပါသည်။ ဘုရားသခင် ကသူရယူမည်ဟု ဂတိပေးခဲ့ပါသည်။ တစုံတစ်ယောက်သောသူကထိုနေရာတွင်ရှိနေပေမည်။ မည်သူဖြစ်မည်ကို မသိပါ။ သို့သော်လည်း တစုံတစ်ဦးက လက်ခံမည်ဖြစ်ပါသည်။ကျွန်တော်တာဝန်မှာ ဟောပြောရန်သာ ဖြစ်ပါသည်။ ထိုကြိုတင်ရွေး ကောက်ထားသော မျိုးစေ့ကိုကြည့်ရှုရန် ဘုရားသခင်၏ တာဝန်ပင်ဖြစ်ပါသည်။ ရေ၏ခေတ်ကာလ၊ အသွေး၏ ခေတ်ကာလနှင့် ယခုအခါတွင်မူလက္ခဏာသက်သေ၏ခေတ်ကာလဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၏ ကာလပင်ဖြစ်ပါသည်။

47 ၄၇။ ဣသရေလမှာအကြောင်းအရာများစွာကို ဖြတ်ကျော်လာရပြီးဖြစ်ပါသည်။ သို့သော်လည်း ညနေစောင်းအချိန်ဖြစ်၍လက္ခဏာ သက်သေမှာ လိုအပ်လာပြီဖြစ်ပါသည်။ မနက်အချိန်တွင်မဟုတ်ပါ။ ပြင်ဆင်နေသော အချိန်လည်းမဟုတ်ပါ။သိုးသူ ငယ်ကို ပြင်ဆင်ထားသည့် အချိန် ဆယ့်လေးရက်ကာလပင်ဖြစ်ပါသည်။ တစုံတရာရောက်လာတော့မည်ဖြစ်ကြောင်းဣသရေလ ကသိပါသည်။ လူသာ၊ ဝက်စလီ၊ ဖင်နီ၊ နောစ့်၊ ကယ်လ်ဗင်တို့လည်း သိကြပါသည်။ အသင်းတော်သို့မီးတိုင်ပြန်ရောက်မည့် အချိန်ကို သူတို့သိကြပါသည်။ ဤကိစ္စများဖြစ်ပျက်လာမည့် အချိန်ရောက်လာမည့်အကြောင်းကိုလည်း သူတို့သိကြပါသည်။ သို့သော်လည်း သူတို့အသက်ရှင်နေထိုင်ပြီးဖြစ်ခွင့်မရကြပါ။ သို့သော် မြော်၍ ကြည့်ခဲ့ပါသည်။ တစုံတခုရောက်လာ တော့မည်ဖြစ်ကြောင်းဣသရေလကသိပါသည်။ သို့သော်လည်း ညနေစောင်းအချိန်တွင်ဖြစ်၍ သိုးသူငယ်၏ အသွေး တော်တည်းဟူသောလက္ခဏာသက်သေ သုတ်လိမ်းရမည့်အချိန်တွင်ဖြစ်ပါသည်။ တံခါးဘောင်တွင် သုတ် လိမ်းရခြင်းဖြစ်သည်။သိုးသူငယ်ကို တင်မြှောက်ထားရပါသည်။

48 ၄၈။ တလျှောက်လုံးသိုးသူငယ်ပင်ဖြစ်ပါသည်။လူသာရင်တွင်လည်းသိုးသူဖြစ်ပါသည်။ ဝက်စလီ၏ အချိန်တွင်လည်း သိုးသူ ငယ်ဖြစ်ပါသည်။ ယခုအချိန်မှာတိုကင်၏ အချိန်ကာလပင်ဖြစ်သဖြင့် အိမ်တိုင်းတွင် တိုကင် အမှတ်အသားကို မှတ်သားထားရ ပါမည်။ ဘုရားသခင်၏ အိမ်တိုင်းကို တိုကင်ဖြင့် မှတ်သားထားရပါမည်။ အတွင်း၌ရှိသမျှတို့ကို တိုကင်ဖြင့်ဖုံးအုပ်ထားပါမည်။ဘုရားသခင်၏အိမ်သည် သခင်ယေရှု၏ကိုယ်ခန္ဓာ ဖြစ်၍ ဝိညာဉ်တစ်ခုတည်းဖြင့် ကျွနု်ပ်တို့မှာဗတ္တိဇံခံကြခြင်းဖြစ်ပြီး ၎င်း၏ တစိတ် တဒေသဖြစ်လာပါသည်။ ဘုရားသခင်က ထိုလက္ခဏာသက်သေကိုတွေ့ရသော အခါ လွန်သွားမည်ဖြစ်ကြောင်း ပြောထားပါသည်။ ကျွနု်ပ်တို့ယခု အသက်ရှင်နေထိုင်သောအချိန်ကာလမှာ မည်သို့သော ကာလမျိုးဖြစ်နေပါသနည်း။

49 ၄၉။ သွေးသည်အမှတ်အသားပြုရခြင်းဖြစ်ပါသည်။ ယုံကြည်သူကို အမှတ်အသားပြုရခြင်းဖြစ်ပါသည်။ အသက်ထွက်သွားပြီဖြစ်သဖြင့် ပြန်မလာနိုင်တော့ပါ။ ထို့ကြောင့် ဓါတုပစ္စည်းရှိရပေမည်။ အသက်တာထွက်သွားခြင်းဖြစ်ကြောင်းပြသရန်အတွက် ဆိုးဆေး၊ အသွေး၊ ဓါတုပစ္စည်းရှိရန်လိုအပ်ပါသည်။

ယခုအခါတွင် ၎င်းဝိညာဉ်ကိုယ်တိုင်သည် တိုကင်အမှတ်အသားဖြစ်ပါသည်။သန့်ရှင်းသော ဝိညာဉ်တော်ကိုယ်တိုင် လည်း လက္ခဏာအမှတ်အသားလိုအပ်ပါသည်။အသွေးကိုလိုအပ်ခြင်းမဟုတ်ပါ။

အသွေးတော်သည် ကားတိုင်တော်တွင် သွန်း လောင်းပြီးဖြစ်ပါသည်။အမှန်တကယ်သွန်းလောင်းပြီးသားဖြစ်ပါသည်။ အသွေး တော်သည် အခြေခံပစ္စည်းများထံသို့ ပြန်သွားပါသည်။ သူစားသုံးသော အစားအသောက်များထံမှ လာရောက်ခြင်းဖြစ်ပါသည်။ သွေး၏ဆဲလ်အတွင်းမှ

အသက်ရှိသွေးဆဲလ်လှုပ်ရှားမှုကို စတင်ပါသည်။ ဓါတ်ပစ္စည်းထဲတွင် အသက်မရှိသောကြောင့် မလှုပ်ရှားနိုင်ပါ။ သို့သော်လည်းသွေး၏ ဓါတုပစ္စည်းထဲသို့ အသက်ရောက်လာသော အခါ ဆဲလ်သဏ္ဍာန်ဖြစ်ပေါ်လာပါသည်။ ကိုယ်ပိုင်ဆဲလ်ဖြစ်ပေါ်လာ၍ဆဲလ်တစ်ခုပြီး တစ်ခုဖြစ်လာသည်။ ၎င်းနောက်လူတစ်ဦးဖြစ်လာပါသည်။ ထိုသူမှာ ဘုရားဖြစ်ပါသည်။ဓမာန္ဓေလဖြစ်၍ အသွေးအသားဇာတိအားဖြင့် ဖြစ်ပါ သည်။ သို့သော်လည်း ထိုအသက်ပြန်ရှင်လာသောအခါ သန့်ရှင်းသော ဝိညာဉ်တော် လက္ခဏာသည် အသင်းတော် အပေါ်သို့ သက်ရောက်၍ သူတို့သည် ခရစ်တော်ကိုတွေ့ရပါသည်။

50 ၅၀။ ထိုသို့ဖြစ်လာရမည်ဖြစ်ပါသည်။အကြောင်းမှာ အမျိုးသမီးနှင့်သူ၏ ခင်ပွန်းတို့မှာ တလုံးတဝတည်းဖြစ်လာရပါသည်။ ခရစ်တော်နှင့်သူ၏ သတိုးသမီးမှာ တလုံးတဝတည်းဖြစ်ပါသည်။ သတို့သမီးနှင့် ခရစ်တော်၏ သာသနာပြုခြင်းမှာတူညီမှုရှိပါ သည်။

သူ၏သေဆုံးခြင်းက သူ့ကို ရပ်တံ့စေမည် မဟုတ်ပါ။ သူတဖန်ပြန်လာပါသည်။တတိယပုဂ္ဂိုလ်မဟုတ်ပါ။ တူညီသော ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ပုံစံဖြင့်ပြန်လာခြင်းဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ပုံစံဖြင့် ပြန်လာခြင်းဖြစ်ပါသည်။ဆက်လက်၍ အလုပ်ကို လုပ်ကိုင်သည်ဟု တမန်တော် ဝတ္ထုတွင်ဖော်ပြထားပါသည်။

'ယေရှုခရစ်သည် မနေ့၊ ယနေ့ထာဝရအတူတူပင်ဖြစ်ပါသည်။' ထိုအရာသည် အမှတ်လက္ခဏာသက်သေ၊နိမိတ်လက္ခဏာ ပင်ဖြစ်ပါသည်။

51 ၅၁။ ပေတရုနှင့်ယောဟန်တို့သည် ' လှပခြင်း ' ဟုအမည်မှတ်ခေါ်ထားသော ဂိတ်တံခါးမှ ဖြတ်ကျော်သွားသော အခါ အမိဝမ်းတွင်းမှ လက်ခြေသေနေသော သူအား သူ့ကို 'ရွှေငွေ ကျွန်ုပ်၌ ပေးစရာမရှိ။ပေးစရာဆို၍ နာဇရက်မြို့သား ယေရှု၏နာမ၌ ထ၍လျှောက်လော့' ဟုဆိုထားပါသည်။

သူတို့က သူနှင့် စကားပြောကြည့်သော အခါ သူတို့သည် အပြစ်ကင်းစင်၍ပညာ မတတ်သူ ဖြစ်ကြောင်း သိကြပါသည်။ သခင်ယေရှုနှင့် အတူ သူတို့သည်အမြဲရှိခဲ့ကြောင်းကိုလည်းသတိပြုမိကြပါသည်။

သနားစဖွယ် လက်ခြေသေ၍ လူစဉ်မမှီဖြစ်နေသော ညီအစ်ကို ကိုတွေ့ရသောအခါ ခရစ်တော်အထဲ၌ ရှိသော အသက်တာမျိုး သူတို့ အထဲ၌ ရှိနေသည်ကို သိရပါသည်။

'ငါ၏နာမ၌ သင်တို့သည် နတ်ဆိုးများကို နှင်ထုတ်ကြလိမ့်မည်။' ဟုဆိုသည့် အတိုင်း ဤတောင်ကိုရွေ့လော့ဟု ဆို သည့်အတိုင်းရွှေ့နိုင်ပါမည်။သင်ရွှေ့နိုင်မည်ဟုဆိုခြင်းဖြစ်သည်။ ကျွန်ုပ်ရွှေ့နိုင်မည်ဟု ဆိုခြင်းမဟုတ်ပါ။

ထိုလက္ခဏာသက်သေကို ဖော်ပြရမည့်အချိန်လည်း ရောက်လာပြီးဖြစ်ပါသည်။ကျွန်တော်တို့တွေ့မြင်ရပါသည်။ နောက် ဆုံးအချိန်ကာလနီးကပ်လာပြီ ဖြစ်ကြောင်း ကျွန်တော်တို့သိရပါသည်။သတင်းစကားအမျိုးမျိုးကို ကျွန်တော်တို့ဆောင်ယူလာ၍ နိမိတ်လက္ခဏာများဖော်ပြသင့်ပါသည်။အသင်းတော်က ဘာလုပ်ရမည်ကို ယခုအခါကျွန်တော်တို့ပြန်လာ၍ ကြည့်ရှုလေ့လာ ခြင်းဖြစ်ပါသည်။ လက္ခဏာသက်သေကိုဖော်ပြရပါမည်။အသွေးတော်ကို တွေ့မြင်မှသာ ဖြတ်ကျော်သွားနိုင်မည်ဖြစ်ပါသည်။ ဘာ နှင့်မှ အလုပ်မဖြစ်ပါ။ အသွေးတော်အားဖြင့်သာ ဖြစ်နိုင်ပါမည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်ထံမှ လက္ခဏာသက်သေပင်ဖြစ်ပါသည်။

52 ၅၂။ နှစ်ခြင်းဓမ္မပညာရှင်ကြီးတစ်ဦးက ကျွန်တော်အားသန့်ရှင်းသော ဝိညာဉ်တော်အကြောင်းပြောသည်နှင့် ပတ်သတ်၍ ဘာမှထူးထွေဆန်းသစ်မှုမရှိကြောင်းပြောပါသည်။ ခေတ်အဆက်ဆက် ပြောဆိုခဲ့ကြသည့် အကြောင်းအရာဖြစ်သည်ဟု သူကဆို ပါသည်။ သူတို့လည်းသန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိသည်ဟု ဆိုကြပါသည်။

ဘယ်တုန်းကရသနည်းဟု ကျွန်တော်ကမေးပါသည်။

သူကသင်ယုံကြည်သည်နှင့် သန့်ရှင်းသော ဝိညာဉ်တော်ရရှိသည်ဟုဆိုပါသည်။

ကျွန်တော်က ပေါလုပြောခဲ့သည့် အတိုင်း (တမန်တော် ၁၉)တွင် နှစ်ခြင်းတရားဟော ဆရာတစ်ဦးကို သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း သက်သေပြသည်ကိုတွေ့ရပါသည်။

53 ၅၃။ ဖေက်မြို့၏ကမ်းခြေအထက်ပိုင်းကို သူကဖြတ်ကျော်သွားစဉ်အခါတွင် တပည့်တော်များကို တွေ့ရပါသည်။ ထိုတပည့်တော်များအား သူကယုံကြည်ပြီးနောက် ဝိညာဉ်တော်ကို ရပါ၏လောဟုမေးပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်ရှိကြောင်းကိုပင် သူတို့ မသိကြကြောင်းသူတို့ကပြောပါသည်။

သူတို့ မည်ကဲ့သို့ ဗတ္တိဇံခံကြောင်း သူမေးပါသည်။ ယေရှုခရစ်တော်တည်းဟူသောပုဇော်ခြင်းခံရသည့် သိုးသူငယ်၏ နာမ၌ပင် ဗတ္တိဇံ မခံရသေးကြောင်း သူတို့ကပြောပါသည်။ ကိုယ်တော်ရှင်နှင့်ပင်ထပ်တူညီခွင့် ပင်မရကြသေးပါ။ ယုံကြည်ခြင်းသက်သက် ပင်ရှိနေပါသေးသည်။ ဆေးကိုတင်ထားပြီးသောက်သုံးခြင်းမရှိသကဲ့သို့ပင်ဖြစ်ပါသည်။ ပေါလုက သူတို့ကို နာမ၌ ဗတ္တိဇံခံယူပါသည်။

သူထိုသို့ပြုလုပ်သော အခါ လက္ခဏာသက်သေသည် သူတို့အပေါ်သက်ရောက်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ၏ အလုပ်များ၊ နိမိတ် လက္ခဏာများဖြစ်သော အခြားသောဘာသာ စကားပြောခြင်း၊ ပရောဖက်ပြုခြင်း၊ဘုရားဘုန်းတော်ထင်ရှား စေခြင်းများ ဖြစ်ပေါ်လာပါသည်။

သူတို့၏ ပူဇော်မှုဖြင့် သူတို့ကို အမှတ်အသားပြုခြင်းခံရပါသည်။

54 ၅၄။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်တော်တို့၏ အမှတ်အသားပင်ဖြစ်ပါသည်။ ခရစ်ယာန်များအဖြစ် အမှတ်အသားပြုခြင်းဖြစ်ပါသည်။ အသင်းတော်များတွင် အသင်းသာဖြစ်ခြင်း၊ သမ္မာကျမ်းစာကို နားလည်ခြင်း၊သမ္မာကျမ်းစာကို သိခြင်းနှင့် လုံး ဝမသတ်ဆိုင်ပါ။ စာရေးဆရာသည် သင့်အထဲတွင် အသက်ရှင်နေခြင်းဖြစ်ပါသည်။

သင်၏အတ္တစိတ်ပျောက်ဆုံးခြင်းဖြစ်ပါသည်။ သင် မရှိတော့ပါ။ သင့်ကို သင်သေပြီဟုမှတ်ယူပါ။ လက္ခဏာသက်သေမှာသင့်အထဲတွင် အသက်ရှင်နေသောသူဖြစ်ပါသည်။ သင်၏အသက်တာဖြစ်နေပါသည်။ ကိုယ်တော်ရှင်ပင်ဖြစ်ပါသည်။

ပေါလုက တချိန်က အသက်ရှင်ခဲ့သောအသက်တာမျိုးနှင့် မတူညီသောအသက်တာမျိုးကိုသူအသက်ရှင်နေရကြောင်း ပြောပါ သည်။ သူအသက်ရှင်နေရခြင်းမဟုတ်ဘဲ ခရစ်တော်သူ၏အထဲ၌ အသက်ရှင်နေခြင်းဖြစ်ကြောင်းပြောပါသည်။ဘုရားသခင် အလိုရှိသော လက္ခဏာအမှတ်အသား မျိုးရှိပါသည်။ ကျွန်ုပ်တို့၏ ပူဇော်ခြင်းနှင့်ထပ်တူထပ်မျှဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်၏ အသက်တာမျိုး ကျွန်ုပ်တို့အထဲ၌ရှိပါသည်။သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်ပါသည်။

ဖြစ်နိုင်သော အမှတ်အသားပင်ဖြစ်ပါသည်။ ထပ်မံ၍ အမှတ်အသားလက္ခဏာများမရှိနိုင်တော့ပါ။၎င်း၏အာမခံချက်ကို သင်တွေ့မြင်နိုင်ပါသည်။ သင့်အတွက်များစွာ သက်တောင့် သက်သာဖြစ်ပါသည်။

55 ၅၅။ သင်သည်ပြစ်မှုတခုကို ကြုးလွန်မိပါက တရားရုံးတွင် အမှုရင်ဆိုင်ရပါမည်။ သင်အပြစ်ရှိကြောင်း ရုံးမှမသိရှိပါ၊ သင်လည်း သေဒဏ်ခံရမည်ဖြစ်ပါသည်။ သင်သည် အပြစ်ရှိကြောင်း သင့်ကိုယ်သင်သိရပြီးဖြစ်ပါသည်။ သင်သည် အပြစ်ရှိ ကြောင်းသင့်ကိုယ်သင်သိ၍ သင့်အားကာကွယ်ပေးမည့် ရှေ့နေမရှိပါကသင်သေဒဏ်ခံရမည်ဖြစ်ကြောင်း သင်သိပါသည်။ သင့်အတွက် အကျိုးဆောင်ပေးမည့် အကောင်းဆုံးရှေ့နေကိုသင်လိုအပ်မည် ဖြစ်ပါသည်။

ကောင်းမွန်သွတ်လက်၍ သင့်အားကာကွယ်ပေးနိုင်မည့် ရှေ့နေကိုသင်ရရှိပါက သင်၏ အမှုကိစ္စနှင့် ပတ်သတ်၍ သင် သည် အနည်းငယ်စိတ်သက်သာမှုခံစားရမည်။ သို့သော်လည်း၎င်းရှေ့နေသည်တရားသူကြီး၏ အတွေး၊ ဂျူရီလူကြီးများ၏ ခံယူချက်ကို ပြောင်းလဲပေးနိုင်ခြင်း ရှိမရှိ မေးစရာဖြစ်လာပါသည်။၎င်းအကျိုးဆောင်သည် သွက်လက်စွာပြောဆိုပြီး ဥပဒေများကို လည်း သိရှိနားလည်ခြင်းအားဖြင့်သင်၏အမှုကို အယူခံဝင်၍ သင့်အားသေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရစေရန် ပြုလုပ်ပေး နိုင်စွမ်းရှိမရှိစဉ်းစားရပါမည်။ သူ၏ကြီးမားလှသော အခွင့်အာဏာ၊ ပြောဆိုမှုများဖြင့် ဂျူရီ ကြီးများ (သို့မဟုတ်)တရားသူကြီး၏ သဘောထားများကို ပြောင်းလဲပေးနိုင်ခြင်း ရှိမရှိကို လေ့လာရပါမည်။ သင်သည်အနည်းငယ်အေးအေးဆေးဆေး အချိန်ယူ၍ စဉ်းစားပြီး သင်၏ အကျိုးဆောင်က လုပ်ဆောင်နိုင်စွမ်းရှိမရှိ စဉ်းစားမည်ဖြစ်ပါသည်။

56 ၅၆။ သို့သော်လည်း၎င်းအမှုကိစ္စတွင် တရားသူကြီးကိုယ်တိုင်လည်း ဥပဒေအကျိုးဆောင်ဖြစ်နေပါသည်။ ဘုရားကလူဖြစ်လာပါပြီး။ မည်သည့်အကျိုးဆောင်မှ ၎င်းသို့ မလုပ်နိုင်ပါ။ ဘယ်မှာမှ ရှာမရပါ။ မောရှေနှင့် ပညတ်တရား၊ပရောဖက်များ၊ သူတို့အား လုံးသည် ဘာမှ မတတ်နိုင်ကြပါ။ ထို့ကြောင့် တရားသူကြီးကိုယ်တိုင်ဂျူရီ၊ အကျိုးဆောင်ဖြစ်ပြီး သူ့ပညတ်တော်၏ တရားမျှ တမှုကို ဆောင်ယူ၍ သူ၏လက်ထဲတွင်ထားပြီးအဖိုးအခပေးခဲ့ပါသည်။ မိမိကိုယ်တိုင်ပင် ဖြစ်ပါသည်။ မည်မျှစိတ်ချ၍ လုံခြုံမှုရှိ ပါသနည်း?
သူ၏အသက်တာကိုလည်း ကျွန်ုပ်တို့အပေါ်သို့ပြန်လည်၍ ပို့ဆောင်ပေးပြီးသက်သေအဖြစ် လက်ခံခဲ့ပါသည်။ မည်မျှစိတ်ချဖွယ်ရာ ဖြစ်ပါသနည်း။

သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့လျှောက်သွားရသော်လည်းဘေးအန္တရယ်ကို မကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်ရှင်သည် အကျွန်ုပ်နှင့် အတူရှိတော်မူ၏။

57 ၅၇။ သူသည်တရားသူကြီး၊ ဂျူရီနှင့် ရှေ့နေဖြစ်ခဲ့ပါက ကျွန်ုပ်တို့ အမှုကို သူအယူခံဝင်စစ်ဆေးပေးမည်ဖြစ်သည်။သူ၏ ဥပဒေဖြင့် သူသည် အပြစ်ရှိကြောင်းကျွန်ုပ်တို့တွေ့ရပါသည်။ သူသည်အပြစ်ရှိသောသူ၏ နေရာယူ၍ထိုနေရာမှာလည်းယဇ်ပု လ္လင်အခန်းထဲတွင်ဖြစ်ပါသည်။ သူ၏အပြစ်ကို သူကဆောင်ယူပါသည်။ သူ၏ကိုယ်ပေါ်တွင်ယူတင်ဝတ်ဆောင်ပါသည်။အသေ ခံဖို့အခပေးပါသည်။ အသွေးတော်ကိုသွန်းလောင်း၍ သူ၏အသက်၊ လက္ခဏာသက်သေကိုပြန်လည်၍ ပေးအပ်ပါသည်။

အမှုကိုရုတ်သိမ်းလိုက်ပြီးဖြစ်ပါသည်။ ယုံကြည်သူအတွက်အပြစ်မရှိတော့ပါ။ ဘုရားသခင်ဂရုဏာရှိတော်မူပါ။ လူများက ထိုအရာကို မတွေ့မြင်ရပါက အမှုလုံးဝမရှိတော့ပါ။ဘုရားသခင်၏ စကားကိုကြားနာ၍ စေလွှတ်တော်မူသောသူကို ယုံကြည် ပါက ထာဝရအသက်ကို ရပါသည်။ တရားစီရင်ခြင်းကိုမခံရဘဲသေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းခွင့်ကိုရပါသည်။ အမှုဖြစ်သည်။ အမှုရုတ်သိမ်းခံရသည်။ ဘာအမှုမှမရှိတော့ပါ။ အာမင်၊

လက္ခဏာ သက်သေဖြင့်လုံခြုံစိတ်ချစွာဖြင့် တရားသည် တခါးဝသို့တိုင်အောင်ရောက်လာပါကဘာမှထိန်းချုပ်နိုင်ခြင်းမရှိတော့ပါ။

58 ၅၈။ လက္ခဏာသက်သေကိုလက်တွေ့ကျင့်သုံးခဲ့ပါသည်။ လက္ခဏာသက်သေကိုသာ ယခုအခါ အသိအမှတ်ပြုပြီးဖြစ်ပါ သည်။ လက္ခဏာသက်သေရှိလာစေရန်သူကပြုလုပ်ခြင်းဖြစ်ပါသည်။ လက္ခဏာသက်သေသည် ဘုရားသခင်၏ အသက်တာပင် ဖြစ်ပါသည်။

ဘုရားသခင်သည် ပထမဆုံးလူသားကိုဖန်ဆင်းသော အခါ သူ့အတွက်သားတစ်ဦးကိုဖန်ဆင်းပေးပါသည်။ ထိုသား သည် အကျင့်စာရိတ္တပျက်စီးလွန်းလှပြီး သူ၏ဇနီးသည်၏ စကားကိုသာနာထောင်၍ ဘုရားသခင်၏စကားကို နားမထောင်ဘဲနေ ခဲ့ပါသည်။ ဇနီးသည်မှာလည်း ခင်ပွန်း၏စကားကိုနားထောင်မည့် အစား နတ်ဆိုး၏စကားကို နားထောင်ခဲ့ပါသည်။

ထိုသို့ဖြစ်ပျက်ခဲ့ခြင်းကြောင့်အတူတကွပျက်စီးယိုယွင်းမှုဖြစ်ပြီး အားလုံးကို ညစ်ညူးစေခဲ့ပါသည်။ သူတို့ထိုသို့ပြုလုပ်ကြသောအခါ ကမ္ဘာလောကကြီးထဲသို့ သားသမီးများမွေးဖွားလာကြပါသည်။ ဥယျာဉ်၏ အလယ်မှ သစ်ပင်ကို လုံးဝကိုင်တွယ်ခြင်းမပြု လုပ်ရပါ။ ကိုင်တွယ်မိလိုက်သော အခါ ထိုအပြစ်မှာသူတို့ အပေါ်သို့ ပြန်လည်၍ ကျရောက်ပါတော့သည်။ထို့ကြောင့် လူသားမျိုး နွယ်တရပ်လုံးမှာ အပြစ်အတွင်းကျရောက်ခဲ့ရပါသည်။

ပြန်လမ်းမရှိတော့ပါ။

59 ၅၉။ ၎င်းနောက်ဘုရားသခင်ဆင်းသက်ကြွလာတော်မူပါသည်။သူ့အားပြန်လည်ရရှိစေရန် နည်းလမ်းတစ်ခုတည်းသာ ရှိပါ သည်။ သူ့အတွက်သားတစ်ဦးပြန်လည်ရရှိခြင်းပင်ဖြစ်ပါသည်။ သူ၏ပညတ်တရားကပင် သူ့အားအပြစ်စီရင်ခြင်းခံရ ပြီးဟု ဆိုထားသော အခါမည်ကဲ့သို့သူကပြုလုပ်နိုင်ပါသနည်း?

ခမည်းတော်ကိုယ်တိုင်ကျွန်ုပ်တို့နှင့် တလုံးတဝတည်းဖြစ်လာပါသည်။စစ်မှန်သောသိုးသူငယ်တော်ဖြစ်ပါသည်။ သူ၏ရည်ရွယ် ချက်ဖြစ်ပါသည်။ သူ့နှလုံးသွင်းထားပြီးသားဖြစ်သည်။

ဧဒင်ဥယျာဉ်ကြီးထဲတွင် သိုးသူငယ်အမှတ်အသားပြုရခြင်း၏အကြောင်း အရင်းဖြစ်ပြီး သိုးသူငယ်နှင့်ချိုးငှက်သည် တချိန်တွင် ဆုံတွေ့ရမည်ဟုသိကြရပါသည်။သူသည်ထိုကဲ့သို့ ယဇ်ပူဇော်ရန်ဆန္ဒရှိပြီး လက္ခဏာသက်သေကိုလည်း လက်တွေ့ ကျင့်သုံးနိုင်ပါမည်။ သို့မှသာကျွန်ုပ်တို့မှာ ရန်ဖက်များ၊ သူစိမ်းများ၊ မဟုတ်ကြတော့ဘဲ ဘုရားသားသမီးများဖြစ်ကြရပါမည်။ အာဒံနှင့်ဧဝ၊ လူယောကျာ်းနှင့် လူမိန်းမအတူပေါင်းစည်း၍ ဘုရားသခင်၏ သားသမီးများဖြစ်ကြပြီး သခင်ယေရှု၌သူ၏ ကြီးမြတ် သောပူဇော်ခြင်းဖြစ်ရပေမည်။

60 ၆၀။ သူ့မှသာအမှားအယွင်းရှိတော့မည်မဟုတ်ပါ။ မြေကြီးထဲတွင်အသက်မျိုးစေ့ကို စိုက်ပျိုးရမည်ဖြစ်ပြီး ကိုယ်ခန္ဓာတည်းဟူသော ပျက်စီးနိုင်သည့်မျိုးစေ့ဖြစ်ပါသည်။ မျိုးစေ့ထဲတွင်အသက်ရှိပါက အစေ့နှင့်အတူပျောက်ကွယ်သွားနိုင်ပါသည်။သို့သော် လည်းသူသည် ထာဝရအသက်ကို ထိုအထဲသို့ထည့်၍ သူ၏ကိုယ်ပိုင်ကဲ့သို့အသိအမှတ်ပြုပါသည်။သူပြန်လည်၍ရှင်ပြန်ထ မြောက်သောအခါ သူနှင့်အတူပြန်စေပါသည်။ ပျောက်ဆုံးရမည့်အရာမဟုတ်ပါ။ယခုအခါတွင် ပျောက်ဆုံးနိုင်တော့မည်မ ဟုတ်ပါ။ အသက်သည် ၎င်းအထဲ၌ရောက်နေပါပြီး။

၎င်းသည်လက္ခဏာ သက်သေပင်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်၏ ဝိညာဉ်ပေါ်တွင်သက်ရောက်နေပါသည်။ ထိုအပေါ်တွင်အမှတ်အ သားရှိသည်။ ဘုရားသခင်နှင့်သက်ဆိုင်သော သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။ ကိုယ်တော်နှင့်ဆိုင်ပါသည်။

61 ၆၁။ လက္ခဏာသက်သေကိုတွေ့သော အခါကျော်သွားမည်ဟု ကိုယ်တော်ကဆိုပါသည်။

ဖြစ်နိုင်သော လက္ခဏာသက်သေမှာ သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ထို့ကြောင့်သင်သည် သန့်ရှင်းသောဝိညာဉ် တော်ကိုရသော အခါသင်သည် သေခြင်းမှ အသက်ရှင်ခြင်းသို့ကူးပြောင်းပြီး ဖြစ်ပါသည်။ သင့်အတွင်း၌ အသက်ရှိနေခြင်း ကြောင့် ဖြစ်ပါသည်။ သင်သည် မပျောက်ဆုံးနိုင်တော့ပါ။

သမ္မာကျမ်းစာအဆိုအရ ဘုရားသခင်ဖွားမြင်သောသူသည် အပြစ်မပြုလုပ်နိုင်ပါ။အကြောင်းမှာ သူသည် အပြစ်မလုပ်နိုင် သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ မျိုးစေ့သူ့အထဲ၌ရှိပြီးသူသည်လည်း ဘုရားမျိုးစေ့ဖြစ်သောကြောင့်ဖြစ်ပါသည်။ အပြစ်ကင်းစင်သောဘုရားသည် သူ့အထဲ၌ရှိနေသောအခါ သူမည်ကဲ့သို့အပြစ်မပြုလုပ်နိုင်ပါမည်နည်း?သူသည်အပြစ်ကင်းစင် သောဘုရားအထဲမှာရှိနေပါကသူမည်ကဲ့သို့အပြစ်ပြုလုပ်နိုင်ပါမည်နည်း?သူဘာအပြစ်ဘဲလုပ်ခဲ့လုပ်ခဲ့ အသွေးတော်ကလွှမ်းခြုံ ထားပြီးဖြစ်ပါသည်။ သူသည် အသစ်သောသတ္တဝါဖြစ်နေပါပြီ။ သူ၏ဆန္ဒများနှင့်ရည်ရွယ်ချက်များသည်ကောင်းကင်နှင့်ဆိုင် ပါသည်။ အကြောင်းမှာ သူသည် တန်ဖိုးမရှိသော ပေါင်းပင်ဘဝမှ ဂျုံပင်ဘဝသို့ပြောင်းလဲသွားသောကြောင့် ဖြစ်ပါသည်။ တချိန် က ကဲ့သို့ မဟုတ်တော့ကြောင်း ပေါ်လွင်လာပါသည်။

ကျွန်တော်ယုံကြည်ပါသည်ဟုဆိုပြီးဆက်လက်၍ အပြစ်လုပ်နေပါကသင်လှည့်ဖျားခံနေရခြင်းဖြစ်ပါသည်။ ဘာကိုမှ ဖော်ပြ၍မရပါ။ လက္ခဏာသက်သေကိုသာဖော်ပြနိုင်ပါသည်။

62 ၆၂။ ချီတက်ရန်အမိန့်များထွက်ပေါ်လာသည်အထိ ဣသရေလမှာ ထိုသွေးတော်၏အမိန့်တော်အောက်တွင် ရပ်တည်နေရ ပါသည်။ ထိုအသွေးတော်အောက်မှထွက်မသွားပါနှင့်။ ထိုလက္ခဏာသက်သေ၏အောက်တွင် ၎င်းတို့ကို တံဆိပ်ခတ်ထားပြီးဖြစ် ပါသည်။ စွန့်ခွာ၍ထွက်မသွားပါနှင့်။ သူတို့သည် ညဥ့်သန်းခေါင်အချိန်အထိနေကြပြီး တံပိုးမှုတ်သံကိုကြားရပါသည်။ ထိုသို့ တံပိုးမှုတ်သံကိုကြားရသောအခါ တဦးစီစတင်ထွက်ခွာ၍ ဂတိထားတော်မူရာပြည်သို့ချီတက်ကြပါသည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်လျက်ရှိသော လူယောကျာ်း(သို့မဟုတ်)လူမိန်းမတို့မှာ တံဆိပ်ခတ်ခြင်းခံရပြီး ဘေးန္တရာယ်များမှ လုံခြုံစွာရှိနေပါသည်။ သူ၏ဘဝတခုလုံးကသူဘာဖြစ်ကြောင်းဖော်ပြနေပါသည်။ သူဘယ်သွားသွား၊ ဘာ လုပ်လုပ်၊ မည်သူနှင့်ဘဲစကားပြောပြော၊သူ့ဘဝက သက်သေဖြစ်ပါသည်။ အပေါင်းအဖော်များနှင့် ဆက်သွယ်သည့် အခါ၊ အရာ ခပ်သိမ်းနှင့်ဆက်သွယ်သည့်အခါ၊ ထိုလက္ခဏာသက်သေရှိပါသည်။ အာမင်။

သေခြင်းတရားနှင့်ရင်ဆိုင်ရသော အခါ ဘေး အန္တ ရာယ်ကိုမကြောက်ပါ။အကြောင်းမှုကားကိုယ်တော်ရှင်သည် ကျွန်ုပ်နှင့် အတူရှိတော်မူသည်။ ရှင်ပြန်ထမြောက်ရမည့်နေ့ရက်တွင်ကိုယ်တော်ရှင်လည်း ရှိတော်မူ၍ နောက်ဆုံးသော နေ့ရက်တွင် ရှင်ပြန်စေပါမည်။

သခင်ယေရှုက လက္ခဏာသက်သေကို တွေ့ မြင်ရသောအခါ ကျော်ဖြတ်သွားမည်ဟုဆိုပါသည်။

63 ၆၃။ ထိုလက္ခဏာသက်သေကိုမဖော်ပြလျှင်ပဋိညာဉ်တော်မှာလည်းပယ်ဖျက်ခြင်းခံရပါသည်။ လက္ခဏာသက်သေ မရှိလျှင် ပဋိညာဉ်တော်လည်း မရှိတော့ပါ။လက္ခဏာသက်သေသည် ပဋိညာဉ်တော်အတွက် ရပ်တည်ပါသည်။ ဘုရားသခင်က ပဋိညာဉ် တော်ကို သူတို့နှင့်အတူပြုလုပ်ပါသည်။ သို့သော်လည်း လက္ခဏာသက်သေရှိရပါမည်။ ၎င်းသည် အကျိုးသက်ရောက်မှုမရှိပါ။လက္ခဏာသက်သေမရှိဘဲ ပဋိသညာဉ်တော်လည်း မရှိနိုင်ပါ။

ယုဒမြောက်များစွာတို့က တံခါးတွင်သွေးမသုတ်ဘဲသူတို့သည်အခြားလက္ခဏာများကို ပြနိုင်ပါသည်။ အရေဖျားလှီးခြင်း ခံသည့်အကြောင်း ပြောနိုင်သောလည်းမရပါ။အသွေးတော်တည်းဟူသော လက္ခဏာသက်သေကိုသာ လိုအပ်ပါသည်။

သင့်ကိုယ်သင် နှစ်ခြင်းဖြစ်ကြောင်း၊ ပရက်စဗီးထီးယန်း၊မက်သဒစ် စသည် ဖြင့် အမျိုးမျိုးပြောနိုင်ပါသည်။

သို့သော်လည်း လက္ခဏာသက်သေကို တွေ့သောအခါ သင်သည် ယုံကြည်သူတစ်ဦးဖြစ်သည်။သင့်မိခင်မှာ ဤအသင်း တော်မှ အသင်းသူတစ်ဦးဖြစ်သည်။ ဖခင်မှာလည်း အသင်းသားတစ်ဦးဖြစ်သည်။ကလေးဘဝမှာပင် သင်သည်လည်း အသင်း သားဖြစ်ခဲ့ပါသည်။ ကျွန်တော်မခိုးတက်ပါ။ လိမ်ညာပြောခြင်းမပြုတက်ပါ။

ဘရမ်ဟမ်တဲတော်မှ အသင်းသားဖြစ်သည်။ နှုတ်ကပတ်တော်အားလုံးကိုယုံကြည်ပါသည်ဟုသင်ဆိုသည်။

64 ၆၄။ သို့ဖြစ်လျှင်ယုဒများကလည်း သူတို့သည် ယေဟောဝါ ဘုရားသခင်ကို ယုံကြည်သည်ဟုဆိုကြပေမည်။

သူသည် သတင်းစကားများစွာကို ကြားခဲ့ဘူးသူဖြစ်ပေမည်။ သူတို့ထံတွင်သတင်းစကားများစွာရှိသည်။ ဤသတင်း စကားမှာ အချိန်ကာလနှင့်ဆိုင်သော သတင်းစကားဖြစ်ပါသည်။ညနေစောင်းအချိန်တွင် သွေးကို သုတ်လိမ်းရခြင်းဖြစ်ပါသည်။

ကျွနု်ပ် သည် ယုဒဖြစ်သည်ဟု သူတို့ဆိုကြပေမည်။

ယနေ့လူများက ဆိုလေ့ရှိကြပါသည်။ ကျွန်တော်ဟာခရစ်ယာန်ဖြစ်တယ်အချိန်ကြာမြင့်စွာအသင်းသားဖြစ်ခဲ့ကြောင်း အထောက်အထားပြနိုင်တာ။ ကျွန်တော်တနေရာရာမှာစိုးခဲခြင်းရှိသည်ကို တွေ့ကြပါသလား ရုံးတွင်တရားစွဲဆိုခြင်းခံခဲ့ရဘူးပါ သ လား? ကျွန်တော်ဤအရာများအားလုံး (သို့မဟုတ်) အလားတူအရာများကို မပြုလုပ်ခဲ့ဘူးပါ။သူသည်မည်မျှပင် ပဋိညာဉ် တရား ကို စောင့်ရှောက်ခဲ့ပါစေ။ ထိုပဋိညာဉ်များ ထိရောက်မှုမရှိတော့ပါ။အကျိုးသက်ရောက်မှုမရှိပါ။

သင်သည်ကျမ်းစာကျောင်းသား ဖြစ်သည်ဆိုကြပါစို့။

65 ၆၅။ သင်ဘာဖြစ်ဖြစ်ကျွန်တော်ဂရုမစိုက်ပါ။ ထိုပဋိညာဉ်မရှိပါက ဘုရားသခင်၏ အမျက်တော်သည် သင့်အပေါ်သက်ရောက်နေပြီးဖြစ်ပါသည်။

အပြစ်ဆိုသည်မှာ အဘယ်အရာဖြစ်ပါသနည်း? မယုံကြည်ခြင်းသည် အပြစ်ဖြစ်ပါသည်။ သင်၌သတင်း စကားကို မယုံကြည်ခဲ့ပါ။ နှုတ်ကပတ်တော်ကို မယုံကြည်ခဲ့ပါ။ လက္ခဏာသက်သေကိုယ်တော်တိုင်ကို မယုံကြည်ခဲ့ပါ။ သူကိုယ်တိုင်ကျွနု်ပ်တို့၏ အလယ် တွင် သက်သေပြခဲ့သော်လည်း မယုံကြည်ခဲ့ပါ။ သင်ထိုအရာကို မယုံကြည်ဘဲရှိခဲ့ပါသလား? သင်မည် မျှပင်မယုံကြည်ပါစေ ထိုအရာကို လက်တွေ့အသုံးချရမည်ပင်ဖြစ်ပါသည်။

သင်ကပြောနိုင်ပေမည်။ ကျွနု်ပ်ယုံကြည်မှုရှိပါသည်။ ထိုအရာသည်သမ္မာတရားပင်ဖြစ်ပါသည်။ ထိုသမ္မာတရားကို ကျွန်တော် လက်ခံပါသည်။ အာလုံးကောင်းပါသည်။သို့တိုင်လက်တွေ့ကျင့်သုံးရန်လိုပါသည်။

66 ၆၆။ ယုဒတစ်ဦးသည်ရပ်၍သွေးထွက်နေသော သိုးသူငယ်ကိုကြည့်ပြီး သွေးများကို မွေးနှောက်လျက် ဤအသွေးမှာ ယေ ဟောဝါဘုရားပင်ဖြစ်သည် ဟုပြောဆိုပါသည်။

ယဇ်ပုရောဟိတ်ကလည်း ရပ်လျက် ‘ ဟုတ်ပါသည်။ မှန်ကန်သည်ဟု ကျွနု်ပ်ယုံကြည်သည်ဟုဆိုသည် ’ ။ သို့သော်လည်း သူ၏အိမ်ပေါ်တွင် လက်တွေ့သုတ်လိမ်းခြင်းမရှိပါ။သူသည်ထိုအုပ်စုနှင့် မိမိကိုယ်ကို တဖွဲ့တည်းဖြစ်သည်ဟု အသိအမှတ်ပြုလို ခြင်းမရှိပါ။ တံခါးဘောင်တွင် သုတ်လိမ်းထားသော အသွေးတော်နှင့်သာ သက်ဆိုင်ပါသည်။ သူသည် ထိုအမှတ်အသားကိုအလိုမရှိပါ။ သူသည်မည်မျှပင် ယဇ်ပရောဟတ်ဖြစ်နေပါစေ၊ နှုတ်ကပတ်တော်ကို မည်မျှပင်နားလည်ပါစေ၊မည်မျှပင် ကောင်းမွန် စွာကြီးပြင်းလာရပါစေ၊ မည်မျှပင် အလုပ်ကောင်းမွန်ပါစေ၊ ဆင်းရဲသားများမည်မျှပင်ပေးကမ်းပါစေ၊ မည်မျှပင်ဆက်ကပ်ပူဇော် ပါစေ၊ အကြောင်းမဟုတ်ပါ။

တမန်တော်ကြီးရှင်ပေါလုက ‘ သူတပါးကို ကျွေးမွေး၍ ဥစ္စာရှိသမျှစွန့်ကြဲသည်သာမက ကိုယ်ခန္ဓာကိုမီးရှို့စေခြင်းငှာ အပ်သော် လည်း၊ တောင်များကိုရွှေ့စေသည့်ယုံကြည်ခြင်း၊ အခြားသောဘာသာစကားနှင့် ကောင်းကင် တမန်ဘာသာစကားများ ပြောနိုင်သော်လည်း ဤလက္ခဏာသက်သေမရှိလျှင် မေတ္တာမရှိလျှင်အချည်းနှီးသက်သက်သာဖြစ်ပါသည်။

67 ၆၇။ သင်သည်နတ်ဆိုးများကိုမောင်းထုတ်နိုင်ပါစေ ကျွနု်ပ်ဂရုမစိုက်ပါ။ သင်၏ဆုတောင်းခြင်း၊ ယုံကြည်ခြင်းအားဖြင့်အနာ ရောဂါများကိုငြိမ်းစေနိုင်ပါမည်။ သင်တို့သည် ဤအရာများအားလုံးကို လုပ်ကိုင်နိုင်ပါစေလက္ခဏာ သက်သေမရှိပါက သင်သည် ဘုရားသခင်၏ အမျက်တော်အောက်တွင်သက်ရောက်နေပေပြီ။

သင်သည် ယုံကြည်သူလည်းဖြစ်နိုင်ပေသည်။ တရားဟောရာ ပလ္လင်တွင်ရပ်လျက်ဇဝံဂေလိတရားကိုလည်း ဟောပြောနိုင်ပေ သည်။ ထိုနေ့တွင်လူများစွာတို့သည် ကိုယ်တော်ရှင်ထံသို့လာကြပြီး ကိုယ်တော်ရှင်၏နာမတော်မြတ်၌ ပရောဖက်ပြုခဲ့သည်။ ဟောပြောခဲ့သည်။ နတ်ဆိုးများကိုမောင်းထုတ်ခဲ့သည်ဟုဆိုကြပါ သည်။ သူတို့မှာ မက်သဒစ်များ၊ နှစ်ခြင်းများ၊ ပင်တွေကုတ္တေများဖြစ်ကြပါသည်။ သခင်ယေရှုက သူတို့ကို ငါ့ထံမှ ထွက်သွားကြ ပါ။ သင်တို့ကို ငါမသိဟုဆိုပါသည်။

လက္ခဏာသက်သေကို တွေ့မြင်ရသော အခါ သင်တို့အားငါကျော်ဖြတ်သွားမည်ဟု ကိုယ်တော်ရှင်မိန့်တော်မ◌းပါသည်။ ဤအချိန်ကာလအတွက် ဘုရားသခင်၏ လိုအပ်ချက်ပင်ဖြစ်ပါသည်။ညနေအချိန်သတင်းစကားမှာ လက္ခဏာသက်သေကို လက်တွေ့ကျင့်ရန်ပင်ဖြစ်ပါသည်။

68 ၆၈။ စာတန်သည်အတိုက်အခံမျိုးစုံကိုပစ်သွင်း၍ နည်းမျိုးစုံ၊ အထောက်အထားမျိုးစုံကို အသုံးပြုပါသည်။လက္ခဏာသက် သေတွင် အတိုက်အခံ မယုံတမ်းစကား၊ အစားထိုးမှုများမပါရှိကြောင်း သေချာထည့်အချိန်ရောက်လာပေပြီ။

အချိန်ရောက်သည့်အခါ လက္ခဏာသက်သေကိုယ်တိုင် ကျွန်ုပ်တို့အကြားတွင်မိမိကိုယ်ကို အမှတ်အသားအသိသက် သေပြု လုပ်ပြီး သူသည် မနေ့၊ယနေ့နှင့် ထာဝရကာလအတူတူပင်ဖြစ်ကြောင်းသက်သေပြုလုပ်ပါသည်။ သူသည် နှုတ်ကပတ်တော်နှင့် မှန်ကန်မှုရှိပါသည်။ လက်တွေ့ကျင့်သုံးခြင်းလုပ်ရပါမည်။သူသည် လက္ခဏာသက်သေရှိကြောင်းပြောကြားသော ပု ဂ္ဂိုလ် မှာ နှုတ်ကပတ်တော်ကို ငြင်းပယ်ပါသည်။ သင်မပြုလုပ်နိုင်ပါ။

လက္ခဏာသက်သေထိုနေရာတွင်ရှိပါမည်။ အသွေးတော်ထဲ ၌ရှိသောအသက်တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် လက္ခဏာသက်သေပင်ဖြစ်ပါသည်။ အမှုပိတ်သွားပြီးဖြစ်ပါသည်။

69 ၆၉။ သင်ဘာဘဲဖြစ်ဖြစ်၊သင်မည်မျှပင်ကောင်းမွန်ပါစေ၊ အသင်းတော်ဘယ်နှစ်ပါးပဲပြောင်းပြောင်း၊ ကောင်းမှုမည်မျှပင်ပြုလုပ်ပါစေ အကြောင်းမဟုတ်ပါ။ လက္ခဏာသက်သေကို လက်တွေ့ကျင့်သုံးခြင်းမရှိပါက သင့်အတွက်ဘာအဓိပ္ပာယ်မှ မရှိတော့ ပါ။ ယနေ့သည် ညနေပိုင်းအချိန် ရောက်နေပါပြီး။

လူသာ၏ခေတ်ကာလ၊ ဝက်စလီ၏ခေတ်ကာလတွင် အလုပ်ဖြစ်ခဲ့သမျှသည်ယခုအချိန်အခါတွင် အလုပ်မဖြစ်တော့ပါ။

သိုးသူငယ်၏အသွေးကို လက်တွေ့အသုံးချခြင်းမပြုလုပ်မှီသေဆုံးသူများမှာ တမူထူးခြားပါသည်။ ကောင်းမွန်သော ဩတပ္ပစိတ် ကြောင့် သူတို့ဆက်၍ ရှေ့ဆက်သွားနိုင်ကြပါသည်။

သူတို့အား ကြိုတင်ခွဲခန့်မှတ်သားတော်မူလျှင် သူတို့အားထိခိုက်မည်ဖြစ်ပါသည်။ကြိုတင်ခွဲခန့်မှတ်သားခြင်းမရှိပါက မထိခိုက်နိုင် ပါ။ ဘုရားသခင်နှင့်သာ သက်ဆိုင်တော်မူ၍သူဂရုဏာပြုရမည့်သူကို ပြုတော်မူပြီး သူစီရင်စစ်ကြောရမည့်သူကို စီရင် မည်ဖြစ်ပါ သည်။

70 ၇၀။ ဂျူးတစ်ဦးသည်မိမိယုံကြည်သူဖြစ်ကြောင်း ပြသရန်မှာ အရေဖျားလှီးခြင်းအားဖြင့်ဖြစ်ပါသည်။

လူများစွာရှိပါသည်။ သမ္မာကျမ်းစာကိုယုံကြည်သူတစ်ဦးကကျမ်းစာကို ကိုင်၍ မိမိသည်ယုံကြည်သူဖြစ်သည်။

ယုံကြည် ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်သည်ဟူလည်းခရစ်တော်ကဆိုထားပါသည်။ ကျွန်တော်သည်ယုံကြည်သူဖြစ်၍ ထိုသန့် ရှင်းသောဝိညာဉ်တော်ဗတ္တိဇံမှာအချည်းနှီးဖြစ်သည်ဟူ၍လည်း ဆိုထားပါသည်။ ထိုအခါလက္ခဏာသက်သေကိုလည်း လက်တွေ့ မကျင့်သုံးနိုင်ကြသေးပါ။သူမည်မျှပင်ယုံကြည်ပါစေ။ အသိအမှတ်ပြုခြင်းမခံရပါ။

ယုဒတစ်ဦး အရေဖျားလှီးခြင်းခံရသကဲ့သို့ပင် ဖြစ်ပါသည်။သူသည်ယုဒတစ်ဦးဖြစ်၍ အဘယ်ကြောင့် အခြားသော အယူသီးသူများကဲ့သို့ ထွက်၍ ပြုလုပ်ရပါမည်နည်း?

71 ၇၁။ မောရှေသည်မတ်တပ်ရပ်၍လမ်းမအလယ်တွင်ဟိုဖက်ဒီဖက် ရှောက်သွားပြီး ညနေသတင်းစကားရောက်လာပါပြီ။ နောက်ဆယ့်လေးရက်ကြာလျှင်တကယ်ဖြစ်လာတော့မည်ဖြစ်သဖြင့် ပရိတ်သတ်အားလုံး အတူတကွစုဝေးပြီး သိုးသတ်ကြရ ပါမည်။ ဣသရေလအမျိုးအနွယ်အားလုံးမိမိတို့၏ လက်ကိုသိုးသူငယ်အပေါ်သို့တင်၍ သတ်ကြရပါမည်။ အသွေးတော်မှာ လက္ခဏာသက်သေပင်ဖြစ်ပါသည်။

ထိုအသွေးတော်ကိုတွေ့ရသော အခါ သိုးသူငယ်အသေခံခြင်းကိုသင်တို့သည် လက်ခံခြင်း ဖြစ်သောကြောင့် သင်တို့ကိုငါကျော် သွားမည်ဟုဆိုပါသည်။

72 ၇၂။ ဝိညာဉ်တော်သည်သက်သေပင်ဖြစ်ပါသည်။ သင်တို့သည်ဝိညာဉ်တော်နှင့်ပြည့်ဝကြမည်ဖြစ်ပါသည်။ အသွေးတော်ကို သွန်းလောင်းပြီးသောအခါပင်တေကုတ္တေနေ့ရက်တွင်လေကဲ့သို့တိုက်ခတ်၍လက္ခဏာသက်သေကိုစေလွှတ်လိုက်ပါသည်။

တမန်တော်တိုင်း၏ အဓိကအချက်ပင်ဖြစ်ပါသည်။ သင်သည်ယုံကြည်ပြီးနောက်သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိပြီး ပါပြီလာ? နောင်တရကြလော့။ အပြစ်လွှတ်ခြင်းငှာသခင်ယေရှု၏နာမတော်မြတ်၌ဗတ္တိဇံကိုခံကြလော့၊ သန့်ရှင်းသော ဝိညာဉ်တော် ဆုကျေးဇူးကိုခံယူကြလော့။ အကြောင်းမှာငင်းသည်လက္ခဏာသက်သေဖြစ်သောကြောင့်ဖြစ်ပါသည်။ အာမင်။ သင်သည် သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းရသောအခွင့်ကိုရရှိပါပြီ။ယုဒအသင်းတော်မေးမိုန် ပျောက်ကွယ်သွားသောအခါ တပါး မျိုးသားက သိမ်းပိုက်လိုက်ပါသည်။

73 ၇၃။ လက္ခဏာသက်သေကိုဖော်ပြခြင်းမရှိပါက ပဋိညာဉ်တရားတော်မှာ ထိရောက်မှုမရှိပါ။ သင်သည် ယုံကြည်သည် ဟုဆို ပြီးနောက်သင်သည်နှုတ်ကပတ်တော်သွန်သင်မှုများကို လိုက်နာမှုမရှိပါက သင်အမှန်တကယ် ယုံကြည်ခြင်း မဟုတ်ပါ။

သင်သည် အရေဖျားလှီးခြင်း၊ ဗတ္တိဇံခံခြင်း၊ အသင်းသားအဖြစ်ခံယူခြင်းများပြုလုပ်သော်လည်းလက္ခဏာသက်သေတည်းဟူ သော သန့်ရှင်းသောဝိညာဉ်တော်မရှိပါက အချည်းနှီးသာဖြစ်ပါသည်။

74 ၇၄။ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးကအာဗြံဟံသည်ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်ရာသို့ ရောက်သကဲ့သို့ ကျွန်ုပ်တို့လည်း ယုံကြည်လျှင်ဖြစ်နိုင်ပါသည် ဟုဆိုပါသည်။

မှန်ပါသည်။ သမ္မာကျမ်းစာအဆိုအရ ယုံကြည်ခြင်းရှိပါက ကယ်တင်ခြင်းသို့ရောက်နိုင်ကြောင်းမှန်ကန်ပါသည်။

သူလျှို (၁၂)ဦးတို့သည် ခါနန်ပြည်သို့သွားရောက်၍ ထောက်လှမ်းရေးလုပ်ကြသောအခါ သူတို့သည်အခွင့် အလမ်းကို ရရှိကြပါ သည်။ သို့သော်လည်း နယ်ခြားနယ်နိမိတ် နယ်စပ်ဒေသသို့ရောက်ရှိသော အခါငြင်းပယ်ခြင်းခံကြရပါသည်။

သင်တို့ယုံကြည်သည်နှင့် ဝိညာဉ်တော် ဗတ္တိဇံကိုရကြပြီလာဟုကျွန်တော်က မေးမိပါသည်။ ဘုရားသခင်သည် အာဗြံဟံ ၏ယုံကြည်ခြင်းကို အသိအမှတ်ပြုပါသည်။ သူသည်ဘုရားကို ယုံကြည်သဖြင့် ဖြောင့်မတ်ရာသို့ရောက်ပါသည်။ ဘုရားသခင်က သူ့အားအရေဖျားလှီးခြင်းဖြင့်တံဆိပ်ခတ်လိုက်ပါသည်။ သူ့အတွက် နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ သူ၏ အသွေးအသားအရေ ဖျားလှီးခြင်းတို့သည်သူ၏ယုံကြည်ခြင်းကို အသိအမှတ်ပြုကြောင်း လက္ခဏာအမှတ်အသားပင်ဖြစ်ပါသည်။

သူသည် ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်၏ လက္ခဏာဖြစ်သည့်ယုံကြည်သူများအား အသိအမှတ်ပြုသည့် လက္ခဏာကို ပေးအပ်ခဲ့ပါသည်။ နောင်တရကြပြီး ယေရှုနာမ၌ဗတ္တိဇံခံ၍ အပြစ်ဖြေလွှတ်ခြင်းကိုခံယူပြီး သန့်ရှင်းသော ဝိညာဉ် တော် ဆုကျေးဇူးကိုလက်ခံယူကြပါ။ဂတိပေးပြီးသားဖြစ်ပါသည်။

75 ၇၅။ ဂျူးတို့မှာမည်မျှပင်သူတို့သည် အရေဖျားလှီးခြင်းခံရကြောင်း သက်သေပြနိုင်ခြင်းရှိသော်လည်း လက္ခဏာသက်သေကိုဖော်ပြနိုင်ခြင်းရှိရပေမည်။ ထိုသို့မဟုတ်ပါက ပဋိညာဉ်တော်မှာ ထိရောက်မှုရှိတော့မည် မဟုတ်ပါ။

ထိုနည်းဒငှ်းပင်ဖြစ်ပါသည်။ မည်မျှပင် သင်လုပ်နိုင်ပါစေ။မည်မျှပင်သင်သည် သမ္မာကျမ်းစာကို ရှင်းလင်းပြောပြနိုင် ပါစေ။ သင်သည် သမ္မာကျမ်းစာလေ့လာသူဖြစ်ရပေမည်။ သင်သည်မည်မျှပင် ယုံကြည်သူဖြစ်နေပါစေ။ လက္ခဏာသက်သေကို လိုအပ်ပါသည်။ ကျမ်းစာကျောင်းသားလည်းလိုအပ်ပါသည်။

မည်သူကမည်မျှပင် ကောင်းမှုကုသိုလ်လုပ်ပြီး အပြစ်ကင်းစင်ပါစေ။ဘုရားသခင်ရှေ့တော်တွင် အချည်းနှီးပင်ဖြစ်ပါ သည်။ လိုအပ်ချက်တစ်ခုသာရှိပါသည်။ တခုတည်းသောလိုအပ်ချက်ပင်ဖြစ်ပါသည်။

သင်ပြုလုပ်နိုင်မည်မဟုတ်ပါ။ တံခါးဘောင်တွင် သွေးကိုသုတ်လိမ်း၍မရပါ။ သိုးသူငယ်သေသွေးမှသာ လက္ခဏာ သက် သေဖြစ်ပေမည်။ သိုးသူငယ်သေသွေးကြောင်း ဖြစ်နိုင်သည့်လက္ခဏာမှာ သွေးပင်ဖြစ်ပါသည်။ လုပ်ကြံယုံကြည်စေခြင်း မဟုတ် ပါ။ သိုးသူငယ် သေသွေးခြင်းပင်ဖြစ်ပါသည်။

76 ၇၆။ သင်၏သိုးသူငယ်သေသွေးကြောင်းသန့်ရှင်းသော ဝိညာဉ်တော်သည် လက္ခဏာသက်သေဖြစ်၍ သင့်အပေါ်သို့ လက္ခ ဏာ သက်သေကို သင်လက်ခံရရှိပြီးဖြစ်ပါသည်။သူ၏အသက်တာသည် သင်၏အတွင်း၌ ရှိနေပါသည်။ လုပ်ကြံယုံကြည်စေခြင်း မဟုတ်ပါ။ ဟန်ဆောင်ခြင်းမရှိပါ။သင်သိပါသည်၊ လောကလုံးကလည်းသိပါသည်။ လက္ခဏာသက်သေရှိပါသည်။ လူ့ဇာတိခံယူ ခြင်းဖြစ်ပါသည်။

လူတစ်ဦးသည် ကိုယ်ကျင့်တရားမည်မျှပင် ကောင်းမွန်ပါစေ။ကျမ်းစာကျောင်းသားပင် ဖြစ်ပါစေ၊ အသင်းတော်တစ်ခု၏ အသင်းသားကောင်း တစ်ဦးပင်ဖြစ်ပါစေ၊လူကောင်းတစ်ဦးသာဖြစ်နိုင်ပေမည်။ ဂိုဏ်းဂဏ ခေါင်းဆောင်တစ်ဦးဖြစ်ပါစေ၊ ရောမ အသင်းတော်၏ဂိုဏ်းချုပ်ကြီးဖြစ်ပါစေ၊ ထိုသူကိုအသိ အမှတ်မပြုပါ။

77 ၇၇။ သို့သော်လည်းဣသရေလမှာ အသင်းတော်၏ပုံစံမျိုးဖြစ်ကြောင်းကျမ်းစာကျောင်းသားတိုင်းသိကြပါသည်။ ဂတိထားတော်မူရာနေရာအတွက်ဖြစ်သည်။ ထိုနေရာသို့ သူမကသွားနေခြင်းလည်းဖြစ်ပါသည်။

ညနေချမ်းချိန်ရောက်လာ၍ ခရီးသက်သာရသည့်အချိန်တွင်လိုအပ်ချက်တစ်ခုရှိလာပါသည်။ သူသည် မည်မျှပင်ဂျူး ဖြစ်ပါစေ၊ မည်မျှပင်ကောင်းမွန်စွာကောက်ပဲသီးနှံများကို စိုက်ပျိုးပါစေ၊ ပတ်ဝန်းကျင်အပေါ်မည်မျှကောင်းခဲ့ပါစေ၊ မည်မျှကောင်း မှုပြုခဲ့ပါစေ၊ မည်မျှကောင်းမွန်သောအသင်းသားဖြစ်ခဲ့ပါစေ၊ ဆယ်ဖို့ တဖို့မည်မျှပေးခဲ့ပါစေ၊ ထိုအရာအားလုံးမှာကောင်းမွန်ပါ သည်။ သူသည်လူကောင်း တစ်ဦးဖြစ်ပါသည်။ သူ၏အသိုင်းအဝိုင်းက သူ့ကိုလူကောင်းအဖြစ်အသိအမှတ်ပြုပါသည်။ လက္ခဏာ သက်သေတည်းဟူသော အသွေးတော်မရှိပါက သူသည်ပျောက်ကွယ် ပျက်စီးသွားမည်ဖြစ်ပါသည်။

78 ၇၈။ ကိုယ်တော်ရှင်ကျွန်တော်ပြောသည့်အရာများကို ယခုအခါတွင်သော်ငှ်း၊ နောင်ကာလဆက်ဆက်အတွက်သော်ငှ်း၊ အမှတ်အသားပြုလုပ်နိုင်ရန်အတွက် စောင့်မတော်မူပါ။

သင်သည် ဧဝံဂေလိတရားမည်မျှ ဟောကြားခဲ့ပါစေ၊နတ်ဆိုးများ မောင်းထုတ်ခဲ့ပါစေ၊ အခြားသောဘာသာ စကားပြော ခဲ့ပါစေ၊ အောဟစ်ခဲ့ပါစေ၊ဝိညာဉ်တော်၌ကခုန်ခဲ့ပါစေ၊ လက္ခဏာသက်သေ မရှိပါကသင်ပြုလုပ်နိုင်မည်လောဟု သင့်ကိုယ်သင် မေးမိပေ မည်။

ပေါလုက ပြုလုပ်နိုင်မည်ဟုဆိုပါသည်။ကောင်းမှုများကိုအားမကိုးပါနှင့် လက္ခဏာသက်သေကိုသာ အားကိုးပါ။ သင်မည်မျှပင်ပြုလုပ်နိုင်ခဲ့ပါစေ၊ မည်မျှပင်ကောင်းမွန်ပါစေ၊ ဘုရားသခင်၏ အမျက်တော်သက်ရောက်လာသောအခါ လက္ခဏာသက်သေကိုသာ အသိအမှတ်ပြုပါသည်။

79 ၇၉။ လိုအပ်သောအဖိုးအခကိုပေးခဲ့ရသောလက္ခဏာသက်သေပင် ဖြစ်ပါသည်။ ပေးခဲ့ရသောအဖိုးအခမှာလည်း သခင်ယေရှု၏အသွေးတော်ပင်ဖြစ်ပါသည်။ သူသည်သူ၏အသက်ကို ပေးခဲ့ပါသည်။ သူ၏ဝိညာဉ်သည် သင့်ထံသို့လက္ခဏာသက်သေ အဖြစ်ပြန်လာပါသည်။ သင်သည်လက္ခဏာ သက်သေကို သင်နှင့်အတူဆောင်ယူ၍တနင်္ဂနွေနေ့ တနေ့တည်းမဟုတ်ဘဲ နေ့ရော ညပါ အမှတ်အသားဖြစ်ပါသည်။ တချိန်လုံး သင့်အထဲ၌လက္ခဏာသက်သေရှိပါသည်။

သင်ကသင်သည် ယုံကြည်သူဖြစ်သည်ဟု ဆိုပါသည်။သို့သော်လည်း လက္ခဏာသက်သေကို သင်ငြင်းပယ်ပါက သင် မည်ကဲ့သို့ယုံကြည်သူဖြစ်လာပါမည်နည်း ? သင့်အားဆန့်ကျင်၍ပြောဆိုပါသည်။ သင့်သက်သေခံချက်လည်း ဆန့်ကျင်၍ ပြော ဆိုပါသည်။

ကျမ်းစာကျောင်းသား။ လူကြီးလူကောင်း၊ ခရစ်ယာန် အသင်းသား။ သင်ဘာဘဲဖြစ်ဖြစ်ဘာအကြောင်းမှ မဟုတ်ပါ။ သင့်ဖခင်က တရားဟောဆရာပင်ဖြစ်ပါစေ၊ သင့်မိခင်ကသူတော်စင်ပင်ဖြစ်ပါစေ၊ သူတို့အတွက် သူတို့ပြန်လည်၍ အဖြေပေးရ ပါမည်။

လူတို့က မိမိတို့ဖါသာ ဘုရားတင်မြှောက်တက်ကြပါသည်။ဘိုးတော်များ၊ ရုပ်ရှင်မင်းသားများ စသည်တို့ဖြစ်ပြီး သူတို့မှာအန္တရာယ်ပေးသူများမဟုတ်ပါဟုဆိုကြသည်။

80 ၈၀။ ဘုရားသခင်မှာမြေးများမရှိပါ။ သူသည်ဖခင်ပင်ဖြစ်ပါသည်။ ဒုတိယမွေးခြင်းခံရန် လိုအပ်ပါသည်။

ဘုရားသခင်သည် တရားစီရင်ခြင်း၏အရှင်ဘုရားသခင်ဖြစ်ပါသည်။ သမ္မာကျမ်းစာက ကိုယ်တော်ရှင်၏ အမျက်တော်သည်ကြောက်မက်ဖွယ်ရာဖြစ်သည်ဟု ဆိုထားပါသည်။ ဘုရားရှင်ကောင်းမြတ်ခြင်းကို လက်ခံတော်မူ၍သင်၏အပြစ်ကို ဖယ်ရှားပြီး သင့်ကိုကောင်းကင်သို့ပို့ဆောင်တော်မူပါသည်။ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ပါက လက္ခဏာသက်သေသည်သင့်အပေါ်သို့ သက်ရောက်ပေမည်။

81 ၈၁။ ထိုညကသေခြင်းတရားသည် အီဂျစ်နိုင်ငံပေါ်သို့သက်ရောက်ပါသည်။ကြောက်မက်ဖွယ်ကောင်းသောအချိန်ပင် ဖြစ်ပါ သည်။

ဘုရားသခင်သူတို့ထံ လာရောက်ပါသည်။ သူတို့အလယ်တွင်ဘုရားက ကြီးမားသော နိမိတ်လက္ခဏာနှင့် အံ့ဖွယ်ရာများ ကိုပြုလုပ်ပါသည်။ ဘုရားသခင်သူ၏ကျေးဇူးတော်ကို သူတို့အားပြသပါသည်။ သူတို့အား အခွင့်အရေးပေးပါသည်။

ဘုရားသခင်က ပြင်ဆင်ထားတော်မူခြင်းဖြစ်၍ ပရောဖက်၏နှုတ်တွင်လည်း သူ၏စကားကိုထားတော်မူခြင်းဖြစ်ပါသည်။ သူပြောသောအခါတကယ်ဖြစ်ပျက်လာ၍သူတို့ကလည်း တွေ့မြင်ကြရပါသည်။ သူတို့ငြင်းပယ်၍မရပါ။

မောရှေသည် ဘုရားသခင်ထံမှလာသောစကားကိုသာဟောကြားပါသည်။ မောရှေမှာ ဘုရားကဲ့သို့ဖြစ်ရပါသည်။ ဘုရား သခင်ကသူ့အားဘုရားကဲ့သို့ဖြစ်သောကြောင့်ဖြစ်ပါသည်။ ‘သင်သည်ဘုရားကဲ့သို့ဖြစ်၍အာရုန်သည် သင်၏ပရောဖက်ဖြစ်ပေ မည်။’ သူ့အားဖြင့်ဘုရားသခင်ပြောဆိုသမျှကို လူတို့ကမငြင်းပယ်နိုင်ပါ။ ‘ သင်ပြောသမျှအရာများ ဖြစ်ပျက်ပေသည် ’ အီဂျစ်တို့ ကလည်းတွေ့မြင်ခွင့်ရပါသည်။ ညနေစောင်းအချိန်တွင် တွေ့မြင်ရခြင်းဖြစ်ပါသည်။

ကိုယ်တော်ရှင်ကောင်းမြတ်တော်မူခြင်းကို ပြသပါသည်။သူယူဆောင်နိုင်ကြောင်းပြသပါသည်။ အနာရောဂါငြိမ်းပေးပါ သည်။

82 ၈၂။ မျက်လှည့်ဆရာများဖြစ်ကြသောအတုယူသူများကလည်း လိုက်၍လုပ်ဆောင်ကြပါသည်။ သူတို့ကဲ့သို့ သောသူမျိုးကိုအမြဲတွေ့ရပါသည်။ သူတို့သည် Janes နှင့် Jambres တို့ဖြစ်ကြပါသည်။ အစစ်အမှန်မဟုတ်ကြပါ။ ခဏသာခံပါသည်။မကြာမီ သူတို့လှည့်ဖျားမှု ပေါ်လွင်လာပါသည်။

သမ္မာကျမ်းစာတွင် နောက်ဆုံးသောနေ့ရက်များတွင်အလားတူအဖြစ်အပျက်မျိုး ဖြစ်ပျက်မည်ဟုဆိုထားပါသည်။ Janes နှင့် Jambres ကမောရှေကိုဆန့်ကျင့်ပါသည်။သို့သော်လည်း သူတို့၏ဟန်ဆောင်မှု ပေါ်လွင်သွားပါသည်။ သမ္မာတရားနှင့် ပတ်သတ်၍စိတ်နှလုံး မမှန်ကန်သူများ ဖြစ်ပါသည်။ သူတို့တွင်ပရိတ်သတ်များနှင့်ကြီးမားသောအရာများရှိပါသည်။ သို့သော် လည်း နောက်ဆုံးသောအချိန်ကာလ ရောက်လာပေမည်။

လက္ခဏာသက်သေနှင့် မှန်ကန်စွာရပ်တည်ပါ။ ဘုရားသခင်ကျွန်ုပ်တို့အားလုပ်စေချင်သော အရာဖြစ်ပါသည်။ သူ၏ နှုတ်ကပတ်တော်ကို သူ၌တည်ပါစေ။မပြောင်းလဲပါစေနှင့်။ သမ္မာကျမ်းစာဆိုထားသည့် အချက်ရှိပါသည်။

သေခြင်းတရားသက်ရောက်လာပါသည်။ ဘုရားသခင်သည်သူတို့အား ဂရုဏာတော်ကိုပြသပါသည်။ တန်းခိုးနှင့် နိမိတ်လက္ခ ဏာများကိုလည်းပြသပါသည်။

83 ၈၃။ နောက်ဆုံးသောနေ့ရက်များတွင်သူဂတိထားတော်မူသည့်အတိုင်းသာ ဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့၏စိတ်ထဲတွင် စဉ်းစားကြည့်ကြပါစို့။

ဤအရာများအားလုံးကို သူပြုလုပ်ခဲ့ခြင်းဖြစ်၍သူတို့သည် နောင်တရရန် ဆန္ဒမရှိပါ။ နေ့ရက်ကာလ၏ သတင်းစကား ကိုလည်းယုံကြည်လိုသောဆန္ဒမရှိပါ။ နေ့ရက်ကာလ၏သတင်းစကားကိုလည်း ယုံကြည်လိုသောဆန္ဒမရှိကြပါ။သူတို့ဆောင် ရွက်လိုသောဆန္ဒ မရှိပါ။ သူတို့ရှေ့တွင်ဖော်ပြခဲ့ခြင်းဖြစ်ပြီးသိစေလိုသော်လည်း သူတို့ကသိစေလိုသော ဆန္ဒမရှိပါ။

ထိုသို့သောအရာများ ဖြစ်ပေါ်နေသည်ကို သင်တွေ့ရသောအခါနောင်လာမည့်တရားစီရင်ခြင်း၏ နိမိတ်လက္ခဏာဖြစ် ကြောင်းသိရပေမည်။ အမြဲတမ်းဖြစ်ပျက်နေခြင်းဖြစ်ပြီး ချွင်းချက်မရှိပေ။ တရားစီရင်ခြင်း နောက်တွင်ကျေးဇူးတော်သက်ရောက် ပါသည်။ ဂရုဏာတော်ကို ဖော်ပြပြီးနောက် စီရင်ခြင်းမှ တပါးဘာမှမရှိတော့ပါ။

84 ၈၄။ ဝိညာဉ်ရေးရာအဖြစ်အပျက်တိုင်းသည်ဘုရားသခင်ထံမှ နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ သတိထားပါ။ ဝိညာဉ်ရေးရာအဖြစ်အပျက်တိုင်းကို သတိပြုပါ။ ဖြစ်ပျက်သမျှသည် နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ကျွန်ုပ်တို့ဤနေရာသို့ရောက်နေခြင်းမှာ မတော်တဆရောက်နေခြင်းမဟုတ်ပါ။ ဤအရာများသည်မတော်တဆဖြစ်ပျက်ရခြင်းမဟုတ်ပါ။ နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ အန္တရာယ်ကင်းသည့်နေရာသို့ လျှင်မြန်စွာရှောင်နေပါ။

နောဧသည်သူ၏မျိုးဆက်အတွက် နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ဧလိယ၊ ယောဟန်စသည်တို့များမှာလည်း သူ့ခေတ်သူ့အခါ အတွက် နိမိတ်လက္ခဏာပင် ဖြစ်ပါသည်။အရာခပ်သိမ်းမှာ အဓိ ပ္ပာယ်ရှိပါသည်။

ဤကဲ့သို့သောသတင်း စကားမျိုးဘယ်အချိန်ကမှမဖြစ်ပျက်ခဲ့ဘူးပါ။ လူသာ၏ခေတ်၊ ဝက်စလီ၊ ပင်တေကုတ္တေခေတ် ကာလများတွင်မဖြစ်ပျက်ခဲ့ဘူးပါ။ ဘယ်သောအခါမှ မဖြစ်ပျက်ခဲ့ဘူးသော်လည်း သမ္မာကျမ်းစာထဲတွင်ဂတိပေးထားခြင်းရှိပါ သည်။ ကျွန်ုပ်တို့မှာ နောက်ဆုံးသောအချိန်ကာလသို့ရောက်နေပေပြီ။ နိမိတ်လက္ခဏာအတွက် ဖြစ်ပေါ်နေခြင်းသာဖြစ်ပါသည်။

ထိုလက္ခဏာသက်သေ၏အောက်သို့ အမြန်ဆုံးသွားရောက်ကြပါ။အစားမထိုးပါနှင့်။ အစားထိုးရန်ကိုပင် မစဉ်းစားပါနှင့်။ လက္ခဏာသက်သေ သက်ရောက်ပြီးခရစ်တော်နှင့်ပြည့်ဝသည့်အထိ ကမ္ဘာလောကကြီးနှင့် ဆိုင်သောအရာများသည် သင့်အ တွက်အဓိပ္ပါယ်မရှိတော့သည့်အထိနေပါ။ ယုံကြည်ချင်ယောင်ဆောင်သောသူ မဟုတ်ဘဲ စစ်မှန်သောယုံကြည်သူဖြစ်သည် အထိနေပါ။

85 ၈၅။ သတင်းစကားသည်အသင်းတော်အတွက်နိမိတ်လက္ခဏာပင် ဖြစ်ပါသည်။ လူများတွက်နိမိတ်လက္ခဏာလည်း ဖြစ်ပါ သည်။ နောက်ဆုံးသော ကာလ၏နိမိတ်လက္ခဏာကိုတွေ့ရပါသည်။ လက်တွေ့ကျင့်သုံးရန် လက္ခဏာသက်သေရှိ၍ အခြားချိန် ကာလတွင် မလာရောက်နိုင်ပါ။

86 ၈၆။ ထိုအချိန်ကာလအတွက်ဘုရားသခင်ပြင်ဆင်ထားသည်ကို သတိပြုပါ။ ထိုအဖြစ်အပျက်များအားလုံး ဖြစ်ပျက်သည်မှာကျွန်ုပ်တို့မြင်တွေ့စေရန်ဖြစ်သည်ဟု သမ္မာကျမ်းစာဆိုပါသည်။ အီဂျစ်ပြည်ကိုဘုရားသခင်စီရင်ရန် အဆင်သင့်ဖြစ်လာသောအခါ သူကကြိုတင်ပြင်ဆင်မှုများပြုလုပ်ပါသည်။ပထမဆုံးအချိန်တွင် သူဘာလုပ်ပါသနည်း? သူ၏အမိန့်ကိုသူပြောင်းလဲခြင်းမပြုလုပ်ပါ။

ပထမဆုံးအကြိမ်သူပြင်ဆင်သောအခါ သူကပရောဖက်နှင့်အတူသတင်းစကားကိုပို့ဆောင်ပါသည်။ သတင်းစကားနှင့် အတူ ပရောဖက်ကိုပို့ဆောင်ခြင်းဖြစ်ပါသည်။

နောက်တဖန်သူပြုသောအရာမှာ ထိုပရောဖက်ကိုအမှတ်အသားပြုလုပ်ရန်အတွက် မီးတိုင်ဖြင့် အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။

တတိယအချက် သူပို့ဆောင်ခြင်းမှာ လက္ခဏာသက်သေပင်ဖြစ်ပါသည်။အတိအကျ အမှန်အကန်ပင်ဖြစ်ပါသည်။ တို ကင်၏အဓိပ္ပာယ်မှာ မည်သို့သက်ရောက်မည်နည်း? စိတ်ချမှုအာမခံချက်ပင်ဖြစ်ပါသည်။

ပထမဆုံးသူ၏ပရောဖက်နှင့်အတူ သတင်းစကားပင်ဖြစ်ပါသည်။သူ၏ပရောဖက်နှင့်အတူ မီးတိုင်ဖြင့် အမှတ်အသား ပြု လုပ်ပါသည်။ လက္ခဏာသက်သေကို စေလွှတ်တော်မူ၍ဤအသွေးတော်အောက်သို့ သက်ရောက်စေပြီး သင်၏နေရာတွင် ဤ အစားထိုးအသေခံခြင်းကိုသူကလက်ခံပါသည်။ အသွေးတော်မှာ သူကြည့်နေသော အမှတ်အသားဖြစ်ပါသည်။ သတင်းစကားကိုကြားရပြီး မီးတိုင်ကိုယုံကြည်၍ သင့်အတွက် ပြင်ဆင်ပေးထားသောအစားထိုးမှုကိုလက်ခံပါသည်။ သင်သည် အသွေးတော် အောက်သို့ ရောက်သွားပေပြီ။

87 ၈၇။ ယခုအခါသင်သည်သန့်ရှင်းသော ဝိညာဉ်တော်၏အောက်သို့ သက်ရောက်သွားပြီဖြစ်ပါသည်။ သတင်းစကားကို သင်ယုံကြည်ပြီးတန်ခိုးတော်နှင့် မီးတိုင်ကို သင်ယုံကြည်ပါသည်။

88 ၈၈။ ယုံကြည်ခြင်းသက်သက်နှင့်မလုံလောက်သေးပါ။ ကောင်းမှုကိုသိလျက်နှင့် မလုပ်ခြင်းမှာ အပြစ်ပင်ဖြစ်ပါသည်။ ဟိုမရောက်ဒီမရောက် ယုံကြည်သူများပင်ဖြစ်ပါသည်။

‘ အလင်းသို့တခေါက်ရေယက်၍ကောင်းကင်ဆုကျေးဇူးကိုမြည်းစမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူခြင်း၊ ဘုရားသခင်၏ကောင်းမြတ်သော တရားစကားကိုင်၊ နောင်ကပ်ကာလ၏တန်ခိုးများကိုင်း၊မြည်းစမ်းခြင်းရှိပြီး၊ ရွေ့လျားဖေါက် ပြန်သောသူတို့သည် မိမိတို့တွင်ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍ အသေရေတော်ကို ရှုတ်ချသောသူဖြစ်သောကြောင့် နောက်တဖန်နောင်တရအံ့သောငှာ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြ ’ ဟေဗြဲအခန်းကြီး (၆) တွင်အ ထက်ပါအတိုင်း ဖေါ်ပြထားသည်ကိုတွေ့ရပါသည်။

တိရိစ္ဆာန်ထဲတွင် အသက်မရှိနိုင်ပါ။လက္ခဏာသက်သေတွင်သာ အသက်ရှိပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ပင် ဖြစ် ပါသည်။

89 ၈၉။ သင့်အသက်ပျောက်ကွယ်သွားပြီးသင်လည်းသေသွားသည်။ သင်၏အသက်မှာလည်းသေဆုံးပေပြီ။ သင်သည် ဘုရား သခင်၌ခရစ်တော်အားဖြင့်ပုန်းကွယ်နေ၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်တံဆိပ်ခတ်နိုပ်ပြီးဖြစ်ပါသည်။ ခရစ်တော်နှင့် အတွင်း၌ရှိသော စိတ်နှလုံးသည်သင့်အထဲ၌လည်း ရှိပါသည်။

ခရစ်တော်နှင့် သမ္မာကျမ်းစာနှင့်နှုတ်ကပတ်တော်မှာ အတူတူပင် ဖြစ်ပါသည်။ 'အစဦး၌ နှုတ်ကပတ်တော်ရှိ၍နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်နှင့် အတူရှိတော်မူပြီး နှုတ်ကပတ်တော် သည်ဘုရားသခင်ဖြစ်တော်မူပါသည်။' သင်နှင့်တကွ နှုတ်ကပတ်၊ ဘုရားသခင်နှင့် ခရစ်တော်သည် အတူတူပင်ဖြစ်ပါသည်။

'သင်သည်ငါ၌တည်၍ငါ့စကားသည်သင့်၌တည်လျှင် သင်တို့သည်တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်' ဟုဆိုထားပါ သည်။

90 ၉၀။ မောရှေ၏နှုတ်ထဲသို့ တန်ခိုးကိုထည့်သွင်းလိုက်သော အခါ သူ၏နှုတ်ကပတ်တော်နှင့် ပြောဆိုသောအခါဖါးများထွက်ပေါ်လာပါသည်။ တဖန်ထပ်ပြောလျှင် ဖါးများပျောက်ကွယ်သွားသည်။တဖန်ပြောသောအခါ သန်းများထွက်ပေါ်လာပါသည်။ တဖန်ပြောသောအခါ သန်းများပျောက်ကွယ်သွားပါသည်။ အာမင်။

သို့သော်လည်း လက္ခဏာသက်သေမှာဣသရေလတို့အားလုံးအတွက်လိုအပ်ပါသည်။ ဣသရေလတို့အားလုံး ဤလက္ခဏာသက်သေကိုလိုအပ်ပါသည်။ထိုလက္ခဏာသက်သေကို တွေ့သော အခါ ဘုရားသခင်ကကျော်ဖြတ်သွားမည်ဖြစ်ပါသည်။ အာမင်။ ချက်ကောင်းတခုပင်ဖြစ်ပါသည်။

91 ၉၁။ ဣသရေလသည်အီဂျစ်နိုင်ငံမှထွက်လာသောအခါ ပုံစံပြုခြင်းပင်ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အရာတစ်ခုကိုပုံစံပြုခြင်း ပင်ဖြစ်ပါသည်။ အီဂျစ်နိုင်ငံမှာ အသင်းတော်ဖြစ်သည်။ ဣသရေလနိုင်ငံမှာသတို့သမီးအဖြစ် ကိုယ်စားပြုခြင်းဖြစ်သည်။ ဣသရေလနိုင်ငံသည်အီဂျစ်နိုင်ငံမှထွက်ခွာလာသောအခါ သတို့သမီးမှာလည်း အသင်းတော်ထဲမှထွက်ခွာလာခြင်းပင်ဖြစ်ပါ သည်။ အဲဒီလိုထွက်လာရတဲ့အကြောင်းအရာတစ်ခုရှိရပါမယ်။ထွက်ကိုထွက်လာရပါမည်။ ပုံမှန်ပုံစံအတိုင်း ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ အသင်းတော်မှာ အီဂျစ်နိုင်ငံတွင် ရောက်ရှိနေပါသည်။ လောကထဲတွင်ရောက်နေပြီးအပြစ်ရှိသည်။ သင့်ရဲ့တိုကင် အမှတ်အသားကိုလည်း လုံးဝဂရုမစိုက်ဖြစ်ဘဲနေပါသည်။ယုံတောင်မယုံပါ။ သို့သော်လည်း ဣသရေလနိုင်ငံသည် ကယ်တင် ခြင်းရစေရန်အတွက်နှစ်သက်ပါသည်။ ကျွန်တော်တို့ကိုလည်း ပျော်ရွှင်စေပါသည်။ကျွန်တော်တို့နှလုံးသားများကိုလည်း ရွှင်မြူး စေပါသည်။

92 ၉၂။ အသင်းတော်အနေနှင့်လက်တွေ့ကျင့်သုံးပါ။ ဆုံးရှုံးမှုမဖြစ်ပါစေနှင့် နေမဝင်ပါစေနှင့်။ လုံးဝအနားမယူပါနှင့်။နေ့ဖြစ်စေ၊ ညဖြစ်စေ လုံးဝမနားပါနှင့် ဘာအခွင့်အရေးမှ မယူပါနှင့်။အကြောင်းထူးလာမည်မဟုတ်ပါ။ ခင်ဗျားတို့မှာ တုန်ကင် (အမှတ်အသား) ရှိဘိုသာလိုပါသည်။

ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်သွားမည်ဟုသင်ကဆိုပါမည်။ ကျွန်တော်သတင်းစကားကိုယုံကြည်သည် ဟုဆို ပါသည်။ အဲဒီလိုပြောဆိုခြင်းဟာကောင်းပါတယ်။

သို့သော်လည်း သင့်မှာ အမှတ်အသားရှိကိုရှိရပါမည်။ကြားနာမှုရှိသည် ဘရမ်ဟမ်တဘမ်နကယ်လ်တဲတော်မှာ ပြောဆို သည်ကို ကြားရပါသည်။သို့သော်လည်း အမှတ်အသားကို ပြနိုင်ရပါမည်။ အမှတ်အသားမရှိပါကသင်တို့ယုံကြည်ခြင်းသည် အချည်းနှီး သက်သက်သာဖြစ်ပါသည်။ သင်သည်ကောင်းသောအသက်တာဖြင့် အသက်ရှင်မည်။ နှုတ်ကပတ်တော်ကိုကြားနာ မည်။ဘုရားကျောင်းသွားမည်။ မှန်ကန်စွာအသက်ရှင်မည်။ အားလုံးကောင်းပါသည်။ သို့သော်လည်းအမှတ်အသားမရှိပါက အချည်းနှီးသာဖြစ်ပါသည်။ သွေးအားဖြင့်မှတ်သားထားသည်ကို တွေ့ရမှသာအမှတ်အသားဟု ဆိုနိုင်ပါသည်။

93 ၉၃။ တချို့ခါတုဗေတသဘောကိုကိုယ်တော်ရှင်တွေ့ြမင်ရပါမည်။ အကြောင်းမှာ အသက်ပျောက်ဆုံးသွားပါသည်။ ထိုနေရာမှသူပျောက်ဆုံးသွားရပါမည်။ ထိုအရာသည် တိရိစ္ဆာန်ပင်ဖြစ်ပါသည်။

သို့သော်လည်း ဤနေရာမှာ ကိုယ်တော်ရှင်၏အသက်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ အသက်သည် အသွေးတော်ထဲ တွင်ရှိပါသည်။ ခါတုဗေဒသဘောအရ အမှတ်အသား (သို့မဟုတ်) သန့်ရှင်းခြင်း သင်္ကေတသာ ဖြစ်ပါသည်။ အသက်တာမှာအမှတ်အသားပင်ဖြစ်ပါသည်။ အရေဖျားလှီးခြင်းမရှိပါက အမှတ်အသားမရှိပါ။ ပဋိညာဉ်ထဲမှာသင်ပါဝင်မည်မဟုတ်ပါ။ အရာ တစ်ခုလုံး အတူတကွလုပ်ဆောင်ခြင်းသာဖြစ်ပါသည်။ သင်သည်နှုတ်ကပတ်တော်တွင် အရေဖျားလှီးခြင်းခံမည်ဟု ဆိုပါက နှုတ်ကပတ်တော်ကိုသင်ယုံကြည်မည်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကိုယုံကြည်ပါက အမှတ်အသားရှိကို ရှိရပါမည်။ အကြောင်းမှာကိုယ်တော်ရှင်မိန့်တော်မူပါသည်။ နောင်တရကြပါ။ ဗတ္တိဇံခံကြပါ။ သခင်ယေရှုနာမ၌မိမိတို့ရဲ့အပြစ်တွေကိုဆေးကြောပြီးတော့ သန့်ရှင်းစေဘို့ ထို့နောက်သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကို ရရှိဘို့အတွက် ဝိညာဉ်ဆုကျေးဇူးကိုရရှိဘို့ အတွက် နောင်တရကြပါဟု ဗတ္တိဇံယောဟန်က ပြောပါသည်။

94 ၉၄။ ကိုယ်တော်ရှင်ဂတိထားတော်မူသောပြည်သို့ လာရောက်ရန်အတွက် ပြင်ဆင်ခြင်းများကို သတိထားပါ။ကိုယ်တော်ရှင် ဘာလုပ်သည်ကို သတိပြုကြည့်ပါ။ပထမဆုံးအနေနှင့် သူသည်မိမိလူများအတွက်မြေကိုပြင်ဆင်ပေးပါသည်။ နောက်ပြီးတော့ သူတို့အတွက်ပြင်ဆင်မှုများ လုပ်ပေးပါသည်။နောက်ပြီးတော့ သူတို့အတွက် ပြင်ဆင်မှုများ လုပ်ပေးပါသည်။ အကြောင်းမှာဂတိတော်ပေးထားသော မြေနေရာနှင့် ဆိုင်သော သူများဖြစ်သောကြောင့် ဖြစ်ပါသည်။

ကြိုတင်၍ သတိပေးခြင်းခံရသောသူများ အတွက်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင် မည်သို့ပြုလုပ်ပါသနည်း? ပရောဖက်အား သတင်းစကားနှင့်ပြင်ဆင်ပေး၍ မီးတိုင်ဖြင့် အမှတ်အသားပြုထားပါသည်။မှန်ကန်ကြောင်း သက်သေပြနိုင်ရန် စိတ်ချလက် ချရှိနိုင်ရန် အမှတ်အသားပင်ဖြစ်ပါသည်။မှန်ပါသည်။ သူမ၏သဘောတူညီမှု အမှတ်အသား လက္ခဏာပင်ဖြစ်ပါသည်။

ဣသရေလနိုင်ငံသည် အီဂျစ်နိုင်ငံထဲမှထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ပုံစံပင်ဖြစ်ပါသည်။ ဂိုဏ်းဂဏများထဲမှ အသင်းတော်ပေါ်ထွက်လာမည်ဆိုသည်ကို ဖေါ်ပြခြင်းဖြစ်ပါသည်။ အားလုံးကို ထိန်းချုပ်ထားလို့မရပါ။သတို့သမီးကို ဆိုလိုခြင်းဖြစ်ပါသည်။

အားလုံးကို ထိန်းချုပ်ထားလို့မရပါ။သတို့သမီးကိုဆိုလိုခြင်းဖြစ်ပါသည်။ အချို့သော လွတ်လွတ်လပ်လပ် နေလိုသူများရှိပါသည်။ ဂိုဏ်းဂဏများကဲ့သို့ ဆိုးဝါးပါသည်။ ထိုဂိုဏ်းဂဏများထက်ပင် တခါတရံပိုမို၍ဆိုးဝါးပါသည်။

ကျွန်တော်ပြောဆိုနေသည့် အကြောင်းအရာမှာလက်တွေ့ကျင့်သုံးရမည့် အမှတ်အသားအကြောင်းပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်စကားလုံးတိုင်းကို ထိုအမှတ်အသားက အသိအမှတ်ပြုပါသည်။ ထိုကဲ့သို့ဖြစ်ရပါမည်။အဘယ်ကြောင့်ဆိုသော် နှုတ်ကပတ်တော်ဖြစ်သော ကြောင့်ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ထဲမှာအသက်ရှိပါသည်။ ငါ၏ နှုတ်ထွက်စကားများမှာ ဝိညာဉ်ရေးရာဖြစ်ပါသည် အသက်ရှိပါသည်ဟုသခင်ယေရှုကဆိုပါသည်။

95 ၉၅။ မောရှေသည်သူ၏သာသနာပြုခြင်းကို ဣသရေလနိုင်ငံတွင် စတင်ပြီးတော့ ကြီးမားသော နိမိတ်လက္ခဏာများတွေ့ရ ပါသည်။ ဂေါရှင်မှာရှိသော အဲဂုတ္တုပြည်မှာ ဣသရေလများအားလုံးကိုလျှင်မြန်စွာစုဝေးပြီး မိမိတို့၏ မွေးရပ်မြေသို့ပြန်လည်ရန် ခေါ်ဆောင်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ခုဖြစ်မည်ကို သူတို့သိနေသောကြောင့်ဖြစ်ပါသည်။မည်သို့သောပုံစံမျိုး မှာနည်း?

သူတို့သည်အရှေ့ဘက်မှ အနောက်ဘက်သို့ လာကြပါသည်။

ဝေးကွာသောနယ်မြေများမှ လာကြပါသည်။

သီချင်းကို လည်းသူတို့ကြားရပါသည်။

ဘုရင်နှင့်အတူ ပွဲတော်ဝင်၍ သူ၏ဧည့်သည်များနှင့်အတူညစာစားရန်ပင် ဖြစ်ပါသည်။

ဤဘုရား ဖူးများသည် မည်မျှကောင်းကြီး ခံစားရပါသနည်း?

ကိုယ်တော်ရှင်၏ မျက်နှာတော်ကို ကြည့်ပါ။ချစ်ခြင်းမေတ္တာဖြင့် တောက်ပလျက် ရှိပါသည်။ သူ၏ကျေးဇူးတော်ကိုခံစားရသူများဖြစ်ပါသည်။

သူ၏သရဖူသည် တောက်ပစေရန်အတွက် ကျောက်များကဲ့သို့ပင်ဖြစ်နေပါသည်။ အိုသခင်ယေရှုမကြာခင် ကြွလာတော်မူပါမည်။ ငါတို့၏အမှုကိစ္စများပြီးဆုံးသွားမည်ဖြစ်ပါသည်။

ယခုအချိန်မှာ ကိုယ်တော်ရှင်ကြွလာတောမူပါက အပြစ်မှလွတ်မြောက်စေရန်အတွက် မည်သူရှိပါမည်နည်း?

သင့်အားဝမ်းမြောက်စေပါ မည်လော။

ဝမ်းနည်းခြင်းနှင် စိတ်ဓာတ်ကျဆင်းခြင်းရှိပါမည်လော။

ကိုယ်တော်ရှင်သည် ဘုန်းတော်နှင့် ကြွလာသောအခါကိုယ်တော်ရှင်အား လေထဲမှာ ဆုံတွေ့ရမည် ဖြစ်ပါသည်။

အမှတ်အသားအားပြသနေခြင်းပင်ဖြစ်ပါသည်။ နောက်ဆုံးသောနေ့ရက်များမှာ သူ့အားငါချီးမြှောက်မည်။ တကယ်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့အခုရောက်ရှိနေသော အချိန်ကာလ နေ့ရက်များပင်ဖြစ်ပါသည်။

96 ၉၆။ ဂိုရှင်ကုန်းမြင့်ဒေသတွက် လူတို့စုဝေးနေထိုင်ကြပါသည်။ အဆင်သင့်ဖြစ်နေကြပါသည်။တစုံတခုဖြစ်ပေါ်မည်ကို သူတို့ သိနေကြပါသည်။

ဘဲများကိုကြည့်ပါ။ သူတို့အားလုံး စုဝေးကြပြီဆိုရင်သူတို့အတူတကွပြေးကြတော့မည် ဖြစ်ပါသည်။ ပျားများလည်း ထိုနည်းလည်းကောင်းပင်ဖြစ်ပါသည်။ သူတို့အားတစ်စုံတခုသော အရာက စုဝေးခြင်းပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် က လူများကိုစုဝေးစေပါသည်။

97 ၉၇။ ဘုရားသခင်၏ကြီးစွာသော အမျက်တော်ကျရောက်မည့် အချိန်သို့ရောက်သောအခါ ဘဲများနှစ်ကောင်စီအဖိုနှင့် အမ ရောက်လာပါသည်။ ငန်းအဖိုအမ၊ မြင်းနှစ်ကောင်အဖိုအမ၊အားလုံးကြိုတင်ဖေါ်ပြထားသည့် အတိုင်း သူတို့စုဝေးကြပါသည်။ ကျန်သောသူများအားလုံးကျန်သောသတ္တဝါများအားလုံး ပျက်စီးကြရပါသည်။ ဘရာသာဘရမ်ဟမ်က လက်ခုပ်တီးလိုက်ပါ သည်။ ကျန်သောသူများအားလုံး ပျက်စီးသွားကြရပါသည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာမည်ကိုမည်သူခံစားရပါသနည်း? သင်္ဘောကြီးပြင်ဆင်ထားသည့်အကြောင်း သူတို့သိကြပါသည်။ ထိုနေ့ရက်ကာလမှာမိုးရွာသွန်းမည်ဆိုသည်ကိုလည်း အမှတ်အသားအဖြစ် လက်ခံကြပါသည်။ မိုးရွာချမည်။ဘာနိမိတ်လက္ခဏာဘဲပြပြ ဘာဘဲလူတွေက စဉ်းစားစဉ်းစား သူတို့သိနေကြပါသည်။ မိုးရွာချတော့မည်ဆိုတာကို မိုးလာတော့မည်ကို သူတို့သိကြပါသည်။

သူတို့အထဲမှာ တစုံတခုရှိပါသည်။ အထဲသို့အမြန်ဝင်ပါ။အထဲရောက်အောင်သွားပါ။ အဲဒီနောက်ဟာ တစ်ခုတည်း သောနေရာဖြစ်သောကြောင့်ဖြစ်ပါသည်။အဲဒီမှာဘဲ လုံခြုံစိတ်ချရပေမည်။ အကြောင်းမှာ ဘုရားသခင်က ပရောဖက်ကို ပြင်ဆင်ပေးထားပါသည်။ သင်္ဘောကြီးကို နိမိတ်လက္ခဏာဖြစ် သူကစေလွှတ်ခဲ့ပါသည်။ အထဲကိုဝင်ပါ။မိုးတွေရွာချလာပြီးဖြစ်ပါသည်။ သူတို့အထဲကို ဝင်သွားကြပါသည်။တစ်တွဲစီဝင်သွားကြပါသည်။ တိရိစ္ဆာန်များ အားလုံးလဲ ဝင်သွားကြပါသည်။ နှစ်ယောက်တတွဲစီ သင်္ဘောထဲကို ဝင်သွားကြပါသည်။ သူတို့အောက်သို့ ရောက်သွားသောအခါဘာမှစိုးရိမ်စရာမရှိတော့ပါ။

98 ၉၈။ အဲဒီသင်္ဘောကြီးရဲ့အပြင်မှာရှိတဲ့အရာတွေအားလုံးပျက်စီးသွားကြပါသည်။ အမှတ်အသားရဲ့ပြင်ပမှာရှိတဲ့အရာ အသွေး

တော်အားဖြင့်မှတ်သားထားတဲ့အရာ မဟုတ်ရင် အားလုံးပျက်စီးသွားပါတယ်။တစ်ယောက်မှမကျန်ပျက်စီးရပါတယ်။ အမှတ်အသားရဲ့ပြင်ပမှာရှိတဲ့ဟာတွေသန့်ရှင်းသောဝိညာဉ်တော် မှတ်သားခြင်း မရှိတဲ့အရာတွေအားလုံး ပျက်စီးရမှာ ဖြစ်ပါတယ်။

ဘယ်လောက်ဘဲ ကောင်းမွန်သည်ဖြစ်ပါစေ ဘယ်လောက်ဘဲအသင်းတော်ရဲ့ အသင်းသားတွေဖြစ်ပါစေ နောဇလက် ထက်ကာလမှာ သူတို့မြောက်များစွာရှိပါတယ်။မောရှေခေတ်ကာလမှာလည်း ထိုသို့သောလူစားမျိုးတွေအများကြီးရှိပါတယ်။ အသွေးတော်ကိုမိမိတို့ကိုယ်ပေါ်မှာ အမှတ်အသားပြုလုပ်ဘို့အတွက် ပျက်ကွက်တဲ့သူတွေ ဖြစ်ပါတယ်။သူတို့အားလုံး ပျက်စီးခြင်းသို့ရောက်ပါတယ်။ ခရစ်တော်ထံကိုမလာသူတွေအားလုံးပါသွားပါတယ်။ ခရစ်တော်ဟာ သင်္ဘောကြီးဖြစ်သောကြောင့်ဘဲ ဖြစ်ပါတယ်။

ဒကောအခန်းကြီး (၁၂)မှာ ဆိုထားပါတယ်။ တပါးတည်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အားလုံးဟာ ခန္ဓာကိုယ်တခုတည်းကိုဗတ္တိဇံခံကြပါတယ်။ လျှို့ဝှက်နက်နဲပြီး ဒဏ္ဍာရီဆန်ပါတယ်။ အသင်းတော်မဟုတ်ပါဘူး။ဒါပင်မဲ့လည်း ပုံပြင်ဆန်တဲ့ အရာဘဲဖြစ်ပါတယ်။ ဂိုဏ်ဂဏများလည်းမဟုတ်ပါဘူး။ခရစ်တော်ရဲ့ကိုယ်ခန္ဓာအံ့ဘွယ်ကောင်းတဲ့ ကိုယ်ခန္ဓာကို ဆိုလိုခြင်းဖြစ် ပါတယ်။ ဝိညာဉ်တော်လို့ခေါ်တဲ့ တပါးတည်းသော ဝိညာဉ်တော်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာအဲဒီကိုယ်ခန္ဓာတစ်ခု တည်းကိုနှစ်ခြင်းခံကြရပါတယ်။ အဲဒီအခါမှာ တံခါးပေါက်မှာအမှတ်အသားရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်ဟာခရစ်တော်၌တည်သောကြောင့်ဘဲဖြစ်ပါတယ်။ကိုယ်တော်ရှင်ဟာ သင့်ရဲ့ပူဇော်သက္ကာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တရားစီရင်တဲ့အချိန်မှာ သူ့ရှေ့မှာ ရပ်တည်ကြပါတယ်။ ဘုရားသခင်ဟာ အဲဒီအမှတ်အသားကိုကြည့်လိုက်တဲ့အခါမှာ ကိုယ်တော် ရှင်ဘာမှ မလုပ်နိုင်တော့ပါဘူး။ သင်ဟာလည်းလုံခြုံသွားပြီ ဖြစ်ပါတယ်။ အကြောင်းမှာ ဘုရားသခင်နှင့် ခရစ်တော်ဟာဆိုရင်တူညီတဲ့ပုဂ္ဂိုလ်တပါးတည်းဘဲဖြစ်ပါတယ်။ ဝိညာဉ်တော်ဟာ လူ့ဇာတိခံယူပြီးကျွန်ုပ်တို့အထဲမှာ ကျိန်းဝပ်တော်မူပါတယ်။ ဘုရားသခင်ဟာ မိမိကိုယ်ထဲ၌သင့်အထဲမှာရှိနေပါတယ်။ သူ့ရဲ့သားသမီးတွေ သူ့ရဲ့ကိုယ်ခန္ဓာထဲမှာရောက်ရှိသွားပါတယ်။ သင်သည် ဓါတုပစ္စည်းမဟုတ်တော့ဘဲ ဝိညာဉ်ဖြစ်သွားပါတယ်။ငါဟာသင့်ကို ဖြတ်ကျော်၍ သွားမည်ဟုဆိုထားပါတယ်။

99 ၉၉။ သူတို့အားလုံးဟာအဲဂုတ္တုပြည်ကနေ လာကြပါသည်။ တနေရာထဲမှာ စုဝေးကြဘို့ဘဲဖြစ်ပါတယ်။ သို့မှသာ သူတို့ဟာအမှတ်အသားရဲ့အောက်ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

သူတို့သည် မက်သဒစ်များ၊ နှစ်ခြင်းများ၊ပရက်စတီးရီးယန်းများ၊ လူသာရင်များ၊ ပင်တေကုတ္တေများ၊ စသည်တို့အမျိုးစုံမှ လာကြပြီးအမှတ်အသား၏အောက်သို့ ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။ ထိုကကဲ့သို့ပင်ယခုလည်းထိုနည်းအတိုင်း အတိ အကျပင် ဖြစ်ပါသည်။

မီးတိုင်သည် ထိုနေရာမှာ ကိုယ်စားပြုတည်ရှိနေပါတယ်။တစ်ယောက်ယောက်ကိုပြောတယ်။ နောက်တစ်ယောက်က နောက်တစ်ယောက်ကို ပြောတယ်။နောက်တစ်ယောက်က အခြားတစ်ယောက်ကို ပြောတယ်။ နောက်ဆုံးပထမဆုံး သင်သိမည့် အရာမှာသူတို့အားလုံးစ၍လာကြပါသည်။ သူတို့စ၍ လာကြပါသည်။ ဘုရားသခင်ရဲ့ နိမိတ်လက္ခဏာကိုသူတို့ကြည့်နေကြပါ တယ်။ သူတို့ပြောသည်မှာ တရားစီရင်ခြင်းသည် ယခုလည်း ရောက်လာပြီးဟုပြောပါသည်။

ပရောဖက်မိန့်တော်မူသည်မှာ ငါသည် ဘုရားထံမှကြားရပါတယ်။ အမှတ်အသားရှိမည် ဖြစ်ပါတယ်။ သင်သည် တံခါး ပေါ်မှာ သွေးကိုသုတ်လိမ်းထားပါတယ်။ သိုးသငယ်ကို အသေသတ်၍ တံခါးပေါ်မှာ ဘောင်ပေါ်မှာ သွေးကိုသုတ်လိမ်းထား ပါတယ်။ အမှတ်အသားပြုထားခြင်း ရှိမည်ဖြစ်ပါသည်။ အကြာင်းမှာသေခြင်းတရားသည် မကြာမီရောက်လာတော့မှာ ဖြစ်သော ကြောင့် ဖြစ်ပါသည်။

100 ၁၀၀။ ယနေ့ကျွန်တော်ပြောပါရစေ။ ကိုယ်တော်ရှင်၏ အစေခံ တစ်ဦးအနေဖြင့် ပြောပါရစေ။ အမှတ်အသားသည်တံခါး ဘောင်မှာ မရှိခဲ့ပါက ဝိညာဉ်ရေးရာ သေခြင်းတရားကျရောက်မည်ဖြစ်ပါတယ်။အသင်းတော်များအားလုံးဦးတည်နေကြသည်မှာ ကောင်စီတခုပြုလုပ်ဘို့အတွက်ပင် ဖြစ်ပါသည်။ကမ္ဘာ့အသင်းတော်များ ကောင်စီပင်ဖြစ်ပါသည်။ သူတို့အားလုံးကတ် သလစ် ဩဝါဒခံဘို့ရန်ပြန်သွားကြပါတယ်။ တကယ်စစ်မှန်သောသူ၊ ဒုတိယမွေးခြင်းခံသောသူ၊ များသာလျှင်ကျန်ခဲ့မှာဖြစ်ပါတယ်။ ဝေးဝေးရှောင်နေကြမှာ ဖြစ်ပါတယ်။

သင်၏ပင်တေုတ္တေ ဂိုဏ်းဂဏများကို သတိပြုကြပါ။အကြောင်းမှာ သူတို့ထိုအထဲတွင် ရောက်နေပြီ ဖြစ်သောကြောင့် ဖြစ်ပါတယ်။ သူတို့ဟာအသေဖြစ်တယ်ဆိုတာကို ဖော်ပြလျက်ရှိပါတယ်။ သူတို့ပျောက်ကွယ်သွားမည် ဖြစ်ပါတယ်။သူတို့ကို ပူဇော်မည်ဖြစ်ပါတယ်။ သူတို့ုပြန်သွားမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်အားတံခါးအပြင်ဘက်မှာ ထားထားပါတယ်။ သို့သော် လည်းသူတို့က အမှတ်အသားကိုရှာဖွေလျက်ရှိပါတယ်။ အကြောင်းမှာ သူတို့ဦးတည်၍ အားကိုးလျက်ရှိသော အရာမှာအခြား သောဘာသာစကားပြောဆိုခြင်းပင် ဖြစ်နေပါတယ်။

အခြားသောဘာသာစကား မပြောဆိုဘို့ရန်အတွက် သင်တို့အားပြုပါသလား ? သို့သော်လည်းအမှတ်အသားသူ့ဖါသာ သူရှိပါစေ။ သခင်ယေရှုတည်းဟူသော ပုဂ္ဂိုလ်ဖြစ်ပါတယ်။သူ၏ကိုယ်ပိုင်အသက်တာမှာ သင့်အထဲမှာ ရှိပါတယ်။ ထိုအရာ ဤအရာ စသည်တို့မှာအရေဖျားလှီးခြင်း မဟုတ်ပါ။ သင်ကိုယ်ခန္ဓာတစ်ခုလုံးကို အရေဖျားလှီးခြင်း ဖြစ်ပါတယ်။သင်နှင့် ခရစ် တော် တလုံးတဝတည်း ဖြစ်သည်အထိ ဖြစ်ပါတယ်။ ခရစ်တော်သည် သင့်အထဲမှာရှိ၍ သူ၏အသက်တာသည် သင့်အားဖြင့် အသက်ရှင်ရလျက် ရှိပါတယ်။

101 ၁၀၁။ အီဂျစ်ပြည်မှအားလုံးလာကြပါတယ်။ သူတို့ဘာလုပ်ကြပါသနည်း ?ကျွန်တော်တို့လေ့လာကြပါစို့။ အချိန်ကျရောက် လာသောအခါ ကျွန်တော်တို့လဲ အလားတူပြုလုပ်ရန်အတွက်အမိန့်ပေးခြင်းခံရပါတယ်။ ထိုအရာကို သိပါသလား ?ပရောဖက် ပြောသည့်စကားကိုသတိထားကြည့်ပါ။

ယခု ကျွန်တော်တို့ ဖတ်ကြမည်ဖြစ်ပါတယ်။သင်တို့ဖတ်လိုပါက (ဟေဗြဲ အခန်းကြီး ၁၀) မှာ ဖတ်ကြည့်ပါ။ ကျွန်တော်နဲ့ အတူလိုက်ဖတ်ကြပါ။ ကျွန်တော် ကျမ်းပိုဒ်လေး တစ်ပိုဒ်၊ နှစ်ပိုဒ်၊ ဖတ်ချင်ပါတယ်။ဆက်လက်ပြီးတော့ (ဟေဗြဲ အခန်းကြီး ၁၀း၂၆) ဖတ်လိုပါတယ်။ သေချာကြည့်ပါ။ (ဟေဗြဲအခန်းကြီး ၁၀း၂၆) ဖြစ်ပါတယ်။

(အကြောင်းမူကားသမ္မာတရားကိုသိပြီးမှကိုယ်အလိုသို့လိုက်၍ ပြစ်မှားလျှင် နောက်တဖန် အပြစ်ဖြေရာယဇ်ကို ပူဇော်ရန်အခွင့်မရှိဘဲ တရားစီရင်ခြင်းကိုခံရမည်ဟု ကြောက်မက်ဖွယ်သော မြော်လင့်ရသောအကြောင်းငြင်းဆန်သောသူတို့ကို ဖျက်ဆီးဘို့ရာ အမျက်တော်မီးလောင်ခြင်းကိုခံရသောကြောင့် ရှိပြီး မောရှေ၏ တရားကို ပယ်သောသူမည်သည်ကား သက်သေခံ နှစ်ဦးသုံးဦး ရှိလျှင်သနားခြင်းကို မခံရဘဲသေရ၏။ ထိုမျှမက ဘုရားသခင်၏ သားတော်ကို ခြေနှင့်ကျော်နင်းလျက်မိမိကိုစင်ကြယ်စေသော ပဋိညာဉ်တရား၏ အသွေးကို အပြစ်တင်လျှက် ဆုကျေးဇူးကို ပေးသောဝိညာဉ်တော်ကို မထိမဲ့မြင်ပြုလျက်ရှိသောသူသည် အဘယ်မျှလောက်သော ကြီးစွာသောခံသင်ခံထိုက်သည်ကို ငါတို့ထင်ကြသနည်း? ငါတို့သည် အပြစ်တရားကိုစီရင်ပိုင်၏ အပြစ်နှင့် အလျောက် ငါဆပ်မေးမည်ဟူ၍ လည်းကောင်း ထာဝရဘုရားသည်မိမိလူတို့ အဘို့ တရားစီရင်မည်ဟူ၍ လည်းကောင်း မိန့်တော်မူသော သူကို ငါတို့သည်အမှန်သိကြ၏။

102 ၁၀၂။ သာသနာပြုဆရာ၊ခရစ်ယာန်အသင်းသား၊ လူကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသောသူသည်ဘယ်လိုလူမျိုးဘဲ ဖြစ်ပါစေ။ ဘုရားသခင်သည် သင့်ထံမှနေ၍ စီးကရက်များကိုလည်းမသောက်မိစေရန် တာဆီးနိုင်သည်ကို သင်သိပါသည်။ အမျိုး သမီးများ ကိုယ်တော်ရှင်သည်တိုတိုကြပ်ကြပ်ကလေးများ ဝတ်ဆင်ခြင်း၊ ဆံပင်အတိုထားခြင်း၊ စသည်တို့ကို သင်မပြုလုပ်ရန် တာဆီးနိုင်ပါသည်။ ကိုယ်တော်ရှင်ပြုလုပ်တော်မူပါသည်။ကိုယ်တော်ရှင်တာဆီးတော်မူပါသည်။ သင်သည်လှည့်၍ ဘာကိုမှ ဂရုမစိုက်ဘဲပဋိညာဉ်တရားနှင့်ဆိုင်သော အသွေးတော်မြတ်ကိုသာ နှုတ်ကပတ်တော်အဖြစ် မှတ်ယူပြီး၊သင့်အပြုအမူများအား လုံးမသန့်ရှင်သော အပြုအမူများအဖြစ် သတ်မှတ်နိုင်ပါသည်။ကိုယ်တော်ရှင်သည် သင့်အား သန့်ရှင်းစင်ကြယ်စေပြီး ဤနေရာ ဤ ကာလအထိဆောင်ယူလာခဲ့ပါသည်။

သူလျှိုများကဲ့သို့ပင် ဖြစ်ပါသည်။ သူတို့သည်နယ်စပ်အထိ ရောက်ရှိလာကြပါသည်။ ဟိုမှာကြည့် ဒီမှာကြည့်ပြီး ထိုနေရာကိုကျွန်တော်တို့တွေမြင်ကြရပါသည်။ ကျွန်တော်သိပါတယ်။ ဒါပေမဲ့လည်း အတားအဆီးအနှောက်အယှက်တွေက ကြီးမားပါတယ်။ ကျွန်တော်တို့တွေကတော့ နံ့ကောင်လေးတွေ လောက်ဘဲရှိပါတယ်လို့ ပြောပြီးတော့ သူတို့ဟာ တောထဲမှာ သေဆုံးသွားကြရပါတယ်။ နယ်ခြားဒေသယုံကြည်သူများပင် ဖြစ်ပါတယ်။

103 ၁၀၃။ ကျွန်တော်သည်သတင်းစကားကို ယုံကြည်ပါသည်ဟု သင်ဆိုပါသည်။ သတင်းစကားကို ရှိသေလေးစား ယုံကြည်လိုက်နာပါသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာထဲသို့ဝင်ပါ။ ကျွန်တော်ကတော့ နှုတ်ကပတ်တော်ကိုအားလုံးကို ယုံကြည်ပါတယ်။ ဘရာသာဘရမ်ဟမ်ကိုလည်းယုံကြည်ပါတယ်လို့သင်ကပြောပေလိမ့်မည်။ အဲဒါကောင်းပါတယ်။ထိုကဲ့သို့ပြောဆိုခြင်းကတော့ တကယ်တမ်းဆိုရင် နှုတ်ကပတ်တော်ကို ဖတ်ခြင်းသက်သက်ဖတ်နိုင်ခြင်း သက်သက်ဘဲဖြစ်ပါတယ်။

သတင်းစကားကို ဆောင်ယူပါ။ နှလုံးသားထဲမှာထည့်သွင်းပါ။ သင့်ထံမှာ အမှတ်အသားရှိရပါမည်။ ခရစ်တော်ထဲမှာရှိ သော သင်သည်တကယ်အသက်တာဘဲ ဖြစ်ပါတယ်။ ကျွန်တော်ထိုအရာကို တွေ့မြင်သောအခါ သင့်ထံကုိ တဖန်ဆက်လက်၍ပို့ဆောင်ပေးအုံးမှာ ဖြစ်ပါတယ်။

104 ၁၀၄။ ယနေ့ကမ္ဘာမြေကြီးပေါ်မှာအလွန်ကြီးမားသော နောက်ဆုံးသော ကာလ နိမိတ်လက္ခဏာများကို တွေ့မြင်ရပါမည်။ ကျွန်တော်ထိုအချိန်ကာလကို စောင့်နေပါတယ်။ အချိန်ပေါင်းကြာမြင့်စွာစောင့်စားခဲ့ရပါတယ်။ ဤမေရှိယကို စောင့်စားခဲ့ရပါ တယ်။ သင်သည် နောက်ဆုံးနိမိတ်လက္ခဏာများကိုတွေ့မြင်ရမည် ဖြစ်ပါသည်။ သင်တို့အား ကျွနု်ပ်ဟောပြောခဲ့ပြီး ဖြစ်ပါသည်။ဖော်ပြခဲ့ပါတယ်။ ပြသခဲ့ပါတယ်။ ခရစ်တော်ပြောဆိုခဲ့သမျှ အရာများအားလုံး ဖော်ပြပါတယ်။မှန်ပါသလား? ပရိတ်သတ်က အာမင်ဟုဆိုပါသည်။(အယ်ဒီတာ) သင်ဝန်ခံပါတယ်။ အာမင်။ ကျွန်တော်တို့ ဒီနောက်ဆုံးသောအချိန်သို့ရောက်နေပါပြီး။ ဘာမှ မကျန်တော့ပါ။ အချိန်မရှိတော့ပါ။

သားရဲ၏ အမှတ်တံဆိပ်နှင့် ပတ်သတ်၍မည်သို့ရှိပါသနည်းဟု သင်ကမေးပေမည်။ သန့်ရှင်းသော ဝိညာဉ်တော် ကိုငြင်း ပယ်သောသူများသားရဲ၏ တံဆိပ်ခတ်နှိပ်ပြီး ဖြစ်ပါသည်။ မကြာမှီအပြစ်ဒဏ်စီရင်ခြင်း ခံရပါမည်။

105 ၁၀၅။ ဣသရေလနိုင်ငံတွင်တံပိုးမှုတ်သံကြားရသောအခါ ယုဘိလနှစ်ရောက်သည့် အချိန်တွင် လူတိုင်းသင်သတိပြုမည့်အရာမှာ ခရစ်တော်အထဲ၌ပင်ဖြစ်ပါသည်။ သင်သည် တဝက်လောက် ဖတ်ပြီးသွားပြီးဖြစ်ပါသည်။ထိုကျန်သောအချိန်တဝက်မှာ ထိုအချိန်နှင့် သက်ဆိုင်ပါသည်။ ကျိုးပဲ့ကျေမွသောစိတ်နှလုံးများကို ပြန်လည်၍ နှစ်သိပ်ရန် လွပ်လပ်ခွင့်တရားကို ဟောပြောရန်စသည်တို့ကို ဟောပြောရန် ငါ့ကို ကိုယ်တော်ရှင်စေလွှတ်တော်မူသည်။ ကိုယ်တော်ရှင်ကိုလက်ခံရမည့်နှစ်ကာလပင်ဖြစ် ပါသည်။ ထိုအကြောင်းနှင့် ပတ်သတ်၍ ကိုယ်တော်ရှင်ကပြောဆိုခြင်းမရှိပါ။ ကိုယ်တော်ရှင်က ကျမ်းစာလိပ်ကို ချထားပြီးယနေ့အတွက်ပင်ဖြစ်သည်ဟုဆိုပါသည်။ ကိုယ်တော်ရှင်က တစိတ်တပိုင်းကိုသာ ဖတ်ပါသည်။ကျန်သည့် အပိုင်းမှာ သူ၏ နေ့ရက် ကာလပင်ဖြစ်ပါသည်။

ယနေ့ကိုယ်တော်ရှင် ဘာလုပ်သည်ဆိုသည့် အကြောင်းကိုဖော်ပြထားပါသည်။ ကိုယ်တော်ရှင်ယနေ့ ပြောဆိုနေပါ သည်။ သူ့အားဖြင့် ဘိတ်သိတ်ခံထားသောဝိညာဉ်တော်အားဖြင့် ပြောဆိုခြင်းပင်ဖြစ်ပါသည်။ ယနေ့အသင်းတော်ကို ပြောနေပါ သည်။ဤအချိန်နာရီဖြစ်ပါသည်။ အချိန်ကာလ ရောက်နေပြီ ဖြစ်ပါသည်။ လက်ခံကြပါ။

106 ၁၀၆။ မည်သို့ဖြစ်ပါသနည်း? ကျွန်တော်တို့သည် ကြီးမားလှသော နောက်ဆုံးသောကာလနိမိတ်လက္ခဏာများကို တွေ့ရပါ သည်။

အနီရောင် တဖျက်ဖျက်တောက်လျက်နေရာတိုင်တွင်ရှိနေပါသည်။ သဘာဝအတိုင်း လျှပ်စီးများလက်နေသည်ကို တွေ့ရပါသည်။ အချိန်ရောက်နေပါသည်။ အသင်းတော်ကိုကြည့်ရင်လည်း တွေ့ရပါသည်။ အလင်းတောက်နေသည်ကိုတွေ့ရပါ သည်။ သူ့အားတရားစီရင်မည်ဖြစ်ပါသည်။ ယခုအချိန်ပင် ဖြစ်ပါသည်။ အသင်းတော်သည် လောကကြီးထဲတွင်ရှိပါသည်။ ကောင်းကင်မှာ တွေ့ရပါသည်။ ပင်လယ်မှာ တွေ့ရပါသည်။ နိုင်ငံတကာမှာလည်းတွေ့ရသည်။ နေရာတိုင်းမှာတွေ့ရပါသည်။ နေ၊လ၊ကြယ် စသည်တို့မှာလည်းနိမိတ်လက္ခဏာများစွာတို့ကို ကျွန်တော်တို့ တွေ့မြင်ကြရပါသည်။

နောက်ဆုံးသောကာလ နိမိတ်လက္ခဏာများ သန့်ရှင်းသော ဝိညာဉ်တော်၏နိမိတ်လက္ခဏာများ လူသားတို့ အပေါ် ပြန်လည်၍ ပေါ်ထွက်နေပါသည်။ လောတ၏နေ့ရက်ကာလများကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားအားဖြင့် အလုပ်လုပ်လျက်ရှိပါသည်။ ထိုအရာမှာ ဘုရားသခင်သည် လူ့ဇာတိကိုခံယူခြင်း ဖြစ်ပါသည်။ကိုယ်တော်ရှင်ကိုယ်တိုင် လူသားသဏ္ဍာန် ကိုဆောင်ပါသည်။ ထိုနေ့ရက်ကာလမှာ မိမိ၏သတို့သမီးအထဲမှာ မိမိကိုယ်တိုင် နိမိတ်လက္ခဏာများ ဖော်ပြပါသည်။ နောက်ဆုံး သောနေ့ရက်ကာလမှာ အလားတူအများပင် ဖြစ်မည်ဟု သခင်ယေရှုက ဆိုပါသည်။ကျွန်တော်တို့လည်းတွေ့ရပါသည်။ မီးတိုင်ကို ကျွန်တော်တို့ တွေ့ရပါသည်။ သိပ္ပံပညာနည်းပြ ဓါတ်ပုံများ ရိုက်ကူးခြင်းများ ပြုလုပ်ကြပါသည်။ နောက်ဆုံးသောနိမိတ်လက္ခဏာကို ယခုပင် တွေ့နေရပါသည်။ ဤနေရာမှာပင်တွေ့နေရပါသည်။

107 ၁၀၇။ နောက်ပြီးတော့ဤအရာများကိုသိပြီး ကျွန်တော်ကို ယုံကြည်မယ်ဆိုရင် ဘရာသာဘရမ်ဟမ်က တရားဟောစင် ကိုလက်ဖြင့်ခေါက်ပြီးပြောလိုက်ပါသည်။ အယ်ဒီတာ။ သင်တို့က ကျွန်တော်ကို မယုံဘူးဆိုရင်နိမိတ်လက္ခဏာများကို ယုံပါ။ ဘုရား သခင်၏ နှုတ်ကပတ်တော်ကို ယုံပါ။အဲဒီနှုတ်ကပတ်တော်နှင့် နိမိတ်လက္ခဏာတွေဟာ ကျွန်တော်ပြောတဲ့အကြောင်းအရာတွေ ကိုဘဲသင်တို့ကိုပြောပြနေပါတယ်။ ကျွန်တော်က အမှန်ကို မပြောဘူးဆိုရင် သူတို့လည်း ပြန်ပြောမှာမဟုတ်ပါဘူး။ ဘုရားသခင်ကတော့ ဘယ်တော့မှ လိမ်ညာမပြောပါဘူး။ ဘုရားသခင်ကသမ္မာတရားကိုဘဲ ပြောပါတယ်။ ဒီနှုတ်ကပတ် တော်တွေက သက်သေဖြစ်ပါတယ်။ ကျွန်တော်အမှန်တရားကို ပြောနေကြောင်း သက်သေပြုပါမယ်။ သတင်းစကားကို သက်သေခံမဲ့ လူတွေဖြစ်ပါတယ်။ ဒီနေရာမှရှိတဲ့ကောင်းကင် တမန် မြစ်ပေါ်မှာ ပေါ်ခဲ့တဲ့ ကောင်းကင်တမန်သာမက သင့်ရဲ့ သတင်းစကားသည်ဒုတိယ အကြိမ်ကြွလာတော်မူခြင်းကို ကြိုတင်ရှေ့ပြေးပြုလုပ်မည်ဟု ဆိုသည့် အတိုင်းဘဲဖြစ်လာပါတယ်။ သမ္မာတရားကိုပြောကြားနေတဲ့ ကောင်းကင်တမန်ကိုသင်မယုံကြည်နိုင်ဘူးဆိုရင် အလုပ်များ၊ သမ္မာကျမ်းစာ ပြောကြားသည့် အရာများနောက်ဆုံးသောကာလမှာ ဖြစ်ပေါ်လာမည်ဆိုတာကိုတော့ ယုံကြည်ပါ။ သူတို့ကသက်သေခံနေကြခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာဆိုရင် ကျွန်တော်ပြောတာထက် ကျယ်လောင်စွာပြောဆိုနေတဲ့သူတွေဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ဖြစ်ပါတယ်။ အချိန်ကာလကိုသက်သေပြုမှာဘဲဖြစ်ပါတယ်။

108 ၁၀၈။ ဤမျှကြီးမား၍ကြောက်မက်ဖွယ်ကောင်းသော နိမိတ်လက္ခဏာကို လူများအပေါ်မှာ သက်ရောက်တာကို လူများအပေါ်မှာတွေ့ရပါတယ်။ အချိန်ကာလရဲ့ နိမိတ်လက္ခဏာတွေ ကမ္ဘာကြီးပေါ် သက်ရောက်ပြီးနိုင်ငံတကာ နိုင်ငံများကြားမှာ စိတ်ပျက် ဖွယ်ရာများဖြစ်လာရပါတယ်။

ဣသရေလလူမျိုးတွေကို မိမိတို့ရဲ့ မွေးရပ်မြေပြန်ရောက်နေပြီးဆိုတာကို ကျွန်တော်တွေ့ရပါတယ်။ နောက်ဆုံးသော ကာလ နိမိတ်လက္ခဏာဖြစ်ပါတယ်။ အစွန်းရောက်ခြောက်ခုရှိတဲ့ ဒါဝိဒ်ရဲ့ကြယ်ကိုလည်း တွေ့ရပါတယ်။ကမ္ဘာပေါ်မှာ ရှေးအကျ ဆုံးလက္ခဏာတစ်ခုဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာလည်း အဟောင်းနွမ်းအအိုဆုံးဖြစ်နေတဲ့ အလံတော် နိုင်ငံအလံတစ်ခု ဘဲဖြစ်ပါ တယ်။ ဣသရေလလူတွေဟာနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အစိုးရအဖွဲ့တဖွဲ့ဖြစ်ပါတယ်။သူ့ရဲ့လူမျိုးနဲ့သူဖြစ်ပါတယ်။ နိုင်ငံပေါင်းစုံ အဖွဲ့ထဲမှာလည်း သူကပါပါတယ်။ဘယ်နေရာမှာပါသလဲဆိုတော့ ကုလသမဂ္ဂထဲမှာလည်းပါပါတယ်။ သူကိုယ်ပိုင်သုံးစွဲလို့ရတဲ့ငွေလည်းရှိပါတယ်။

ကိုယ်တော်ရှင်မိန့်တော်မူတဲ့အတိုင်း ဒီမျိုးဆက်တဖက်မကုန်ဆုံးခင်မှာဘဲ အားလုံးပြည့်စုံလိမ့်မည်လို့ ဆိုထားပါတယ်။ သတိပြုရမဲ့အရာကတော့ဣသရေလနိုင်ငံကို နိုင်ငံတစ်နိုင်ငံအဖြစ် ပြုလုပ်ခဲ့တဲ့ညမှာဘဲ ထာဝရဘုရားရဲ့ကောင်းကင်တမန်ဟာ ပေါ်ထွက်လာပြီး ကျွန်တော်တို့သိရမဲ့အရာဘဲ ဖြစ်ပါတယ်။

109 ၁၀၉။ အရာခပ်သိမ်းဟာသမ္မာတရားကို အတိအကျလမ်းညွှန်လျက်ရှိပါတယ်။ ကျွန်တော်ခင်ဗျားတို့ကိုမလိမ်ပါဘူး။ကျွန်တော် ခင်ဗျားတို့ကို သမ္မာတရားကိုဘဲပြောပါတယ်။ကျွန်တော်သမ္မာတရားပြောဆိုကြောင်းကို ဘုရားသခင်က သက်သေခံလျက်ရှိပါ တယ်။ ကျွန်တော်ဟာခင်ဗျားတို့ရဲ့ညီအစ်ကိုတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ဟာ လူသားတစ်ဦးလည်းဖြစ်ပါတယ်။ ခင်ဗျားတို့လို ဘဲလူသားတစ်ယောက်ပါဘဲ။ ဒါပေမဲ့လည်း တစုံတယောက်သောသူက နှုတ်ကပတ်တော်ကိုခံယူလာရမှာပဲဖြစ်ပါတယ်။ နှုတ် ကပတ်တော်ကို ပြောဆိုရမှာဖြစ်ပါတယ်။ကျွန်တော်ရွေးချယ်ရမှာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်က ရွေးချယ်ရမှာဖြစ်ပါတယ်။ကျွန်တော်ခင်ဗျားတို့ကို အမှန်တရားကိုပြောပါတယ်။ အမှန်တရား၊သမ္မာတရားဖြစ်တဲ့အကြောင်း ကိုယ်တော်ရှင်က သက်သေ ပြုပါတယ်။ ပရိတ်သတ်က အာမင်ဟုဆိုပါသည်။

ယနေ့ကမ္ဘာလောကကြီးပေါ်မှာ ဤအရာများကို တွေ့ရသောအခါနောက်ဆုံးသောအချိန်ဖြစ်ပြီးဆိုတာကို သိရပါတယ်။ ထိုအမှတ်အသားကို သင်တို့အပေါ်ကိုယူဆောင်ပါ။ အမြန်ဆုံးယူဆောင်ပါ။ အဲဒီအမှတ်အသားကို မိမိကိုယ်ပေါ်မှာ မှတ်သားပါ။ ကျွန်တော်တို့ဟာ အလွန်ကြီးမြတ်တဲ့ နောက်ဆုံး နိမိတ်လက္ခဏာဖြစ်တဲ့အတွက်အချိန်ရောက်ပြီး ဖြစ်ပါတယ်။ အချိန်ရောက်ပြီး လို့ ကျွန်တော်တို့ကို သတိပေးနေပါတယ်။

110 ၁၁၀။ လုံးဝမှတ်သားထားပါ။တစ်ယောက်နှင့်တစ်ယောက် ချစ်ကြပါ။ တစ်ယောက်နှင့် တစ်ယောက် ချစ်ကြရပါမယ်။

တစ်ယောက်မကောင်းကြောင်း တစ်ယောက်မပြောပါနှင့်။ တစ်ယောက်ယောက်က အမှားလုပ်လို့ရှိရင်သူ့အတွက် ချက်ချင်းဆု တောင်းပေးပါ။ ကျွန်တော်တို့အားလုံး ဤကိစ္စနှင့်ပတ်သတ်လို့အတူတကွရှိပါတယ်။ ဘုရားသခင်နှင့် အတူရှိနေပါတယ်။

ကျွန်တော်တို့ဟာ ညီကို မောင်နှမတွေဘဲ ဖြစ်ကြပါတယ်။ဘုရားတရား ရိုသေကိုင်းရှိုင်းပြီး အသက်ရှင်ကြပါ။ ဘုရားသားသမီး များကဲ့သို့နေထိုင်အသက်ရှင်ပါ။ နှိမ့်ချခြင်း၊ ကြင်နာခြင်း၊ ချစ်ခင်ခြင်း မေတ္တာတရားများနှင့်ပြည့်ဝလျက် အသက်ရှင်ပါ။

မည်ကဲ့သို့သော ဆုတ်ယုတ်သောအရာမှ သင့်နှလုံးသားထဲကိုမဝင်လာစေပါနှင့်။ သင့်အတွေးထဲကို မဝင်လာပါစေနှင့်။ လုံးဝပယ်ဖျက်ပစ်လိုက်ပါ။တံခါးကိုလာပြီး ခေါက်လို့ရှိရင် မောင်ထုတ်ပစ်လိုက်ပါ။ သင့်ရဲ့အမှတ်အသားကိုပြလိုက်ပါ။ ဆက်လက်ပြီး လျှောက်လှမ်းပြီး ကျွန်တော်ဟာ အသွေးတော်ရဲ့အောက်မှာရှိနေပါတယ်။

111 ၁၁၁။ သူတို့မြောက်များစွာသောသူများလာကြပါတာယ်။ ထိုညက အမျိုးသမီးတွေလည်း ပါပါတယ်။ ဘရာသာဘရမ်ဟမ်ကတရားဟောစင်ကိုခေါက်လိုက်ပါတယ်။ အယ်ဒီတာ။ ဟေး... ဘက်တီရေး လီလီရေးထွက်လာခဲ့ပါ။ ပါတီပွဲကို ဒီညသွားကြမယ်လို့ ခေါ်လို့ရှိရင်....

ကျွန်တော်ကျွန်မတို့ကတော့ အသွေးတော်နဲ့လွှမ်းခြုံထားပါတယ်။ အမှတ်အသားအောက်မှာရှိနေပါတယ်။ ဒီမှာဘဲ နေရပါမယ်။ ကျွန်တော်ရဲ့ဖန်ဆင်းရှင်ကိုလည်း ကျွန်တော်ချစ်ပါတယ်။ ဒီနေ့ညတော့သေခြင်းတရားဒီနိုင်ငံထဲကို ရောက်လာပါ တော့မယ်လို့ ပြန်ပြီးတော့ ပြောလိုက်ပါတယ်။

ယနေ့ညသေခြင်းတရား ရောက်လာပါပြီ။ တရားစီရင်ခြင်းကစောင့်ဆိုင်းလျက်ရှိပါတယ်။ အနုမြူဗုံးတွေ၊ ဟိုက်ဒြိုဂျင် ဗုံးတွေ၊ နောက်ပြီးပျက်စီးခြင်းအမျိုးမျိုးတွေဟာ နိုင်ငံတွေပျက်စီးဖို့ အတွက် စောင့်လျက်နေကြပါတယ်။

ဘုရားသခင်ဟာ သူ့ရဲ့အသင်းတော်ကို ရွှေ့လျားစေပြီး ကျွန်တော်တို့အားလုံးကိုဖော်ပြလျက်ရှိပါတယ်။ သိုးသငယ်ကို ကျွန်တော်တ့ိုက ယခုအခါမှာ ခေတ္တခဏကြည့်နေကြပါတယ်။သိုဝှက်ထားကြပါတယ်။ ဘာလုပ်မလဲဆိုတာကို ကြည့်နေကြ ပါတယ်။ ကိုယ်တော်ရှင်ရဲ့ သဘောသဘာဝအရာခပ်သိမ်းကို ကျွန်တော်တို့စောင့်ကြည့်နေကြပါတယ်။ ဒါပေမဲ့ယခု အခါမှာ တော့ အမှတ်အသားပြုရမဲ့အချိန်ရောက်နေပါပြီ။ အမှတ်အသားလုပ်ကို လုပ်ရပါတော့မယ်။ တစ်ခုတည်းသောအရာဘဲဖြစ်ပါ တယ်။ ဝိညာဉ်တော်အားဖြင့်မွေးဖွားခြင်းမရှိလို့ရှိရင်ကောင်းကင်နိုင်ငံဝင်ဘို့မရှိလို့ ဆိုထားပါတယ်။ ရေနှင့် ဝိညာဉ်တော်မွေးဖွား သူမဟုတ်လျှင် ဒုတိယမွေးဖွားခြင်း ရှိသူမဟုတ်လျှင် ကောင်းကင်နိုင်ငံဝင်ခွင့်မရှိပါဘူး။ တစ်ဦးကိုတစ်ဦး ချစ်ကြရပါမည်။ ယုံကြည်သူတွေဟာမိမိကိုယ်ကိုမိမိတို့ ကမ္ဘာလောကကြီးနှင့် သီးသန့် ခွဲခြားထားရပါမည်။ ပေါ့ပေါ့ဆဆမယူဆကြပါနှင့်။

112 ၁၁၂။ တိတ်သားအာဖြင့်တိတ်ခွေအားဖြင့် ဒီတရားဟောချက်ကို နားထောင်နေတဲ့သူတွေရှိပါလိမ့်မယ်။ အမျိုးသားတွေ၊အမျိုးသမီးတွေ၊ ခဏနားထောင်ကြပါ။ ကျွန်တော်ကို ယုံကြည်တယ်ဆိုရင်ယခုဘဲနှုတ်ကပတ်တော်ကို ယုံကြည်ကြပါ။

တစ်ယောက်နဲ့တစ်ယောက် စကားပြောဆိုပြီးအချိန်ဖြုန်းကြဘို့ အချိန်မဟုတ်တော့ပါဘူး။ သမ္မာစာရဲ့ သတင်းစကား ကိုယုံကြည်ပါ။ ယေရှုကို ယုံကြည်ပါ။ တစ်ဦးနဲ့တစ်ဦး လေးစားရိုသေချစ်ခင်ကြပါ။ အမျိုးသားတွေလည်းမိမိတို့ရဲ့ ဇနီးတွေကို ရိုသေကြပါ။ မိမိတို့ရဲ့အိမ်ကို အတူတကွစုစုရုံးရုံးဖြစ်စေနိုင်ဘို့ပြုလုပ်ပါ။ သိုးသငယ်ဟာ အိမ်အတွက်ကြွလာခြင်းဖြစ်ပါတယ်။မိသားစုတစ်စုလုံးအတွက် ဖြစ်ပါတယ်။ အရာခပ်သိမ်းကို တစ်စုတစ်ဝေးတည်း ရှိလာအောင်ဆောင်ယူခြင်းဖြစ်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြရပါမည်။ ယုံကြည်သူတွေဟာလောကအရာတွေနဲ့ မိမိတို့ကိုယ်ကိုမိမိတို့ ဝေးဝေးခွဲခြားထား ပြီး နေကြရမှာဖြစ်ပါတယ်။

113 ၁၁၃။ သူတို့သည်အတူတကွစုဝေးရောက်ရှိလာကြပြီး သတင်းစကားအကြောင်း မပြောကြားနိုင်သေးပါ။ သူတို့အာလုံးလာရောက်ကြပြီး သွေးနှင့် သုတ်လိမ်းကြပါသည်။ အမှတ်အသား သုတ်လိမ်းကြခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ပြုလုပ်ခြင်းကိုလည်းသင်လုပ်ကိုလုပ်ရပါမည်။ ပါစတာနက်ဘီးလ်နှင့် ဒီ အသင်းတော်မှာရှိတဲ့ အသင်းသူအသင်းသားတွေ အသင်းတော်လူကြီးတွေ၊ ဂိုဏ်းထောက်ကြီးတွေ၊ ညီအစ်ကို တွေအားလုံးကိုကျွန်တော်တို့ဘေးဖယ်ထားရမဲ့အချိန်ရောက်လာပါပြီ။ ကျန်တဲ့အရာတွေ အားလုံးကို ဘေးဘယ်ထားလိုက်ပါ။ ကျွန်တော်တို့သိရှိနားလည်ကြပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က ဖြစ်နိုင်တဲ့အရာသေချာတဲ့အရာရှိနေပါပြီ။ အမှတ်အသားကိုလည်း မှတ်သားပြီးထားရပါတော့မယ်။ အဲဒီအရာကတော့တစ်ခုတည်းသောအရာဘဲဖြစ်ပါတယ်။

အတူတကွရောက်လာကြပြီး ကျွန်တော်ယုံကြည်ပါတယ်လို့ပြောရုံသက်သက် မပြောပါနှင့်။ နက်နက်နဲနဲ သွားပါ။ နှုတ် ကပတ်တော်ကို နက်နက်နဲနဲရရှိအောင်လုပ်ပါ။ (လှိုင်းတို ဆက်သွယ်ရေး နှောက်ယှက်ခြင်းအသံကိုကြားရပါသည်။အယ်ဒီတာ ၏မှတ်ချက်။) မည်သို့လုပ်ပါသနည်း?တပါးတည်းသောဝိညာဉ်တော်အားဖြင့် ကျွန ်ပ်တို့သည် သခင်ယေရှုခရစ်၏ ခန္ဓာကိုယ်ထဲ သို့ဗတ္တိဇံခံကြပါသည်။ လူတိုင်းက ယုံကြည်ပါသည်။ သင့်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ကြပါသည်။ ကိုယ်တော်ရှင်၏ အောက်သို့ ရောက်သောသူများနှင့် ပတ်သတ်၍ကိုယ်တော်ရှင်က သူ့ထံမှ ဘယ်တော့မှ ခွဲထားတော့ဘဲ တာဝန်ယူထားပါသည်။

114 ၁၁၄။ မည်သူစကားပြောနေပါသနည်း? (တစ်စုံယောက်သောသူက လိ ုင်းတို အသံဖမ်းစက်ကလေးဖြစ်ပါတယ်ဘရာသာဘ ရမ်ဟမ်။ ပြန်ဖြေသည်။ အယ်ဒီတာမှတ်ချက်။) အထက်အရပ်မှ လိ ုင်းတိုဖြစ်ပါသည်။စကားပြောခွက်မှတဆင့်လာခြင်း ဖြစ်ပါသည်။ ဒီအထဲကို ဝင်လာပါသည်။ ကျွန်တော်တစုံတစ်ယောက်အသံကိုကြားရပါသည်။ဘရာသာဘရမ်ဟမ် ကျွန်တော်က တော့ လိ ုင်းတိုကလေးပြန်ဝင်လာတယ်လို့ဘဲ ထင်ပါတယ်။လိ ်ုင်းတိုဟုတ်လား? သူတို့ချိတ်ဆက်မိနေသည်ဟုထင်ရပါသည်။ ကားနဲ့

ကားများနဲ့ပတ်သက်လို့ ဖြစ်တမယ်။ ကားတွေကိုချိတ်စက်မိတာဖြစ်နိုင်ပါသလား ? ကျွန်တော်ကိုခွင့်ပြုခွင့်လွှတ်ပါ။ တစ်စုံတစ်ယောက်သောသူကလည်း ကျွန်တော်ကို တခုခုပြောချင်နေပုံပေါ်ပါတယ်။သူတို့ပြောလို့မရလို့ ဖြစ်ပါလိမ့်မယ်။ အဲဒါအကြောင်းရှိပါတယ်။ကျွန်တော်ပြောတဲ့အတိုင်း ကျွန်တော်လုပ်ပါတယ်။ ခင်ဗျားတို့လှည့်ပတ်ကြည့်နေကြတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်။ ကျွန်တော် လှည်းအသံကြားပါတယ်။တစုံတစ်ယောက်သောသူက မတ်တပ်ရပ်လိုက်ပြီး တစ်ခုခုပြော လိုက်ပါတယ်။ဘာပြောလိုက်လဲဆိုတာ ကျွန်တော်မသိပါဘူး။ ကျေးဇူးတင်ပါတယ်။

ဒါပေမဲ့လည်း ယုံကြည်ပါ။ အသွေးတော်ရဲ့ အမှတ်အသားကိုခံယူပါ။

115 ၁၁၅။ ဣသရေလဟာအတူတကွစုဝေးပြီး ငါတို့ ဂေါရှင် (Goshen) ကုန်းမြင့်ဒေသကိုဒီနေ့ သွားကြရအောင်လို့ သူတို့မပြော ကြပါဘူး။ ငါတို့ ရှင်ကုန်းပေါ်ကိုတက်ကြပါစို့လို့ဘဲ ပြောကြပါတယ်။ သင်ဟာသင့်ရဲ့ ကုလားအုပ် ပေါ်ကိုသင်တက်ပြီး ငါတို့ကလည်း ငါတို့နွားလှည်းတွေပေါ် ငါတို့တက်ကြမယ်။ နောက်ပြီးတော့ ငါတို့ဂျုန်းတို့ကိုဟိုမှာသွားခေါ်မယ်။ စသည်ဖြင့် ဂိုးဝေ့တို့ကို သွားခေါ်မယ်။ ဂေါ်ရှင်ကုန်ပေါ်ကိုတက်ကြမယ်။ နောက်ပြီး ဘာဖြစ်သလဲ ? မောရှေက ငါတို့ကိုဒီနေ့စကားပြောမယ်။ အဲဒါမ ဟုတ်သေးဘူး ညီကိုတို့။ အဲဒီအသွေးတော်နဲ့အမှတ်အသားကိုယူပါ။ မှန်ပါတယ်။ တကယ်ဘဲဟုတ်ပါတယ်။ အဲဒီအကြောင်းကိုပြောရုံသက်သက်နဲ့မဟုတ်ပါဘူး။ အမှတ်အသားကိုခံယူဘို့ဖြစ်ပါတယ်။

သူတို့ထဲက တစ်ယောက်ကပြောပါတယ်။ခင်ဗျားမစ္စတာဂိုးဝေ့ကို သိတယ်မဟုတ်လား ?ကျွန်တော်သူ့ကို သေသေချာချာသိပါတယ်။

ဟုတ်ပါတယ်ညီကို။ အဲဒါ သမ္မာတရားဖြစ်တယ်ဆိုတာကျွန်တော်ယုံကြည်ပါတယ်။ မစ္စတာလဗင်းစတီး အဲဒါနဲ့ပတ်သက် လို့ ဘယ်လိုစဉ်းစားမိလဲ ?

သူနဲ့ကတကယ်ဘဲ လုံးဝအမှန်အကန်ဘဲဖြစ်ပါတယ်။ယေဟောဝါဘုရားသခင်ရဲ့ တန်ခိုးတော်ကို ပြောဆိုနေတာကို ကျွန်တော်တွေ့ရပါတယ်။အဲဒီနယ်မြေထဲကနေ ဖားတွေထွက်လာတာကို ကျွန်တော်တွေ့ရပါတယ်။ ကိုယ်တော်ရှင်မပြောမချင်း မဖြစ်ပါဘူး။ ကိုယ်တော်ရှင် ပြောတဲ့အခါမှသာ ဖြစ်လာပါတယ်။ ယေဟောဝါဘုရားသခင်ပြောဆိုခြင်းဘဲဖြစ်ပါတယ်။ လုပ်ဆောင် ခြင်းဘဲဖြစ်တယ်။ အဲဒါတွေအားလုံးဟာကောင်းမါန်ပါတယ်။ ခင်ဗျားဟာ အရေဖျားလှီးခြင်း ခံပြီးသားလာ ?

ဟုတ်ပါတယ်။ ခင်ဗျားကယုံကြည်သူလား ? ဟုတ်ပါတယ်။

116 ၁၁၆။ အဲဒီနောက်သူကပါစတာမိုးစက် စကားပြောတာကို သူကြားလိုက်ရပြီး အဲဒီနေ့မှာဘဲ သူကပြောပါတယ်။အသွေးတော် ရဲ့အောက်ကို သင်ရောက်ရှိဘို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ဘုရားသခင်ကပြောပါတယ်။ သွေးက အမှတ်အသားဘဲဖြစ် ပါတယ်။

ဘယ်လောက်ဘဲ သင်ကယုံကြည်ပါစေ ဘယ်လောက်ဘဲအရေဖျားလှီးပါစေ အဲဒါဟာ အာဗြဟံကို ဘုရားသခင်က ပေးတဲ့ ပဋိညာဉ်ဘဲဖြစ်ပါတယ်။အဲဒါပဋိညာဉ်ပါဘဲ။ ဒါပေမဲ့လည်း အသွေးတော်ရဲ့အောက်ကို ရောက်ရပါမယ်။ အမှတ်အသားဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်က မိန့်တော်မူတဲ့အကြောင်းကတော့ငါဟာသွေးကိုမြင်တဲ့အခါမှာ ငါကျော်ဖြတ်သွားမယ်။ ဣသရေလ (သို့) ဘယ်သူကိုဘဲဖြစ်ဖြစ်အသွေးတော် သုတ်လိမ်းထားတာတွေ့ရင် ငါအန္တရာယ်မပြုဘဲ ကျော်ဖြတ်သွားမယ်လို့ဆိုထားပါတယ်။

ထိုအရာသည် ဂိုဏ်းဂဏမဟုတ် တစ်ခုမဟုတ်တစ်ခုဖြစ်ပေမည်။ သင်သည် အသွေးတော်အောက်သို့ လာရပါမည်။ မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်း၊ ပင်တီကော်စတယ်၊ ဂိုဏ်းဂဏ မရှိခြင်း ဘာဘဲဖြစ်ဖြစ် တစ်ဦးစီအတွက်ဖြစ်ပါ တယ်။ အသွေးတော်အောက်ကို သင်လာရပါမယ်။ ယခုအခါမှာ ထိုအကြောင်းကိုမပြောပါနှင့်။ လက်ခံပါ။ ကိုယ်တော်ကို လက်ခံပါ။ ငါပြောတာကိုလည်း နားထောင်ပါ။ ကိုယ်တော်ရှင်၏နာမ၌ ငါပြောဆိုသည်ကို နားထောင်ပါ။ အသွေးတော်အောက်ရောက်ရမည်ဖြစ်ပါသည်။

အသွေးတော်အောက်မှာရှိသော မည်သည့်ပုဂ္ဂိုလ်ကိုမဆိုကိုယ်တော်ရှင်တာဝန်ယူပါတယ်။ ဘုရားသခင်က ရှင်းလင်စွာဖေါ်ပြထားပြီးဖြစ်ပါတယ်။အသွေးတော်နှင့် မပတ်သတ်သမျှအရာအားလုံးပျောက်ကွယ်ပျက်စီးသွားမှာဘဲ ဖြစ်ပါတယ်။

117 ၁၁၇။ ကိုယ်တော်ရှင်၏စကားများကို ကျွန်တော်သုံးပါရစေ။ ခရစ်တော်နှင့် မသက်ဆိုင်သူများအားလုံးပျက်စီးရမည်ဖြစ်ပါ တယ်။ ခရစ်တော်ကဲ့သို့ မည်သို့ရောက်ရှိနိုင်ပါမည်နည်း ? (၁ကော ၁၂) တွင် တပါးတည်းသော ဝိညာဉ်တော်အားဖြင့် ဖြစ် ပါတယ်။

လက်ကလေးဆွဲပြီး နှုတ်ကလေးလှုပ်ရမ်းနှုတ်ဆက်လိုက်ခြင်း၊ အသင်းသားအဖြစ်အသင်းဝင်ခြင်း၊ ဂိုဏ်းဂဏအားဖြင့် ပါဝင်ခြင်းမဟုတ်ပါ။ ခင်ဗျားဖြစ်မြောက်လာရန်ကြိုးစားခြင်းသာ ဖြစ်ပါတယ်။ သူတို့ကြိုးစားကောင်းကြိုးစားပေလိမ့်မည်။

သို့သော်လည်း တပါးတည်းသော ဝိညာဉ်တော်အားဖြင့်ကျွန်တော်တို့အားလုံးသည် ခန္ဓာကိုယ်တစ်ခုထဲသို့ နှစ်ခြင်း ဗတ္တိဇံမင်္ဂလာကိုခံယူကြပါတယ်။ ကောင်းကင်မှ ကောင်းကင်တမန်သည် အခြားအကြောင်းအရာများကို သွန်သင်ပါကသူသည် ကျိန်ဆိုခြင်း ခံရမည်ဟု ပေါလုကဆိုထားပါသည်။ ခရစ်တော်တွင်းသို့ ရောက်ရှိလာတဲ့သတင်းစကားအမှန်ပင် ဖြစ်ပါတယ်။

အမှတ်အသား၏ပြင်ပကို ရောက်ရှိနေသောသူမည်သူမဆိုဘုရားသခင်က တာဝန်မယူပါ။ ဘုရားသခင်လူတိုင်းကို တာဝန်ယူမည်မဟုတ်ပါ။ လူကြီး၊ လူငယ်၊နာမည်ကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ လူယောကျာ်းဖြစ်စေ၊ လူမိန်းမဖြစ်စေ၊ ကိုယ်တော်ရှင်ဘယ်သူကိုမှ တာဝန်မယူပါ။ အမှတ်အသား ပဋိညာဉ်အောက်မှာ ရှိသောသူကိုသာတာဝန်ယူမည်ဖြစ်ပါသည်။

118 ၁၁၈။ သင်ပြောပေမည်။အို...ကိုယ်တော်ကျွန်တော်ဒါလုပ်ခဲ့ပြီးပါပြီ။ ကျွန်တော်နတ်ဆိုးတို့ကို မောင်းထုတ်ခဲ့ပါတယ် ကိုယ်တော်။

ကိုယ်တော်ရှင် ကျွန်တော်ဒါလုပ်ခဲ့ပါတယ်။ ဇဝ်ဂေလိတရား ဟောခဲ့ပါတယ်ဟုပြောကောင်းပြောပေလိမ့်မည်။

ငါ့ထံမှထွက်ခွာကြလော့၊ သင်တို့သည်မကောင်းမှုကိုပြုသောသူများ ဖြစ်ကြပါတယ်။ သင်တို့ကို ငါတောင်မသိပါဟု ကိုယ်တော်ရှင် ပြောပေမည်။ကိုယ်တော်ရှင်က အမှတ်အသားကိုသာ အသိအမှတ်ပြုပါသည်။

ခင်ဗျားတို့ကြားပါသလား? အာမင်လို့ပြောပါ။ ပရိသက်ကလည်း အာမင်လို့ပြောပါတယ်။ အယ်ဒီတာ။ဒါကြောင့်ခင်ဗျားတို့ အပေါ်မှာဘဲ မူတည်ပါတယ်။

တနေ့ကတောထဲမှာထိုင်ပြီး လူငယ်ကလေးများပြောဆိုနေကြသည်ကို ကြားရပါသည်။ နှစ်ရက်ခန့်ရှိပါပြီ။ ရှဉ့်ကလေး တစ်ကောင်တောင်မှမဖမ်းမိပါ။ ဘာဖြစ်နေပါသလဲ? ဘာဖြစ်နေတာလဲဆိုတာအကြောင်းရှိပါတယ်။

ကိုယ်တော်ရှင်အပေါ်မှာထားပါ။ ကိုယ်တော်ရှင်နဲ့ပတ်သက်လို့ နှုတ်မှ အမျိုးမျိုးပြောဆိုပြီဖြစ်ပါတယ်။ အခုအခါမှာသင့်ရဲ့ပေါင်ပေါ်မှာ ရှိနေပါပြီ။ သင့်၏ကိုယ်ပိုင် ဖြစ်နေပါပြီ။

119 ၁၁၉။ ကိုယ်တော်ရှင်ကဘာကိုမှ အသိအမှတ်မပြုပါ။ ပဋိညာဉ်တရားကိုသာ အသိအမှတ်ပြုပါတယ်။ ကယ်တင်ခြင်းရရှိပြီးသန့်ရှင်းစင်ကြယ်ခြင်း ကိုယ်တော်ရှင်ရဲ့ ကိုယ်ခန္ဓာအတွင်းသို့ ဗတ္တိဇံခံခြင်းမရှိသေးဘူးဆိုလို့ရှိရင် သင်သည် ထိုပဋိညာဉ်တရားကို လက်မခံနိုင်ပါ။ ကိုယ်တော်ရှင်ကလည်းသင့်ကိုလက်ခံမည်မဟုတ်ပါ။

သင်သည်ကိုယ်စားပြုခြင်း လူစားထိုးခြင်းရှိကောင်းရှိနိုင်သည်။ သင့်ကိုယ်သင် ကောင်းသည်ဟု ခံစားမိမည်။ ခုန်လိုက်ပေါက်လိုက်ရှိမည်။ အခြားသောဘာသာစကားပြောမည်။ ဝိညာဉ်တော်၌ ကခုန်မည်။အဲဒါနဲ့ပတ်သက်လို့ဘာမှ လုပ်စရာ မလိုပါ ဘူး။ ကြားနာကြည့်ပါ။ ကိုယ်တော်ရှင်ရဲ့နာမတော်၌ နားထောင်ကြည့်ပါ။ ဘုရားသခင်ထိုအရာများကို အသိအမှတ်မပြုပါ။ တပါးအမျိုးသားကလည်း ပြုလုပ်ကြပါသည်။ စုန်းများကပင် ထိုသို့ပြုနိုင်ကြပါသည်။

သင်ကပြောပေမည်။ ငါကတော့ ကျမ်းစာတက်တဲ့သူဘဲငါဒါလုပ်တယ်။ ဟိုဟာလုပ်တယ်။ တခြားဟာလုပ်တယ်။ အဲလိုပြောမှာ ပါ။ သင်ဘာလုပ်သည်ကိုကိုယ်တော်ရှင်ဂရု မစိုက်ပါ။ သင်မည်မျှကျမ်းစာတက်သည်ကို လည်းဂရုမစိုက်ပါ။ နတ်ဆိုးလည်း ကျမ်းစာတတ်ပါတယ်။

ကိုယ်တော်ရှင် အသိအမှတ်ပြုသည့်အရာမှာအမှတ်အသားပင်ဖြစ်ပါတယ်။ အချိန်ကာလ၏ သတင်းစကားပင်ဖြစ်ပါ တယ်။ ဤနေ့ရက်ကာလ၏ သတင်းစကားဖြစ်ပါတယ်။ သခင်ယေရှုနာမ၌ လက်ခံယုံကြည်ကြပါ။

120 ၁၂၀။ အစားထိုးခြင်းမဟုတ်ပါ။နတ်ဆိုးကသင့်အပေါ်သို့ တစုံတခုထားနိုင်ပါတယ်။ အပျော်သဘောချစ်ခင်မှု အခြားသောသူတစ်ဦး၏ ဇနီးသည်ကို ချစ်ခြင်း၊ ပြစ်မှားခြင်း၊ မိမိ၏ဇနီးသည် ဖြစ်သူသည်အပြင်အခြားသော အမျိုးသမီးများ နှင့်ဖေါက်ပြန် ခြင်း၊ ဇနီးသည်ဖြစ်သူကလည်းအခြားသောသူနှင့် ဖေါက်ပြန်ခြင်း စသည်ဖြင့် မကောင်းသော အရာများပြုလုပ်နိုင်ပါတယ်။အဲဒါ တွေဟာတကယ်စစ်မှန်တဲ့ အချစ်မဟုတ်ပါဘူး။ နတ်ဆိုးနှင့် ဆိုင်ပါတယ်။ နတ်ဆိုးရဲ့အလုပ်တွေဘဲဖြစ်ပါတယ်။ သင့်ကိုလက် ဆင့်ကမ်းပေးဘို့ နတ်ဆိုးအရာများဘဲ ဖြစ်ပါတယ်။ ပျော်ရွှင်ခြင်း၊ကောင်းမြတ်ခြင်း၊ စသည်တို့အစား ငါအရမ်းလွမ်းဆွေးနေ တယ်။ ငါအပြင်ထွက်ပြီးတော့အရက်နည်းနည်း သောက်ပြီးတော့ အဲဒါတွေကို မေ့ပျောက်ဘို့ကြိုးစားမယ်။ စသည်တို့မှာသေခြင်း တရားပင်ဖြစ်ပါတယ်။

ဘုရားသခင်သည် သင်၏ဝမ်းမြောက်ခြင်းအကြောင်းဖြစ်ပါတယ်။ ဘုရားသခင်သည် သင်၏ခွန်အားဖြစ်ပါတယ်။ သတင်းစကားကို သိခြင်းမှာသမ္မာတရားကို သိခြင်းပင် ဖြစ်ပါတယ်။ ယခုအခါမှာ ကျွနု်ပ်တို့အတွက် အလုံအလောက်ဖြစ်နေပေပြီ။ ကိုယ်တော်ရှင်အထဲမှာ အရာခပ်သိမ်း ရှိနေရပါမည်။ ကျွနု်ပ်တို့၏ခွန်အားပင်ဖြစ်နေပါတယ်။ ကိုယ်တော်ရှင်ထံမှ ကျွနု်ပ်တို့ အကူအညီရပါတယ်။ခရစ်ယာန်များ အနေနှင့် ကိုယ်တော်ရှင်ကိုသာ မျှော်ကြည့်ပါ။ဝမ်းမြောက်ခြင်းရရှိနိုင်ဘို့ ခွန်အားရရှိနိုင်ဘို့ပျော်ရွှင်ခြင်းများရရှိနိုင်ဘို့ ကိုယ်တော်ကိုသာ မျှော်ကြည့်ပါ။ ကိုယ်တော်သည်ကျွနု်ပ်၏ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ချစ်ခြင်း၊ ကျွနု်ပ်၏ အသက်ပင်ဖြစ်ပါတယ်။အဲဒါဟာ ပဋိညာဉ်တရားဘဲ ဖြစ်သည်။ တံခါးကိုဖွင့်စေတဲ့ အမှတ်အသားဘဲ ဖြစ်ပါတယ်။

121 ၁၂၁။ ပုဂ္ဂိုလ်တစ်ဦးအတွက်တာဝန်မရှိပါ။ သင်ဘယ်သူဘဲဖြစ်ဖြစ် သင့်ကိုတာဝန်မယူပါ။ အဲဒီအမှတ်အသား မရှိရင်ကိုယ်တော်ရှင် လုံးဝတာဝန်ယူမည် မဟုတ်ပါ။ မိသားစုအားလုံးအတူတကွ ရရှိဘို့ရန်အတွက်အမြဲတမ်း သတိရပါ။ အမြဲတမ်းသိ မှတ်နေပါ။

သင်ကပြောပေမည်။ ငါ့အဖေကတော့ တရားဟောဆရာဘဲငါ့အစ်ကို၊ ငါ့တရားဟောဆရာ၊ စသည်ဖြင့် ပြောပေလိမ့် မည်။ အဲဒါတွေဟာမှန်ပါတယ်။ဒါပေမဲ့ သင်နဲ့ပတ်သက်လို့ကတော့ ဘယ်လိုဖြစ်နေပါသလဲ?

အမြဲတမ်းသတိရနေမည့်အရာမှာ အမှတ်အသားကိုပြသသည့်အခါပင်ဘဲ ဖြစ်ပါတယ်။ လူတစ်ဦးက ဤနေရာမှာ ရှိနေမယ်ဆိုလို့ရှိရင် သူ့ရဲ့သားကလမ်းဖြတ်ကူးသွားပါတယ်။ အဲဒီသားလေး အန္တရာယ်ရှိနေပါတယ်။ ပျောက်ဆုံးသွားနိုင်ပါ တယ်။သူ့ရဲ့ဖခင်ကတော့ စိတ်ချရပါတယ်။ ဒါပေမဲ့လည်း သူ့သားက ဟိုဘက်လမ်းကူးသွားပါပြီ။သူ့ရဲ့အဖေကလည်း ပျောက် ဆုံးသွားနိုင်ပါတယ်။ အဲဒီတော့အမှတ်အသားဘဲ လိုအပ်ပါတယ်။အမှတ်အသားကို တွေ့ရမယ်ဆိုရင် ငါသင့်ကို ကျော်ဖြတ်သွား မယ် အန္တရာယ် မဖြစ်စေဟုပြောပါတယ်။ အဓိကတော့ အဲဒါဘဲ ဖြစ်ပါတယ်။

သင်ကလည်း ပြောပေမည်။ ငါ့သားကတော့ တရားဟောဆရာဘဲ။မိခင်များကလည်း ပြောပေလိမ့်မယ်။ ငါ့သားက လေးကအ တော်ဆုံးဘဲ၊ ငါ့သမီးကလေးကလည်းအတော်ဆုံးဘဲ အမလေး ချစ်စရာအကောင်းဆုံး သားသမီးတွေဘဲ

သူတို့ကတော့သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝပါတယ်။ မေတ္တာနှင့်ပြည့်ဝပါတယ်။နာခံခြင်းရှိတယ်။ အမလေး ဒီလောက် လိမ်မာတာ မတွေ့ဘူးပါဘူး။ ဒါပေမဲ့လည်းမိခင်နဲ့ပတ်သက်လို့ ဘယ်လိုများရှိနေပါသလဲ?

သင်ကလည်းပြောပေမည်။ ကျွန်တော့်အမေကတော့ချစ်စရာကောင်းဆုံးဘဲ သူသေသွားလို့ရှိရင် သူကောင်းကင်ကို သွားရပါမယ်။ ဘာကြောင့်လည်းဆိုတော့ တကယ်ဘဲ အမှတ်အသားရှိလို့ဘဲ ဖြစ်ပါတယ် လို့ဘုရာသာဘာရမ်ဟမ်ကပြောပါ တယ်။ ခင်ဗျားကောဘယ်လိုလဲ? မိသားစုတစ်ခုလုံးအားလုံးဟာဆိုရင်အမှတ်အသားပြုခြင်း ရှိရပါမယ်။

122 ၁၂၂။ မောသွားကြပြီလား? ပရိသက်ကလည်း မမောပါလို့ပြောပါတယ်။ အယ်ဒီတာမှတ်ချက်။မိနစ်အနည်းငယ် အတွင်း ကျွန်တော်အဆုံးသတ်ပါတော့မယ်။ ကျွန်တော်ကြားဖြတ်ပြီးအဆုံးသတ်လိုက်ပြီးတော့ ပြန်စပါမယ်။ မစပါနဲ့လို့ ပရိတ်သတ်များ ကပြောပါတယ်။နည်းနည်းလေးကြာကြာ ခင်ဗျားတို့စောင့်နေမယ်ဆိုရင်ကျွန်တော်မြန်မြန်လေးပြောသွားပါမယ်။ အာမင်။ လို့ပရိတ်သတ်ကပြောပါတယ်။ကျွန်တော်ဒီအကြောင်းကိုဘဲ အဆုံးသတ်ပြီး ပြောလိုက်ပါမယ်။ ကျွန်တော်စဉ်းစားမိတာကတော့ ခင်ဗျားတို့ ဝိညာဉ်တော် ဘိတ်သိက်သွန်းခြင်း ခံနေရတဲ့အခါတွေမှာဘဲအကောင်းဆုံးဖြစ်ပါတယ်။ အာမင်လို့ ပရိသက်ကဆိုပါ တယ်။

အမှတ်အသားကိုပြသည့် အခါမှသာလျှင် ဖြစ်ပါတယ်။မိသားစုတစ်စုလုံးလည်း အမှတ်အသားပြုခြင်းခံရပါမယ်။ အသွေးတော်အားဖြင့် ဖြစ်ပါတယ်။ဖခင်မိခင် ခင်ဗျားတို့ဘယ်လိုခံစားရမလဲဆိုတာ ကျွန်တော်နားလည်ပါတယ်။ ခင်ဗျားတို့မှာသားသမီးတွေရှိတယ်။ သူတို့အားလုံးကို ကယ်တင်ခြင်းရစေလိုပါတယ်။ ကျွန်တော်ကိုလည်းယနေ့စကားပြောကြားနေခြင်း ဖြစ်ပါတယ်။ ကျွန်တော်မှာ ညီကိုတွေရှိတယ်။ ညီမလေးတစ်ယောက်လည်းရှိတယ်။ ကျွန်တော်နဲ့ရင်းနှီးချစ်ခင်တဲ့သူတွေရှိတယ်။အားလုံးကယ်တင်ခြင်း ရစေလိုပါတယ်။ ဒါပေမဲ့လည်း အမှတ်အသားကိုတော့ မပြနိုင်ဘူးဆိုရင်အားလုံးကယ်တင်ခြင်း ဆုံးရှုံးကြ ရမှာ ဖြစ်ပါတယ်။ သူတို့အတွက် နောက်တဖန်ရှင်ပြန်ထမြောက်ခြင်းလည်း မရှိပါဘူး။ သူတို့အားလုံး ပြီးဆုံးသွားပါပြီ။ အမှတ်အသားကိုသာ ပြသနိုင်ရမှာ ဖြစ်ပါတယ်။

123 ၁၂၃။ ယောရှုကိုကြည့်ပါ။ကျွန်တော်တို့ဖတ်ဘို့ အချိန်ရမယ်လို့ ထင်ပါတယ်။ မှတ်သားထားပါ။ (ယောရှုအခန်းကြီး ၂)ယုံကြည်သူဖြစ်တဲ့ ပြည်တန်ဆာရာခပ်သည် တပါးအမျိုးသားဖြစ်ပါတယ်။

ကိုးနာရီထိုးပြီးလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်ထိုကျမ်းချက်ကို ခင်ဗျားတို့ကို ဖတ်ပြချင်ပါတယ်။ ကျမ်းချက်ဘယ် လိုလဲဆိုတာကိုဖတ်ပြချင်ပါတယ်။ ပရိတ်သက်ကလည်း အချိန်ယူပါလို့ပြောပါတယ်။ (အယ်ဒီတာ မှတ်ချက်)

ထိုပြည့်တန်ဆာ ရာခပ်ဟာ တပါးအမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ သူ့မိသားစုတစ်စုလုံးကလည်း တပါးအမျိုးသား မိသားစု ဘဲဖြစ်ပါတယ်။သူမတစ်ဦးတည်းသာ ယုံကြည်ပါတယ်။ သူမရဲ့ မိသားစုတစ်ခုလုံး အသွေးတော်နဲ့ အမှတ်အသားကိုခံယူကြရ ပါတယ်။ မိသားစု တစ်စုလုံး အားလုံးဟာကယ်တင်ခြင်းဆုံးရှုံးရမဲ့သူတွေဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အမျက်တော်အကြောင်းသူတို့ကြားရပါတယ်။ နိမိတ်လက္ခဏာတွေ ပေါ်ထွက်လာတာကိုလည်း သူတို့ကြားသိရပါတယ်။ဘုရားသခင်ရဲ့ အံ့ဖွယ်လက္ခဏာ တွေသူ့လူမျိုးတော်တွေမှာ ဖြစ်ပျက်နေတာတွေသူတို့လက်ခံရရှိပါတယ်။ သူမကိုယ်တိုင်လည်း လက်ခံရရှိပါတယ်။ ဘုရားသခင် ရဲ့ဖျက်ဆီးတက်တဲ့ ကောင်းကင်တမန်လည်း ရောက်လာပါပြီ။ သူတို့သိပါတယ်။ ယောရှုဟာအဲဒီကောင်းကင် တမန်ဘဲဖြစ်ပါတယ်။ သူတို့ဟာ ဆုံးဖြတ်ချက် ချရတော့မဲ့ အချိန်ဖြစ်နေပါပြီ။

နိုင်ငံတိုင်း နိုင်ငံတိုင်း ဤကမ္ဘာလောကကြီးပေါ်မှာဘုရားသခင်ရဲ့ တရားစီရင်ခြင်းကို ခံကြရတော့မှာ ဖြစ်ပါတယ်။

ဤပြည့်တန်ဆာလေးဟာဆိုရင် အဲဒီအကြောင်းကိုကြားတဲ့အခါမှာ ကြားနာခြင်းအားဖြင့် ယုံကြည်ခြင်း ဖြစ်ပေါ်လာပါ တယ်။ သူမကတနိုင်ငံလုံးလုံးဟာ ရှင့်အတွက်နဲ့ စိတ်အနှောက်အယှက်ဖြစ်နေကြရပါပြီလို့ပြောပါတယ်။ အဲဒါမှန်ပါတယ်။

124 ၁၂၄။ သူလျှိုလ်တွေလွှတ်ပြီးတော့အစီအစဉ်တွေကို လုပ်တဲ့အခါမှာ သူမက အဲဒီသူလျှိုလ်တွေကို လေးစားပါတယ်။သူမကိုယ်တိုင်လည်း ကယ်တင်ခြင်းရလိုပါတယ်။ သင်တို့ရဲ့ ဘုရားဟာ ဘုရား အစစ်အမှန်ဖြစ်တယ်ဆိုတာကို ကျွန်မသိပါ တယ်။ ကိုယ်တော်ရှင် ကြီးမြတ်တဲ့အရာတွေပြုလုပ်တယ်ဆိုတာကိုလည်း ကျွန်မကြားရပါတယ်။ အော့(အ်)မြို့မှာ သူဘာလုပ်ခဲ့ သလဲဆိုတာသိရပါတယ်။ အခြားနိုင်ငံတွေမှာလည်း ကိုယ်တော်ရှင်ရဲ့ လက်ရာတော်တွေကိုကြားသိနေရပါတယ်။ ကိုယ်တော်ရှင်ကို လက်ခံယုံကြည်တဲ့သူတွေဟာ ကယ်တင်ခြင်းရရှိတယ်ဆိုတာကိုလည်း ကျွန်မ တွေ့ရပါတယ်။ ကိုယ်တော်ရှင် ကို လက်မခံတဲ့သူတွေကတော့ပျက်စီးခြင်းကို ရောက်ရပါတယ်။ ကျွန်မအသက်ရှင်လိုပါတယ်။ သူမက အဲဒီလိုဆိုပါတယ်။ဒီလိုဘဲ ကျွန်တော် အသက်ရှင်လိုပါတယ်။

125 ၁၂၅။ ယေရိခေါမြို့ကကိုယ်တော်ရှင် ဘာအမှုပြုလဲဆိုတာကို ကြာသိပြီး ဖြစ်ပါတယ်။ ဒါပေမဲ့လည်းသူတို့ဟာသတိပေးစကား ကို အလေးအနက်မထားကြပါဘူး။

အဲဒီမှာဂိုဏ်းဂဏ မရှိပါဘူး။ ဘုရားသခင်ဘာအမှုပြုတယ်ဆိုတာကိုဘဲ ကြားကြရပါတယ်။ သူတို့ သတိပေးစကားကို တော့ လက်မခံကြပါဘူး။

ကိုယ်တော်ရှင်ရဲ့ ကြီးမြတ်တော်မူတဲ့ တန်ခိုးနဲ့နိမိတ်လက္ခဏာတွေ ပြသခြင်းရှိနေပါတယ်။ ကိုယ်တော်ရှင်ဘာလုပ်ခဲ့ တယ်ပင်လယ်နီကိုဖြတ်ကျော်ခဲ့တဲ့ အကြောင်းတွေ ပင်လယ်ကြီးနှစ်ခြမ်းကွဲပြီး အလည်မှာရေသွားလမ်းပေါ်မှာ လျှောက်နိုင် အောင်ကိုယ်တော်ရှင် ဖန်တီးပေးခဲ့တယ်။ ဖားတွေ၊လေ့တွေ၊ ပိုးကောင်လေးတွေ လေထဲကနေပြီး ရောက်လာတယ်။ နူတ်ကပတ်တော်အားဖြင့်ဖန်တီးတယ်။ သူ့ပရောဖက်အားဖြင့် ပြသတော်မူပါတယ်။ လျှို့ဝှက်ထားတဲ့အရာတွေ မရှိပါဘူးသူတို့ သိမြင်ခွင့်ရကြပါတယ်။

ရာခပ်ကပြောပါတယ်။ ကျွန်မအဲဒီအကြောင်းတွေကိုကြားပါတယ်။ သူမကယ်တင်ခြင်း မဆုံးရှုံးလိုပါဘူး။ မယုံကြည် သူတွေနဲ့ အတူပျက်စီးရတဲ့အ ခွင့်ကို မရောက်လိုပါဘူး။

သိသာနေတဲ့စီရင်ခြင်းဟာ ရောက်လာတော့မှာ ဖြစ်ပါတယ်။သူတို့ဟာ တကယ့်ကို အဆုံးစွန်သော လမ်းကြောင်းပေါ်ကို ရောက်နေပါပြီး။ ပြည်တန်ဆာရာခပ်သိပါတယ်။ အဲဒါသူမ ထွက်ပြေးလွတ် မြောက် နိုင်ဘို့အတွက်သူတို့လမ်းကြောင်း လုပ်ပေးလိုက်ပါတယ်။

126 ၁၂၆။ သူတို့ရဲ့ကြီးမားလှတဲ့ဂိုဏ်းဂဏကြီး ယေရှုရှလင်မြို့ရဲ့ဘာသာရေးဂိုဏ်းကြီးကို သူတို့ယုံကြည်ကောင်းယုံကြည်ပါ လိမ့်မည်။ အဲဒီဂိုဏ်းကြီးဟာ ဘုရားသခင်ရဲ့ အမြတ်တော်ကို ဘယ်လိုမှခံမရပ်နိုင်တော့ပါဘူး။ သူတို့ရဲ့ ဘာသာရေးက ဘုရားသခင်ရဲ့ အမျက်တော်ကိုတားဆီးမထားနိုင်ပါဘူး။

ယနေ့ သူတို့မြောက်များစွာတို့ကလည်းဒီအကြောင်းအရာကိုဘဲ စဉ်းစားနေကြပါတယ်။ ဘုရားသခင်ကတော့ တရား စီရင်လိမ့်မယ်လို့တော့မထင်ပါဘူး။ စသည်ဖြင့် စာတန်က ဧဝကိုပြောသကဲ့သို့ ပြောပါသည်။ တကယ်ပါဘဲ ဘုရားကတော့လုပ်မှာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင် တရားစီရင်မှာ မဟုတ်ပါဘူး.စသည်ဖြင့်လှည့်ဖျားသော စာတန်၏ စကားများကို နားမယောင်စေပါနှင့်။ တကယ်ဘဲတရားစီရင်မှာပါ။ ကိုယ်တော်ရှင် သူ့ရဲ့ နှုတ်ကပတ်တော်အတိုင်း သူပြုလုပ်မှာဖြစ်ပါတယ်။

ဒုတိယအကြိမ် မွေးဖွားခြင်းမရှိလို့ရှိရင်ကောင်းကင်နိုင်ငံ ဝင်ခွင့် မရှိပါဘူး။ ဒုတိယအကြိမ် မွေးဖွားခြင်း ခံရတဲ့သူတွေမှာဒီနိမိတ်လက္ခဏာတွေကို တွေ့ရပါတယ်။ ငါ့ရဲ့တပည့်များဖြစ်တယ်ဆိုတာကိုလူတိုင်းသိကြရပါသည်။ အားလုံးဟာ ပေါ်လွင် လျက် ရှိပါတယ်။

127 ၁၂၇။ ဘာဖြစ်ပါသနည်း? သူတို့အားလုံး ပိတ်မိနေကြပါတယ်။ ဘယ်မှာမှ နိုးထမှုတွေရှိတော့ပါဘူး။ ဘယ်ဂိုဏ်းဂဏကမှ လည်း နိုးထမှုပြုလုပ်ဘို့အားပေးတော့မှာ မဟုတ်ပါဘူး။အဲဒါမျိုးတွေ ကျွန်တော်တို့အကြားမှာ ရှိတော့မှာ မဟုတ်ပါဘူး။ အဲဒီဂိုဏ်း ဂဏကိုမသွားပါနဲ့ ယေရိခေါမြို့ အဆုံးစွန်သော လမ်းကြောင်း စီရင်ခြင်း ချတော့မဲ့ အချိန်ကိုရောက်နေပါပြီ။

ဒါပေမဲ့လည်း တချို့လူငယ်လေးတွေ တနေရာရာကနေထွက်လာနေတာကို တွေ့ရပါမည်။ တိတ်ခွေလေးတွေရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ကြိုတင်ခွဲခန့်ရွေးချယ်ထားတဲ့ မျိုးစေ့အတွက်ဘဲ ဖြစ်ပါတယ်။ သူမရဲ့အိမ်ပေါ်ကိုတိတ်ခွေလေးတွေဖွင့်ဖို့ အတွက် ခိုးသွင်းလာတယ်။ သူမကလည်း သူမမိသားစုအတွက်အသင်းတော်အိမ်ကလေးဖြစ်အောင် သတင်းစကားကို လက်ခံ အောင်ပြုလုပ်ပါတယ်။

သူတို့ကို လက်ခံထားပါတယ်။ သတင်းစကားဟာကြိုတင်ခွဲခန့်ထားတဲ့ မျိုးစေ့ထဲကို ရောက်သွားပါတယ်။ ဘယ်လို ရောက်သွားလဲဆိုတာကျွန်တော်တို့မသိပါဘူး။ ဒါပေမဲ့ ရောက်တော့ရောက်သွားတယ်ဆိုတာ သိရပါတယ်။ ဒါကြောင့်ဖြောင့်မတ် သောသူသည် မတရားသောသူတို့နဲ့ အတူ စီရင်ခြင်းမခံရတော့ပါဘူး။ယနေ့ဘုရားသခင်က ကျွန်တော်တို့ကို အမြဲ ကြည့်ရှုနေ ပါတယ်။ တနည်းမဟုတ်တနည်းနဲ့သတင်းစကား ရောက်လာပါတယ်။ ဘယ်လိုရောက်ဘာမှန်းကို မသိပါဘူး။ သူတို့မထောက်ခံမအားပေးပေမဲ့လည်း မျိုးစေ့အချို့ ရောက်လာပါတယ်။ ကြိုတင်ခွဲခန့်မှတ်သားထားတဲ့အတိုင်း ဘဲဖြစ်ပါတယ်။

128 ၁၂၈။ သမ္မာကျမ်းစာအကြောင်းတစုံတယောက်သောသူ သိပါသလား? ပြည်တန်ဆာဟာကြိုတင်ခွဲခန့်မှတ်သားခြင်း ခံရတယ် ဆိုတာသိရပါသလား? သူမက တော့သေချာပါတယ်။ သမ္မာကျမ်းစာဖော်ပြထားပါတယ်။ မယုံကြည်သူတွေနဲ့အတူသူမပျက်စီ ခြင်းကို မရောက်သွားပါဘူး၊ သူမကအချိန်ကာလရဲ့ သတင်းစကားကို ယုံကြည်တဲ့သူဖြစ်ပါတယ်။

ဘုရားသခင်က သူမကို နိမိတ်လက္ခဏာတွေ ပြပါတယ်။သူ့ရဲ့သတင်းပို့ဆောင်သူသူတွေများအားဖြင့် ဖြစ်ပါတယ်။ အနီရောင်နီရဲတဲ့သွေးနဲ့မိမိကိုယ်ကို မိမိခြည်ပါလို့ ဆိုပါတယ်။ ဒါပေမဲ့လည်း အဲဒီအနီရောင်ကြိုးနဲ့မခြည်ထားဘူးဆိုရင် ဘယ်လိုမှ ထွက်ပြေး လွတ်မြောက်မှာ မဟုတ်ပါဘူးအဲဒီအနီရောင်ကြိုးကြီးကိုခြည်ပြီး တွဲလောင်းချထားပါ။ အဲဒါမှလည်း ကျွန်တော်တို့လည်း တာဝန်ယူနိုင်မှာ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ အဲဒီအနီရောင်ကြိုးကြီးချထားတာမဟုတ်ဘူးဆိုရင် ကျွန်တော်တို့ တာဝန်မယူနိုင်ပါဘူးလို့ ပြောပါတယ်။ ဘရာသာဘရမ်ဟမ်က သုံးကြိမ်တိုင်တိုင် လက်ခုပ်တီးပါတယ်။ အယ်ဒီတာ၏ မှတ်ချက်။

ရာခပ်နဲ့ မျိုးစေ့ကြိုတင်မှတ်သားခြင်း၊ရွေးချယ်ခြင်းခံရတဲ့မျိုးစေ့များ၊ အဲဒီအထဲကနေ ထွက်သွားပြီး သူတို့ကိုလည်းရှာဖွေရပါတယ်။ အမေတွေ၊ အဖေတွေကို ရှာဖွေရပါတယ်။ ကျွန်တော်အားလုံး အသွေးတော်ရဲ့အောက်ကနေထွက်လာပြီး အီဂျစ်ပြည် ကို ရောက်သွားရပါတယ်။ အဲဒီအမှတ်အသားပြုခြင်းမခံရတဲ့အရာတွေအားလုံးဟာ ပျက်စီးခြင်းကို ရပါတယ်။ ရာခပ်ကလည်း နိမိတ်လက္ခဏာအမှတ်အသားကို လုပ်ထားပါတယ်။ သခင်ယေရှုရဲ့နာမဥ္ဇ ဖြစ်ပါတယ်။အဲဒီလိုအမှတ်သားထားမယ်ဆိုရင် တာဝန်ယူပါတယ်။ သတင်းစကားနဲ့အတူ တာဝန်ယူပါတယ်လို့ဆိုထားပါတယ်။ ကောင်းကင်တမန်ရဲ့အမျက် ကျရောက်ပြီး ယောရှု အနေနဲ့ ဘုရားသခင်ရဲ့သတင်းစကားပို့ဆောင်တဲ့ ဖျက်ဆီးခြင်းသတင်းစကားပို့ဆောင်သူပဲ ဖြစ်ပါတယ်။ သူ့ကိုကျွန်တော် ကောင်းကောင်းသိပါတယ်။ အဲဒီမှာ အမှတ်အသားပြုထားရမယ်လို့ ဆိုထားပါတယ်။အဲ့ဒီတော့ အဲဒီမှာ ကျွန်မ အမှတ် အသား ထည့်ထားပါတယ်။ အဲဒါဟာ ကျွန်မတို့နဂိုကတည်းကိုက ကြိုတင်ပြီးပြုလုပ်ထားတဲ့ပဋိညာဉ်အတိုင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ကအဲဒီလူတွေကို အသိအမှတ်ပြုပါတယ်။ အဲဒီအမှတ်အသား မရှိရင်အားလုံးပျက်စီးဆုံးရှုံးရပါမယ်။ အဲဒီတော့ အမှတ်အသားပြုလုပ်မှသာ အသက်ရှင်ခွင့်ရမှာဖြစ်ပါတယ်။

129 ၁၂၉။ ယနေ့လည်းအလားတူပဋိညာဉ်ခံမှုမျိုးပင်ဖြစ်ပါသည်။ အလားတူ အရာမျိုးပင် ဖြစ်ပါတယ်။ ဤသတင်းစကားကိုမယုံ ကြည်သောသူများ သင့်အားငါ ပျက်စီးဆုံးရှုံးခွင့်ကို မရောက်စေရဟု ဆိုထားပါတယ်။

သူမလည်း ပြုလုပ်ခဲ့ပြီးသော အလုပ်များအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ သူမလည်း ယုံကြည်ပါသည်။ သူမနှင့် သူမ၏ ဖခင်

သူမရဲ့မောင်နှစ်ယောက်စသည်ဖြင့် ဖြစ်ပါမည်။ နေ့ကြီး တနေ့ထဲတွင် ယုံကြည်သူအနည်းငယ်အစုအဝေးလေးမျှသာ ဖြစ်ပါသည်။

130 ၁၃၀။ မည်မျှနည်းပါသနည်း? ဟိုမှာ တစ်ယောက် သည်မှာ တစ်ယောက် မိသားစု ကလေး တစ်စုဖြစ်ပြီး နိုင်ငံကြီးတစ်နိုင်ငံ အထဲမှာ ပေါ်ထွက်လာပါသည်။ ပရိတ်သတ်က အာမင်ဟုဆိုပါသည်။ အယ်ဒီတာ၏ မှတ်ချက်။ ကျွန်တော်တို့ အကြောင်းအရာ များကို ယခုအခါပြောကြားနေခြင်း ဖြစ်ပါသည်။ အင်တီတက်စ်နှင့် ပတ်သတ်၍ ခင်ဗျားသဘောပေါက်ဘို့လိုပါသည်။ အရိပ်ဆို သည်မှာ မည်ကဲ့သို့ဖြစ်သည်ကို သင်မြင်တွေ့ရပါမည်။တကယ်စစ်မှန်သော အရာသည် မည်သည့် အရာနှင့် တူညီသည့် အကြောင်း သင်သိရပေမည်။

သူ၏တန်ခိုးကို ဖေါ်ပြထားခဲ့ပြီးဖြစ်ပါသည်။တရားစီရင်ခြင်း ရောက်ရှိလာပါတော့မည်။ သူတို့ယုံကြည်ရပါမည်။ ကယ်တင်ခြင်းရနိုင်ဘို့အတွက် သူတို့ယုံရပါမည်။ ဟုတ်ပါသည်။

131 ၁၃၁။ ဤလူများအထဲသို့ဝင်သွားပါသည်။ ဤသတင်းစကားပို့ဆောင်သူများနှင့် ယုံကြည်သူများသည်ကြိုတင်ခွဲခန့် မှတ်သားခြင်းခံရသော မျိုးစေ့များပင်ဖြစ်ပါသည်။ သူမသည် သူမ၏အိမ်ကိုအသင်းတော်အဖြစ် အသုံးပြုသည်။ သတင်းစကားပို့ဆောင်သူ များကို လက်ခံသည်။သူတို့ကသူ့အား အသင်းတော်ထဲမှာ လက်ခံမည်မဟုတ်ပါ။

သင့်ကိုလည်း လက်ခံမည် မဟုတ်ပါ။ နှုတ်ကပတ်တော်နှင့်ပတ်သတ်၍ ဘာမှ မပြောပါက သူတို့ကသင့်ကို ကန်ထုတ်လိုက်မည်ဖြစ်ပါသည်။ သူမ၏မြို့ထဲတွင်သူတို့အားလုံးရှိနေပါသည်။ ယုံကြည်မည့်သူများ ဖြစ်ပါသည်။ အမှတ်အသားပြုထားခြင်းခံရသူများဖြစ်ပါသည်။

ယနေ့သူတို့ လုပ်ဆောင်သင့်သည့် အရာပင်ဖြစ်ပါသည်။သင်၏ချစ်ခင်နှစ်သက်သောသူ တစ်ဦးဦးကယ်တင်ခြင်း ရရှိစေ ခိုပါက သူတို့အားယခုပင်ခေါ်လာခဲ့စေလိုပါသည်။

132 ၁၃၂။ ဘုရားသခင်၏အမျက်တော်က ထိုမြို့တော်ကြီးကို ဖျက်ဆီးပစ်လိုက်သောအခါ အမှတ်အသား ပြုလုပ်ထားသောနိမိတ်လက္ခဏာ သူမ၏အိမ်ကို လုံခြုံစွာဖြင့် တံဆိပ်ခေတ်ထားပြီး ဖြစ်ပါသည်။ အာမင်။အဘယ်အရာ ဖြစ်ပါသနည်း? ထိုအမှတ် အသားသည် သူမ၏လက္ခဏာပင် ဖြစ်ပါသည်။ အမှတ်အသား သူမ၏အိမ်ပေါ်တွင် ရှိပါသည်။ ကျန်သောမြို့ထဲမှာရှိသော အရာများအားလုံးမြေပေါ်သို့ ပြုတ်ကျသွားသော်လည်း ဘာမှ မဖြစ်ပါ။ယောရှုကသည် သတင်းစကားပင်ဖြစ်ပါသည်။ သူ၏ သတင်းစကားပို့ဆောင်သူ၏ သတင်းကိုဘုရားသခင်ကိုယ်တော်တိုင် အသိအမှတ်ပြုပါသည်။ အာမင်။ (ဘရာသာဘရမ်ဟမ်ကနှစ်ကြိမ်တိုင်တိုင် လက်ခုပ်တီးလိုက်ပါသည်။ အယ်ဒီတာ) သက်သေပြုပြီး ဖြစ်ပါသည်။သူတို့က သတင်းစကားကို အသိအမှတ် ပြုပါသည်။ ကျန်သော မြို့ထဲမှအဆောက်အအုံများအားလုံးပြိုကျပျက်စီးသော်လည်း ပြည်တန်ဆာရာခပ်၏ အနီရောင်အမှတ်အသားလေးကတော့ တံခါးမှာချိတ်ဆွဲမြဲရှိပါသည်။ ကျန်သောသူများအားလုံးမရှိကြတော့ပါ။

၎င်းနောက်ဖျက်ဆီးမည့် ကောင်းကင်တမန်များသွားရောက်ကြပြီး အရာခပ်သိမ်းကို ဖျက်ဆီးပစ်လိုက်ကြပါသည်။ မြို့ထဲ မှာ ပစ္စည်းအစတစ်လေးပင် မကျန်တော့ပါ။ တစ်ဦးက ကုန်ပစ္စည်းအပိုင်းအစလေးများကို ထုတ်လိုက်ပါသည်။နောက်ထုတ် လိုက်ပါက ထိုပစ္စည်းနှင့် အတူပျက်ဆီးရသော အခွင့် ရောက်ပါသည်။ဂိုဏ်းဂဏထဲမှ ထုတ်ခြင်းဖြစ်ပါသည်။ အားလုံးကို ထုတ်ယူ လိုက်ပြီး ဖျက်ဆီးပစ်လိုက်ပါသည်။ထိုအရာကို တည်ဆောက်ဘို့ရန်အတွက် ကြိုးစားသောသူသည် အမင်္ဂလာဖြစ်မည်။ သူ၏သားဦးတို့သည် သူစလိုက်သည်နှင့် သေဆုံးရမည်ဖြစ်ပါသည်။ စသည်ဖြင့်ဖြစ်သည်။ ဘုရားသခင်ကထိုကဲ့သို့ကျိန်ဆိုပြီး ငြင်း ပယ်ပစ်လိုက်ပါသည်။ ကျေးဇူးတော်၊ ဂရုဏာတော်၊ တို့၏သတင်းစကားကို သူတို့က လုံခြုံစွာ စောင့်ထိန်းနိုင်သည်ဟု သူတို့ ကိုယ်သူတို့ထင်နေမိကြပါသည်။

133 ၁၃၃။ ယနေ့လည်းလူပေါင်း မြောက်များစွာတို့စိတ်ထဲတွင် ထင်မှတ်ကြသည်။ ကျွန်တော်ကတော့အသင်းတော်တစ်ခုရဲ့ အသင်းသားဖြစ်တဲ့အတွက် စိတ်ချရပြီ။ သင်ထိုကဲ့သို့မဟုတ်တယုတ်အရာများကို မယုံကြည်ပါနှင့်။

အသွေးတော်သည်သာလျှင် ကျွန်ုပ်တို့အတွက်အမှတ်အသားဖြစ်ပါမည်။ ဝိညာဉ်တော်တည်းဟူသော အမှတ်အသား သည် သင့်အတွက်ယခုရှိပါသည်။ထိုအသွေးတော်ထဲတွင် အသက်ရှိပါသည်။

134 ၁၃၄။ အလားတူပင်ဖြစ်ပါသည်။ ထိုအရာကို စဉ်းစားကြပါစို့။ အီဂျစ်နိုင်ငံတွင် အသုံးပြုခဲ့သောအလားတူအမှတ်အသားမျိုး ပင်ဖြစ်ပါသည်။ အီဂျစ်နိုင်ငံတွင်ရှိခဲ့ပါသည်။ဘုရားသခင်ကလည်း ထိုအလားတူအမှတ်အသားမျိုးကိုပင် ဤနေရာတွင် သုံးထားပါ သည်။ ယောရှုသည်သခင်ယေရှု၏ အပြစ်ကင်းစင်သောပုံသဏ္ဍာန်ကို ဆောင်ယူပြီး ဖြစ်ပါသည်။ အမှတ်အသားကိုသစ္စာရှိ၍ သူ၏သတင်းစကားပို့ဆောင်သူများကလည်း ဟောပြောရပါသည်။ ယောရှုသည်သူပြောသည့်အတိုင်း ထိုအိမ်ကိုမထိနှင့် ထိုအိမ် ထဲမှာရှိတဲ့အရာ ဘာကိုမှ မထိနှင့်ဟုဆိုသည့်အတိုင်း ထိုအိမ်သည် ကိုယ်တော်ရှင်အတွက် ခွဲခန့်မှတ်သားထားခြင်းပင်ဖြစ်ပါသည်။ အာမင်။

တပါးအမျိုးသား၏ ပြည်တန်ဆာ လမ်းဘေးရောက်နေရသောသူဖြစ်သော်လည်း သူမသည် သတင်းစကားကို ကြား၍ ယုံကြည်သည်။ အမှတ်အသားကိုလည်းခံယူပါသည်။

သင်သည်မည်မျှပင် မပြစ်နွံထဲတွင် နစ်နေပါစေသင်လုပ်ခဲ့သမျှအပြစ်ထဲတွင် မည်မျှ နစ်မွန်းနေပါစေ ဘာမှလုပ်စရာ မလိုပါ။ အမှတ်အသားကို သာယူဆောင်ပါ။ သင့်အတွက်ပင် ဖြစ်ပါသည်။ သင်၏နှလုံးသားထဲတွင် တစုံတစ်ခုတစ်ဆို့နေပါက သင့်အတွက်ပင် ဖြစ်ပါသည်။ အမှတ်အသားကိုခံယူပါ။

135 ၁၃၅။ ယောရှုတည်းဟူသောအမည်၏အဓိပ္ပာယ်မှာယေဟောဝါ ကယ်တင်ရှင်ပင်ဖြစ်ပါသည်။ ထိုနည်းတူညီစွာ ကယ်တင်ရှင် ၏ အဓိပ္ပာယ်မှာလည်းကယ်တင်ရှင်ပင် ဖြစ်ပါသည်။ ယောရှုသည် သူ၏သတင်းစကားပို့ဆောင်သူများကိုသူအသိအမှတ်ပြုပါ သည်။

သူ၏သတင်းစကားပို့ဆောင်သူများ ပြန်လာသောအခါကိုယ်တော်၏ အမိန့်ကို ကျွန်တော်တို့နာခံကြပါသည်။ ကျွန်တော်တို့အမျိုးသမီးတစ်ဦးကို တွေ့ခဲ့ပါသည်။ ကျွန်တော်တို့ဤ တိတ်ခွေများကို ဖွင့်ပြသော အခါအမျိုးသမီးက ယုံကြည်လက်ခံပါ သည်။ သူမကို ကျွန်တော်တို့က ပြောပြပါသည်။အမှတ်အသားအနီကို တပ်ရမည်။ အမှတ်အသား လုပ်ရမည်ဟု ဖေါ်ပြလိုက်ပါ သည်။ ယခုကျွန်တော်ဟောပြောနေသည်မှာလည်း ထိုအရာပင်ဖြစ်ပါသည်။ ယောရှု သင်နာခံမည်လား ? သင့်ကိုငါ ထိုသို့ပြု လုပ်ရန် စေလွှတ်သည်။ အာမင်။

ဘုရားသခင်က အသိအမှတ်ပြုပါသည်။ အိမ်မှာလုံးဝတုန်ခါခြင်း မရှိပါ။ ပြိုကျပျက်ဆီးခြင်းလည်း မရှိပါ။ ယောရှုကထို နေရာမှာ ရပ်၍အချက်ပြလိုက်သောအခါရာခပ်နှင့် သူ၏လူတွေအားလုံးပျက်ဆီးသွားပါသည်။ အာမင်။အာမင်။သူတို့၏ပိုင်ဆိုင် သမျှ ပစ္စည်းများအားလုံး သူတို့အိမ်ထဲမှာ စိတ်ချလုံခြုံစွာဘေးမသိရန်မခရှိနေပါသည်။ သူတို့ထိုနေရာမှာဘဲ ရပ်နေပါသည်။ ပြူတင်းပေါက်ကနေပြီးတော့ထွက်၍ကြည့်စရာမလိုပါ။ သူတို့သမ္မာကျမ်းစာကို ဖတ်နိုင်ပါသည်။သူတို့သမ္မာကျမ်းစာကို ဖတ်နေ စဉ် တိုက်ပွဲများလည်း ဆက်လက်ဖြစ်ပွားနေပါသည်။

သူမပြန်လာပြီး စစ်တိုက်နေတဲ့ဗိုလ်ချုပ်ကြီးကိုခရီးဦးကြိုပြုပါသည်။ ချီးမြှောက်ခြင်းခံရပြီး ဗက်လင်မြို့ကို ရောက်လာပါ သည်။ သူမပိုင်ဆိုင်တဲ့အရာကိုခွဲဝေပြီး သူတို့ကိုပေးပါသည်။ သူမသည် အလွန်ကျော်ကြားသောသား တစ်ယောက်ကိုမွေးဖွားခဲ့ ပါသည်။ ထိုကျော်ကြားသောသားမှာ အလွန်ကြီးမြတ်သော သားတော်ပင်ဖြစ်ပါသည်။သြဗက်မှ တဆင့် ယေရှဲ ၊ ယေရှဲမှစ၍ ဒါ ဝိတ်မင်းကြီး ဖြစ်ပါသည်။ မှန်ပါသည်။ပြည့်တန်ဆာရာခပ် သတင်းစကားကိုယုံကြည်လက်ခံသောကြောင့် အမှတ်အသားပြု၍မိမိအိမ်တစ်အိမ်လုံး ကယ်တင်ခြင်းခံရပါသည်။ ထိုသို့မှ မဟုတ်ရင် သူမသည် ထိုနေရာမှာပင် အားလုံးပျက်ဆီးသွားမည် ဖြစ်ပါ သည်။

136 ၁၃၆။ သေချာစွာနားထောင်ပါ။သင်မှတ်မိပါသလား ? အီဂျစ်နိုင်ငံတွင်အားလုံးကယ်တင်ခြင်းရပါသည်။ အမှတ်အသား ပြုထားသမျှသော သူများအားလုံးကယ်တင်ခြင်းရပါသည်။ ယေရိခေါမြို့တွင်လည်း အမှတ်အသားပြုထားသမျှသောသူများအား လုံးကယ်တင်ခြင်းရပါသည်။ ယနေ့လည်း အမှတ်အသားပြုထားသမျှအားလုံး ကယ်တင်ခြင်းရပါသည်။အသွေးတော်အာဖြင့် ကာကွယ်ထား၍ သိုးသူငယ်၏ အသွေးတော်အားဖြင့် ကာကွယ်ထား၍ သိုးသငယ်၏အသသွေးတော်ပင်ဖြစ်ပါသည်။ ခရစ်တော် ကို ပုံဆောင်ခြင်းပင် ဖြစ်ပါသည်။

(ဟေဗြဲအခန်ကြီး ၁၃း ၁၀- ၂၀) တွင် တွေ့ရသည့် အရာရှိပါသည်။ကျွန်တော်ဖတ်ဘို့ အချိန်မရတော့ပါ။ ကျမ်းညွှန်းကို မှတ်သားထားပါ။ ရေးထားပါ။ထိုကျမ်းစာနှင့် ပတ်သတ်၍ ကျွန်တော်ဖတ်ရှုရမည့်အရာမှာ ထာဝရပဋိညာဉ်ဟူ၍ ဖြစ်ပါသည်။ သခင်ယေရှုအသွေးတော်ကို ထာဝရပဋိညာဉ်ဟုခေါ်ပါသည်။ မှန်ပါသည်။ ထာဝရပဋိညာဉ်ပင်ဖြစ်ပါသည်။

EternalCovenant ဟုမခေါ်ဘဲ ဘာကြောင့် EverlastingCovenant ဟုခေါ်ရပါသနည်း ? အကြောင်းမှာ ၎င်းသည် Eternal မဟုတ်သောကြောင့် ဖြစ်ပါသည်။ကျွန်တော်တို့ ကယ်တင်ခြင်းရသော အခါ အားလုံးပြီးဆုံးသွားပြီး ဖြစ်ပါသည်။ ထာ ဝရပြီးဆုံးသွားပြီး ဖြစ်ပါသည်။ အဓိပ္ပာယ်ရပါသည်။ အချိန်ကုန်ဆုံးသွားသည် အထိပင်ဖြစ်ပါသည်။ နောက်ထပ်အချိန်မရှိ တော့ပါ။ အချန်ကုန်သွားသောအခါ ကျွန်တော်တို့အတွက်ပဋိညာဉ်မလိုအပ်တော့ပါ။ သို့သော်လည်း အချိန်ကုန်ဆုံးသွားသော အခါကျွန်တော်တို့ပဋိညာဉ်တရားကို လိုအပ်ပါသည်။

137 ၁၃၇။ ယခုသတိပြုရမည့်အရာမှာ (ဟေဗြဲ ၁၃း၁၀၊၂၀) ပင်ဖြစ်ပါသည်။ Everlastingဖြစ်သည့် ထာဝရပဋိညာဉ်ပင်ဖြစ်ပါ သည်။ ဘုရားသခင်၏ အသွေးတော်နှင့် ပတ်စည်းထားသော ဂတိတော်မှာ ကျွနု်ပ်တို့ကိုအပြစ်မှ လွတ်မြောက်စေပါသည်။ အာမင်။ ကိုယ်တော်ရှင်အထဲမှာ အပြစ် မရှိပါ။ အပြစ်၊အတ္တ၊ ဇာတိ၊ ဇာတိအရာ ဘာမှ မရှိတော့ပါ။

ကိုယ်တော်ကို ဝတ်ပြုကိုးကွယ်၍ ကိုယ်တော်၏တန်ခိုးတော် ဂတိတော်နှင့် ယှဉ်သော တန်ခိုးတော်ကို ဖော်ပြပါ။ ဘုရား သခင်၏အသွေးတော်နှင့် ကန့်သတ်ထားသော အမှတ်အသားပြုထားသော ပဋိညာဉ်ပင် ဖြစ်ပါသည်။သခင်ယေရှုအထဲမှာ ရှိသော ပဋိညာဉ်တော်နှင့် ဆိုင်သော သူများပင်ဖြစ်ပါသည်။ ငါ့ကိုယုံကြည်သောသူ ငါပြုသော အမှုတို့ကို ယုံကြည်သောသူတို့ သည်ငါပြုသကဲ့သို့ပြုကြလိမ့်မည်ဟု ဆိုပါသည်။ ပဋိညာဉ်ကို ဖေါ်ပြခြင်းပင် ဖြစ်ပါသည်။

ဓမ္မသစ်ကျမ်းပင် ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်း၏ အဓိပ္ပာယ်မှာပဋိညာဉ်ပင်ဖြစ်ပါသည်။ ပဋိညာဉ်အသစ်ပင် ဖြစ်ပါသည်။ ဟုတ်ပါသလား ဒေါက်တာဘေးလ်ဓမ္မသစ်ကျမ်း၏ အဓိပ္ပာယ်မှာ ပဋိညာဉ်ပင်ဖြစ်ပါသည်။ ဓမ္မသစ်သည် ပဋိညာဉ်အသစ်ပင် ဖြစ်ပါသည်။ ဓမ္မဟောင်းသည် အဟောင်းဖြစ်သည်။ သိုးသငယ်နှင့် ဆိုင်သည်။ ယုံကြည်သူအတွက်အသက်ပြန်မရနိုင်တော့ပါ။ ဓမ္မသစ်မှာတော့ ဘုရားသခင်၏ သိုးသငယ်ပင် ဖြစ်ပါသည်။သူ၏အသက်တာသည် ကျွန်တော်တို့ အပေါ်သို့သက်ရောက်ပါ သည်။ အသွေးတော်နှင့် ယှဉ်သောအသက်တာပင်ဖြစ်ပါသည်။ အသွေးတော်သည် အသက်ပင်ဖြစ်သည်ဟု ဓမ္မသစ်ကျမ်းတွင်ဖော်ပြထားပါသည်။ သိုးသငယ်၏ အသွေးတော်မှာ အသက်ပင်ဖြစ်ပါသည်။ ပဋိညာဉ်အသစ်ဖြစ်သည်။ဓမ္မသစ်ဟူ၍ အဓိပ္ပာယ် ရပါသည်။

ဘုရားသခင်ပင်ဖြစ်ပါသည်။ သူတို့၏နှလုံးသားကျောက်ပြားပေါ်မှာ ငါ၏ပညတ်တရားကို ငါရေးသားမည်။ ထိုနေ့ရက် များ တွင်ငါရေးသာမည်ဟုဆိုထားပါသည်။ ကျောက်ပြားများပေါ်တွင် မဟုတ်ဘဲနဲ့ နှလုံးသားပေါ်တွင်ရေးသားမည်ဟု ဆိုထား ပါသည်။ သိုးသငယ်၏အသွေးတော်သည် သင်ပြောသည့် အတိုင်းအသွေးတော်သည် ရှိနေပါသည်။ ယခုဘာကို ဆိုလိုပါသနည်း ? သင်၏နှလုံးသား ကျောက်ပြားများပေါ်တွင် နှလုံးသားအသားများပေါ်တွင် ဖြစ်ပါည်။ဝိညာဉ်တော်၏ ပဋိညာဉ်သည် လူများနှင့် ဘုရားသခင် ပြုလုပ်မည့် ပဋိညာဉ်ပင် ဖြစ်ပါသည်။

138 ၁၃၈။ ကိုယ်တော်ရှင်၏တန်ခိုးတော်ကိုလည်း ပြသပါသည်။ (ယောဟန် ၁၄း၁၂) တွင်ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ထက်သာ၍ ကြီးသော အမှုတို့ကိုပင် ပြုကြလိမ့်မည်ဟု ဆိုထားပါသည်။

ဓမ္မသစ်ကျမ်းသည် ပဋိညာဉ်အသစ်ပင်ဖြစ်ပါသည်။အသက်တာသစ်ဖြစ်သည်။ သခင်ယေရှုသည် လိုအပ်သော အရာ အားလုံးကို ကျွနု်ပ်တို့အတွက်ပြည့်စုံစေပြီ ဖြစ်သည်။ ဘုရားသခင်က လိုအပ်သောအရာများအားလုံးဖြစ်ပြီးကျွနု်ပ်တို့သည် ဘုရားသားသမီးများ စစ်မှန်သော ဘုရားသားသမီးများ ပြန်ဖြစ်စေပါသည်။အသွေးတော်အောက်တွင် ရှိ၍ ဘာမှ တရားစီရင်ခြင် လည်း မရှိတော့ပါ။

(ရောမ၈း၁)တွင်ဖော်ပြထားသည့်အတိုင်း ကိုယ်တော်ရှင်၌ တည်သော သူတို့အပေါ်မှာဘာမှစစ်ကြောစီရင်ခြင်း မရှိတော့ပါ။ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းသက်သက်မဟုတ်ဘဲနဲ့ခရစ်တော်၌တည်သောသူ မိမိ၏အသွေးတော်အားဖြင့် လိုက်လျှောက်သောသူကိုဆိုလိုခြင်းဖြစ်ပါသည်။ ငါ၏နှုတ်ကပတ်တော် သည် ဝိညာဉ်တော်နှင့် အသက်ဖြစ်သည်ဟု ဆိုထားပါသည်။ ကျွန်တော်အဲဒီကျမ်းချက်ကို ဖတ်ပြီးတော့ ရှင်းပြဘို့အတွက် အချိန်နည်းနည်းလိုချင်ပါတယ်။ ဒါပေမဲ့လည်း အတက်နိုင် ဆုံးမြန်အောင်တော့ ဟောပြောရမှာဘဲ ဖြစ်ပါတယ်။

တရားစီရင်ခြင်း မရှိတော့ပါ။ အပြစ်မှ လွတ်မြောက်ပြီးဖြစ်ပါသည်။ လောကအရာများအားလုံးနှင့်လည်း လွတ်မြောက် ပြီးဖြစ်ပါသည်။ ဘာမှစစ်ကြောစီရင်ခြင်း မရှိတော့ပါ။ အဘယ်ကြောင့်နည်း? တပါးတည်းသော ဝိညာဉ်တော်အားဖြင့် ကိုယ်ခန္ဓာ တစ်ခုတည်းအတွင်းသို့ဗတ္တိဇံခံရပါသည်။ သိုးသငယ်၏ အသွေးတော်သည် ထိုအပေါ်မှာ သုတ်လိမ်းခြင်း ခံရပါသည်။ကောင်း ကင်၏ဖခင်သည် သင့်ကိုလက်ခံပါသည်။ ကိုယ်တော်၏ အသက်တာသည် သင့်အထဲတွင်ရှိပါသည်။ သင်သည် ဘုရားသခင်၏ သားသမီးများပင် ဖြစ်ပါသည်။

သင်၏ အပြုအမူလက္ခဏာမှာ ဘုရားသခင်၏ အပြုအမူလက္ခဏာပင် ဖြစ်ပါသည်။ ဘယ်ကဲ့သို့ဖြစ်ပါသနည်း? ပုံတူအတင်းပြုလုပ်ခြင်းဖြစ်ပါသလား? မဟုတ်ပါဘူး။ ဘုရားသခင်သည်တရားစီရင်ခြင်း ဘုရားဖြစ်ပါသည်။ မှန်ကန်သောဘုရား ဖြစ်ပါသည်။ သူ့လမ်းကြောင်းအတိုင်းဖြစ်ရပါမည်။ ဘယာ်အရာကမှ ပြုလုပ်နိုင်မည်မဟုတ်ပါ။ သင်သည်ထိုကဲ့သို့ပုံစံမျိုးဖြစ်နေ ပါသည်။ အကြောင်းမှာ သင်သည် ဘုရားသခင်၏ လက္ခဏာရှိသောကြောင့်ပင်ဖြစ်ပါသည်။

139 ၁၃၉။ ဘာဖြစ်ပါသလဲ? အသက်ဖြစ်ပါသည်။ အသက်တာအသွေးအတွက် အသက်ကို ဆောင်ယူခြင်းကိုသတိပြုကြည့်ပါ။ အသက်ကိုယူလိုက်ပါသည်။ အသွေးအတွက် ယူလိုက်ခြင်း ဖြစ်ပါသည်။ အသွေးကိုသုတ်လိမ်းထားပါသည်။ ယုံကြည်သူအ ပေါ်မှာ အသက်မရှိနိုင်သေးပါ။အကြောင်းမှာတိရိစ္ဆာန်၏ အသက်ဖြစ်သောကြောင့် ဖြစ်ပါသည်။ တကယ့်စစ်မှန်သော အသက် တာမဟုတ်သေးပါ။

လူသားအစား အလွန့်အလွန်ကြီးမြတ်၍ သဘာဝထက်လွန်ကဲသောလူသားဖြစ်ပါသည်။ လူသားကို လူသားသာမက ဘုရားသခင်၏ သားသမီးဖြစ်ရပါမည်။တကယ့်တကယ်ကြီးမားမြင့်မြတ်သော အသက်တာဖြစ်၍ ကိုယ်တော်ရှင်အထဲ၌ တွေ့ရပါ သည်။သင့်အပေါ်ပြန်လည်၍ သက်ရောက်သည်။ သင်ဟာအပြစ်သား ဖြစ်မှ ပြောင်လဲပစ်ပါသည်။လောကအရာများမှ ပြောင်း လဲသည်။ အသင်းသား တစ်ဦး အဖြစ်မှ ပြောင်းလဲသည်။ ဂိုဏ်းဂဏအစွဲအလန်းရှိသူဘဝမှ တကယ်ဒုတိယမွေးခြင်းခံယူပြီး ဝိညာဉ်တော်နှင့် ပြည့်ဝတဲ့ အသက်တာကို ပြောင်းလဲစေပါသည်။ဘုရားသခင်၏ အသက်တာသည် သင့်အထဲသို့ စီးဝင်သွား၍ တူထုလိုက်သောအခါမီးပွားများထွက်လာသကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော် လှုပ်ရှားလိုက်သော အခါကောင်းမြတ်ခြင်း၊ ချစ် ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း ပေါ်ပေါက်လာပါသည်။ သတင်းစကားကိုကြားရသော အခါ မီးတိုင်ကိုကြည့်၍ ကောင်းကြီးမင်္ဂလာနှင့် ပြည့်ဝသောစိတ်ချမှုကိုရရှိပါသည်။ ကျွနု်ပ်သည် သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းရပါသည်။တရားစီရင်ခြင်း လုံးဝမရှိ တော့ပါ။

140 ၁၄၀။ ကျွနု်ပ်တို့၏ နှလုံးသားများက ကျွနု်ပ်တို့အားစီရင်ခြင်း မရှိပါက ကျွနု်ပ်တို့မှာဆုတောင်းခြင်းများ ရှိပါသည်။ သို့သော် လည်း နှလုံးသားများထဲတွက် အပြစ်များရှိနေပါက ကျွနု်ပ်တို့မှာ စီရင်ခြင်းခံရမည် ဖြစ်ပါသည်။ ကျွန်တော်တို့ မစတင်သင့်ပါ။အပြစ်နှင့် သင်သည် ကင်းရှင်းနေရမည်ဖြစ်ပါသည်။ အပြစ်မှ ကင်းလွတ်စေနိုင်ဘို့ရန်ပင်ဖြစ်ပါသည်။ အပြစ်ကို ဖုံးကွယ်ထား ရမည့် တစ်ခုတည်းသောနည်းလမ်းမှာခရစ်တော်ပင်ဖြစ်ပါသည်။

အသွေးတော်အားဖြင့် ပဋိညာဉ်ပြုထားသည်ကို သတိရပါ။အမှတ်အသားမရှိပါဘဲနှင့် အသွေးတော်၏ပဋိညာဉ်ကို လက်ခံမည် အသိအမှတ်ပြုမည်မဟုတ်ပါ။သင်မလုပ်နိုင်ပါ။ သင်လုပ်လို့မရပါ။ သင်ကပြောပေမည်။ အရာခပ်သိမ်းမှ ကျွန်တော် သည်သန့်ရှင်းစင်ကြယ်လျက်ရှိပါသည်ဟုဆိုပါသည်။ ထိုအရာသည် အမှတ်အသားမဟုတ်ပါ။ဝိညာဉ်တော်သည်သာ အမှတ်အ သားဖြစ်ပါသည်။ ခရစ်တော်၏ ဝိညာဉ်သင့်အပေါ် သက်ရောက်ရမည်ဖြစ်ပါသည်။ ယုံကြည်ပါ။

141 ၁၄၁။ နှုတ်ကပတ်တော်ကကျွနု်ပ်တို့အားဂတိတော်ကို နှိမ့်ချစေပါသည်။ ဤအရာများအားလုံးဟာကျမ်းချက်များဖြစ်ပါသည်။ ကျွန်တော်ဤနေရာမှာ ရေးသားချထားလျက်ရှိပါသည်။ တနေကုန်တရားဟောပါ။ နှုတ်ကပတ်တော်က ဂတိတော်ကို ကျွနု်ပ်တို့ အတွက် အာမခံချက်ပေးပါသည်။အကြောင်းမှာ ဂတိတော်ဖြစ်သောကြောင့် ဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် ဂတိတော်ဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် ဘုရားဖြစ်သည်။ နှုတ်ကပတ်တော်သည်ကျွနု်ပ်တို့နှင့် သက်ဆိုင်ပါသည်။ကျွန်တော်တို့ သည် နှုတ်ကပတ်တော်ဖြစ်လာ၍ နှုတ်ကပတ်တော်လည်းကျွန်တော်တို့ဖြစ်လာပါသည်။

သင်တို့သည် ငါ၌တည်၍ ငါ့နှုတ်ကပတ် တော်သည်လည်းသင်တို့၌ တည်လျှင်ဟုဆိုထားပါသည်။ ထိုအခါမှာ မိသားစုကြီး တစ်စုဖြစ်လာပါသည်။ကျွနု်ပ်တို့အား စိတ်ချစေပါသည်။ အာမခံချက်ပေးပါသည်။ အဘယ်ကြောင့် ဖြစ်ပါသနည်း? ကျွနု်ပ်တို့တစိတ်တဒေသ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ကျွနု်ပ်တို့တစိတ်တဒေသ ဖြစ်လာပါသည်။ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ကျွနု်ပ်တို့အားအာမံခံချက်ပေးပါ သည်။ ဂတိပေးပါသည်။

142 ၁၄၂။ အမှတ်အသားဆိုသည်မှာနိမိတ်လက္ခဏာဖြစ်ပြီး လက်ခံပြီး ဝယ်ယူပြီးစီးခြင်းဖြစ်ကြောင်းကိုအာမခံတံဆိပ်ခေတ်ထား

ခြင်းပင်ဖြစ်ပါသည်။ မီးရထားလက်မှတ်ဝယ်သော အခါ ပိုက်ဆံပေးပြီးမှသာလက်မှတ်ပြားရနိုင်ပါသည်။ ပိုက်ဆံမပေးဘဲ နှင့်တော့ မရပါ။ တခုတည်းသောနည်းလမ်းမှာကျသင့်သည့်ငွေကို ပေးဆောင်ခြင်းပင် ဖြစ်ပါသည်။ မှန်ပါသည်။ ဘာအဓိပ္ပာယ် ဖြစ်ပါသနည်း ? ယုံကြည်ပါ။ လက်ခံပါ။

ဘုရားသခင်၏ နှုတ်ကတော်ကို အပြည့်အဝနာခံရမည်ဖြစ်ပါသည်။ ခရစ်တော်အထဲ၌ ဖြစ်၍ ခရစ်တော်အတွင်းသို့သင့်အား ယူဆောင်လာပါသည်။

143 ၁၄၃။ သင်သည်အထဲမှာရောက်နေပြီးဟု ခံစားနေရလျှင် ဘယ်လိုဖြစ်ပါမည်နည်း ? သင်သည် အထဲမှာရှိနေပြီး လက်များက အပြင်မှာ ရှိနေသည်ဟု ထင်ရလည်း ဘာဖြစ်ပါသနည်း ? များသောအားဖြင့် ကျွန်ုပ်တို့အထဲမှာ ရောက်နေပါပြီ။သို့သော်လည်း နလုံးသားမှာ အပြင်မှာ ရှိနေပါသည်။ နလုံးသားသည် လောကအရာကိုစွဲမက်နေခြင်း ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ ထိုသို့ မပြုလုပ်ကြပါ။

အပြည့် အဝလုံးဝဥသုံ နှုတ်ကပတ်တော်ကိုယုံကြည်ခြင်းနာခံခြင်းပင် ဖြစ်ပါသည်။ တစ်ခုစီတစ်လုံးစီ ယုံကြည်ပါ သည်။ သင့်အထဲတွင် တည်နေ၍သင့်အားဖြင့် နှုတ်ကပတ်တော် လှုပ်ရှားနေခြင်းပင် ဖြစ်ပါသည်။

သင်သည် သယ်ဆောင်ခြင်း သက်သက်ဖြင့် မသွားပါ။ သင်သည်ခရစ်ယာန်ဖြစ်ပါသည်။ ဘယ်သူဘာပြောပြော သင့်ကို မည်သူမျှမတို့ထိပါ။ ခရစ်တော်အထဲ၌ရှိပါသည်။ သင်သည် လုံခြုံစိတ်ချစွာဖြင့် ရှိနေပါသည်။

သေခြင်းတရားသည် တံခါးခေါက်လာသောအခါဘာမှမတက်နိုင်ပါ။ ဘာမှလည်း သင့်ကို မပြုလုပ်နိုင်ပါ။ အဘယ် ကြောင့်နည်း ? ဘာကြောင့်လည်းဆိုတော့ ကိုယ်တော်ရှင်အတွင်းထဲသို့သင်ရောက်ရှိသောကြောင့် ပင်ဖြစ်ပါသည်။

144 ၁၄၄။ ခေတ်ကာလ၏အဓိပ္ပာယ်မှာ ဘာမှမရှိပါ။ သင်သည် ခေတ်ကာလကို ကျော်လွန်သွားပြီ သင်သည် ထာဝရကာလကိုရောက်သွားပါပြီး။ အကြောင်းမှာ ကိုယ်တော်သည် ထာဝရဖြစ်သည်။ သင်သည် ငယ်ရွယ်သည်ဖြစ်စေ၊ သက်လက်ပိုင်းဖြစ်စေ၊ သက်ကြီးပိုင်းဖြစ်စေ၊ ဘာဘဲဖြစ်ဖြစ်အကြောင်းမဟုတ်တော့ပါ။ လှပသည်ဖြစ်စေ၊ အရုပ်ဆိုးသည်ဖြစ်စေ၊ ပုသည်ဖြစ်စေ၊ ဝသည်ဖြစ်စေ၊ ဘာမှအကြောင်း မဟုတ်တော့ပါ။ သင့်အားဘာမှ မထိခိုက်စေနိုင်တော့ပါ။

သင်သည် လှည့်ပတ်သွားလာ၍ ဤအရာများကိုစိတ်ပူနေစရာမလိုပါ။ သင်ဤအရာများကို ကျော်လွန်သွားပြီးဖြစ် ပါသည်။ သင်သည်သေဆုံးသွားပြီဖြစ်ပါသည်။ သင်၏အသက်တာသည် ဘုရားသခင်အထဲမှာ ခရစ်တော်အားဖြင့် တည်နေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်နှိပ်ပြီး ခရစ်တော်၌လျှောက်လမ်းရပြီ ဖြစ်ပါသည်။ သင်တွေ့မြင်သည့် တစ်ခုတည်းသော ရည်ရွယ်ချက်မှာခရစ်တော်ပင်ဖြစ်ပါသည်။ ခရစ်တော်ကို ဦးတည်သင်လျှောက်လမ်းနေပါသည်။

ကျွန်တော်တို့ ဤအောက်ပါသီချင်းကလေးူကို ဆိုသည့်အခါထူးခြားမှုရှိနေပါသည်။

ကျွန်ုပ်၏လမ်းကိုနေ့စဉ်မေတ္တာနှင့်ဖြည့်ဆည်းတော်မူပါ။

သန့်ရှင်းသော ကောင်းကင်ဆိုင်ရာ ချိုးငှက်နှင့်

လျှောက်လှမ်းနေသည့် အခါ တချိန်လုံး သီချင်းဆို၍ပြုံ၍ ကျွန်ုပ်ကို လျှောက်လှမ်း စေပါ။

145 ၁၄၅။ ကျွန်တော်ညီကိုတစ်ဦးဖြစ်ပါရစေ။ လူသားတစ်ဦး မည်သို့ဖြစ်သည်ကို ခရစ်တော်ကပြောပြသော ပုံဥပမာအတိုင်းကျွန်တော်အသက်ရှင်ပါရစေ။ ညီအစ်ကို တစ်ဦး အတွက်လည်း အစ်ကိုတစ်ဦးဖြစ်ပါရစေ။အမှုတော်ဆောင်အားလုံးအတွက် အမှုတော်ဆောင်တစ်ဦးဖြစ်ပါရစေ။ ပုံသက်သေများအားလုံးထဲတွင်ပုံသက်သေ တစ်ခုဖြစ်ပါရစေ။ ဤနှုတ်ကပတ်တော်သည် ခရစ်တော်ဖြစ်ကြောင်းဤကမ္ဘာလောကကြီးကို ကျွန်ုပ်ပြသပါရစေ။ တစ်ခုတည်းသော လုပ်နိုင်သည့်နည်းလမ်းမှာကိုယ်တော် ရှင်ထံသို့ လာရန်ပင်ဖြစ်ပါသည်။ မိမိဖာသာမပြုလုပ်နိုင်ပါ။ သင်လည်းမပြုလုပ်နိုင်ပါ။ ကျွန်တော်လည်း မပြုလုပ်နိုင်ပါ။ သို့သော် လည်းနှုတ်ကပတ်တော်နှင့် သင်သည် တစ်လုံးတစ်ဝတည်း ဖြစ်ပါစေ။ ပြီးလို့ရှိရင်နှုတ်ကပတ်တော်ကို အသက်ရှင်ပြသပါ။ သခင်ယေရှုခရစ်၏ ရောက်လှမ်းသွားသောသြဝါဒစာမှာသင်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကသင့်အား လုံးဝအုတ်သုန်ထိန်း ချုပ်လိုက်ပါကနှုတ်ကပတ်တော်အတိုင်း ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ကိုယ်တော်ရှင်ဤလမ်းမှလာပြီး ဤအတိုင်းဘဲ သင့်ကိုကျွန်ုပ်လုပ်စေချင်သည်ဟုဆိုပါက သင်ကလည်းမလုပ်နိုင်ပါဘူး။ ကျွန်တော်မယုံကြည်ပါဘူးလို့ပြောလို့ရှိရင် သင်သည်နှုတ်ကပတ်တော်၌ တည်နေခြင်းမဟုတ်တော့ပါ။

146 ၁၄၆။ အပြည့်အဝပင်ဖြစ်ပါသည်။သေချာစွာကြည့်ပါ။ အပြည့်အဝနာခံမှုရှိပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင့် အ တွက်အမှတ်အသားပြုရန်ပင်ဖြစ်ပါသည်။ သင်သည် ပေးဆပ်၍ ဆုတောင်း၍နေသောအခါသင့်ထံမှာသင်၏ဆုတောင်း ချက်များကို ကိုယ်စားပြုသည့် အမှတ်အသားရှိရပါမည်။

သင်က ကျွန်ုပ်ဆုတောင်းပါသည်ကိုယ်တော်။ ဒါပေမဲ့လည်းကျွန်တော်မရပါဟု ဆိုလို့ရှိရင် တကယ်လည်း မရလို့ဖြစ်ပါ သည်။ ရပ်နေလို့ဖြစ်ပါမည်။ဆက်လက်၍ဆုတောင်းပါ။ ပထမဆုံး အမှတ်အသားရအောင်လုပ်ပါ။ အမှတ်အသားသည် ကိုယ်တော်ရှင်အသိအမှတ်ပြုမည့်အရာပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ဆုတောင်းသော အခါ အမှတ်အသားကိုတင်ပြနိုင်ရမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင် ကိုယ်တော်အား

ကျွန်တော်နာခံခဲ့ပါသည်။အပြည့်အဝနာခံခဲ့ပါသည်။ အပြစ်များကိုလည်း နောင်တရပါသည်။ ကိုယ်တော်ရှင် ကျွန်တော်ကိုခွင့်လွှတ်ပြီးဟုလည်း ကျွန်တော်ခံစားရပါသည်။ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံခံပြီးဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်တော်အပေါ်သက်ရောက်လျက်ရှိပါသည်။ကိုယ်တော်ရှင် ဘုန်းတော်ထင်ရှားစေရန်အတွက် ယခုအခါမှာ ကျွန်တော်တစ် ခု ခုကိုလိုအပ်လျက်ရှိပါသည်။ ကိုယ်တော် ကျွန်တော်ဆုတောင်းပါသည်။ ယခုအခါမှာကျွန်တော်ရရှိပြီး၊ ကျွန်တော်ပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ ထိုအခါမှာ တစ်စုံတရာကကျောက်ချပြီးသား ဖြစ်နေပါသည်။ သင်နှင့်ဆိုင်ပါသည်။ အားလုံးပြီးဆုံးသွားပြီး ဖြစ်ပါသည်။ အခြေခံနေပြီး ဖြစ်ပါသည်။ ကျွန်တော်ဤအရာအတွက် ဆုတောင်းပါသည်။ ရကိုရရပါမည်။ကိုယ်တော်ဘုန်းတော် ထင်ရှားစေနိုင်ရန်အတွက် ကျွန်တော်လိုအပ်ပါသည်။ကိုယ်တော်ရှင်သည် သင့်အားပေးကို ပေးမည် ဖြစ်ပါသည်။ ပေးသော အခါ သင်ရရှိကြောင်းသင်သိရပေမည်။ ကျွနု်ပ်တို့၏ သားသမီးများလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ကျွနု်ပ်တို့သည် အသွေး တော် ကိုသုတ်လိမ်းထားပါသည်။ ယုံကြည်ပါ။

147 ၁၄၇။ ထိုအခါသူဘာလုပ်ပါသနည်း? ဆုတောင်းခြင်းနှင့်အတူ သင်ကအမှတ်အသားကိုပြသနိုင်လို့ရှိရင်သင်သည် ဘုရားသခင် ၏ နှုတ်ကပတ်တော်ကို လုံးဝယုံကြည်နာခံမှုရှိကြောင်း ဖော်ပြနေပါသည်။သင့်မှာ အမှတ်အသားရှိ၍ နှုတ်ကပတ်တော်ကို သင်နာခံကြောင်း ပြသပါက သင်နှင့်နှုတ်ကပတ်တော်သည်တလုံးတဝတည်း ပင်ဖြစ်ပါသည်။ သင်သည် တောင်းသောအရာ သင်ဖြစ်နေသည့်အရာကိုတောင်းဆိုနေခြင်းပင်ဖြစ်ပါသည်။ ထိုအခါသင် သဘောပေါက်မည် ဖြစ်ပါသည်။

ငါကဤသို့ပြောပါက လက်ငါ့ကိုနာခံပါ။အဲဒီလက်ကိုင်ပဝါကို ယူလိုက်ပါဟု ပြောဆိုပါက လက်ကနာခံပါသည်။ လက်က ကျွန်တော်တို့ နာခံခြင်းဖြစ်ပါသည်။အဘယ်ကြောင့်နည်း? ကျွနု်ပ်၏အစိတ်အပိုင်းတစ်ခုဖြစ်နေသော ကြောင့်ပင်ဖြစ်ပါသည်။

ထို့နောက် သင်နှင့် နှုတ်ကပတ်တော် တစ်လုံးတဝတည်းဖြစ်သွားသောအခါ ဘုရားဘုန်းတော်ထင်ရှား၍ ဂတိတော် အားလုံးသင့်အတွက်ပင် ဖြစ်ပါသည်။သင့်ကိုနာခံပါသည်။ သင်သည် သင်ပြုလုပ်လိုသော အရာကို သင်ကြည့်လိုပါသည်။သင့်လက်ကိုတော့ သင်မီးထဲမထည့်ပါ။ သို့သော်လည်း ငါဘာလုပ်သည်ကိုကြည့်ပါဟုပြောနိုင်ပါသည်။ မီးထဲမှာ တစုံတရာရှိခဲ့ပါ သည်။ သင်ဘာလုပ်နေသည်ကိုသင်ကြည့်လိုပါသည်။

သန့်ရှင်းသောဝိညာဉ်တော်က အခမဲ့ပေးဝေနေသည့်အကြောင်းအရင်းပင် ဖြစ်ပါသည်။ ကျွန်တော်ဘာကိုဆိုလိုသည် သင်နားလည်ပါသလား? တကယ် စစ်မှန်သော ဘုရားသခင်၏ အစေခံသည် မိမိကိုယ်ကို မိမိမပြသပါ။ မိမိကိုယ်မိမိပြသနေခြင်း မှာလည်း ရှုံးပွဲပြနေသကဲ့သို့ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ဆုတောင်းကြသောအခါ အမှတ်အသားကိုတင်ဆက်ခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့လုံးဝယုံကြည် နာခံခြင်းရှိကြောင်းဖော်ပြနေ့ခြင်းပင်ဖြစ်ပါသည်။

148 ၁၄၈။ ပေါလုကကျွနု်ပ်တို့အား ပြောပြပါသည်။ အသွေးတော်က စကားပြောပါသည်ဟူ၍ ဖြစ်သည်။ အသွေးတော်ကစကားပြောသည်ဟူ၍ ဖြစ်ပါသည်။ အသွေးဆိုသည်မှာ တကယ်တမ်းမိမိဖါသာ စကားမပြောတက်ပါ။ဓါတုဗေဒ သဘောအရ ပြောဆိုခြင်းဖြစ်ပါသည်။ မှန်ပါသလား? ဘယ်နှစ်ယောက်သိပါသလဲ? ပရိသတ်က အာမင်ဟုပြောသည်။အယ်ဒီတာမှတ်ချက်။ သို့သော်လည်း သွေးကစကားပြောတဲ့အကြောင်း ဘယ်နှစ်ယောက် သိကြပါသလဲ? အာမင်။ အဲဒါကို ရေးမှတ်ချင်ရေးမှတ်ပါ။ (ကမ္ဘာဦးကျမ်း ၄း၂၀)မှာ ဘုရားသခင် ပြောထားပါတယ်။ သင့်ညီကိုနှင့် ပတ်သက်၍ မည်သို့ရှိသနည်းဟုဆိုထားပါတယ်။ သူ၏ အသွေးသည် မြေကြီးမှနေ၍ အော်ပါသည်။ သင့်အားဆန့်ကျင်ဘက်ပြု၍ငါ့အားအော်ခေါ်နေသည်ဟု ဆိုထားပါသည်။ အာမင်။ မှန်ပါသလား?

သူ၏အသွေးက စကားပြောနေပါတယ်။ ဟာလေလုယာ။ဘရာသာဘရမ်ဟမ်က လက်ခုသုံးကြိမ်တီးလိုက်ပါ သည်။ ဘုရားသခင်မိန့်တော်မူသည်မှာ သူနှင့်ပတ်သတ်၍ မည်သို့ရှိပါသနည်း? သူကလည်းပြန်၍ မေးပါသည်။သူကလည်း ပြန်၍ မေးပါသည်။ ငါ့အစ်ကိုကို ငါကထိန်းကျောင်း ကြည့်ရှုနေရပါသလား? ထိန်းကျောင်းကြည့်ရှုနေတဲ့ သူများလားဟု ပြန်မေးခြင်းဖြစ်ပါသည်။

သူ၏အသွေးသည် ငါ့အားအော်ခေါ်လျက်ရှိသည်။ သူ၏အသွေးသည် ငါ့အားအော်ခေါ်လျက်ရှိသည်ဟုဆိုပါသည်။ ဘရာသာဘရမ်ဟမ်က တရားဟော လွှင်ကိုခြောက်ကြိမ်တိုင်တိုင် ခေါက်ပါသည်။ အယ်ဒီတာမှတ်ချက်။ ၎င်းအရာသည် အမှတ် အသားပင်ဖြစ်ပါသည်။ သူဟာသတ်သူ၏တဖက်၌ သူ့အသွေးက အော်ဟစ်ကြွေးကြော်နေခြင်းပင်ဖြစ်ပါသည်။

149 ၁၄၉။ (ကမ္ဘာဦးကျမ်း၄း၁၀) ရှာတွေ့လျှင် (ဟေဗြဲ ၂း၂၄)ကို စဖတ်ကြည့်ပါ။ (ဟေဗြဲ ၂း၂၄) ကို စဖတ်ကြည့်ပါ။(ဟေဗြဲ ၁၀း ၁၂) မှ (၄) ဖြစ်ပါသည်။ သခင်ယေရှု၏ အသွေးတော်သည် အာဗေလ၏ အသွေးထက်သာ၍စကားပြောနိုင်ပါသည်။ သာလွန်အောင်ပြောဆိုနိုင်ပါသည်။

အာဗေလသည် ဖြောင့်မတ်သောသူဖြစ်သည်။ သူသေဆုံးသွားသည်။အပြစ်ကင်းစင်စွာ သေဆုံးခြင်းဖြစ်သည်။ အကြောင်းမှာ သူသည် မှန်ကန်သော လမ်းထဲသို့ရောက်နေသောကြောင့် ဖြစ်သည်။ သူတကယ်စစ်မှန်စွာ ရရှိထားသော ဗျာဒိတ်တော် အတွက်ရပ်တည်၍ မှန်ကန်သော လမ်းထဲတွင် ရှိနေပါသည်။ သူနှုတ်နဲ့ပြောဆိုပါသည်။ အသွေးကအော်ဟစ်ပါ သည်။ အာဗေလ၏ ဖြောင့်မတ်သောသွေးသည် ကာဣနကို ဆန့်ကျင်ဘက်ပြု၍ဟစ်ကြွေးနေသံကို ကြားရပါသည်။

သခင်ယေရှု၏ အသွေးတော်သည် ဟစ်အော်ကြွေးကြော်သည်သာမကကယ်တင်တော်မူပါသည်။ အာမင်။ အခြားသော အရာများထက် သာလွန်၍ ပြောဆိုနေပါသည်။သင်တို့အား ဘုရားသားသမီးများဖြစ်စေပါသည်။ ဘုရားသခင်၏ အမျက်တော်မှ သင်တို့ကိုကွယ်ကာထားပါသည်။ အာဗေလ၏ အသွေးသည် ကာဣနကိုဖုံးကွယ်မထားနိုင်ပါ။ သို့သော်လည်း သခင်ယေရှု၏ အသွေးက ဖုံးကွယ်ထားနိုင်ပါသည်။အာမင်။

ကာလ္ကနသည် ယနေ့ထွက်ပေါ်လာပါသည်။ နှုတ်ကပတ်တော်ကိုက်မခံ၍ လိုက်လံနှောက်ယှက်သောသူ ဖြစ်ပါက အံ့ဘွယ်နိမိတ်လက္ခဏာများပြုလုပ်မည့်နေ့ရက်များ ကုန်ဆုံးမည်။ ဒီအရာတွေဟာအလကား ဘာမဟုတ်တဲ့အရာတွေဘဲလို့ ပြောပေလိမ့်မည်။

ယခုအခါမှာ ဟစ်အော်လျက်ရှိပါသည်။ သခင်ယေရှု၏အသွေးတော် ဟစ်အော်လျက်ရှိပါသည်။ သို့သော်လည်း ခွင့်လွှတ်ခြင်းရှိပါသည်။ သင်ယုံကြည်လက်ခံပါက သင့်အားခွင့်လွှတ်ပေမည်။ ခဏအကြာ ကျွန်တော်တို့ရပ်တည်နိုင်မည်ဟု မြော်လင့်ပါသည်။ အသွေးတော်က အခြားအရာများထက် သာလွန်၍ ပြောဆိုနိုင်ပါသည်။

150 ၁၅ဝ။ စိတ်ချလုံခြုံမှုအတွက်ယုံကြည်ပါ။ တကယ်လက်တွေ့ကျင့်သုံးပါ။ ထိုအရာကို ယုံကြည်ပါ။ ဒီနေရာမှာယုံကြည်လိုသည့် အရာရှိပါသည်။ သင့်ရဲ့ ကိုယ်ပိုင်လုံခြုံရေးအတွက်ဖြစ်ပါသည်။ သင့်ရဲ့ကိုယ်ပိုင်လုံခြုံရေးအတွက် သင်ယုံကြည်ပါသည်။ အမှတ် အသားကို သင့်မိသားစုတစ်ခုလုံးအပေါ်မှာ ထည့်ထားပါ။

ဘယ်လိုလုပ်နိုင်ပါမည်နည်းဟု သင်ကမေးပေလိမ့်မည်။လက်ခံပါ။ သင့်အတွက် အမှုပြုသော အရာဖြစ်လို့ရှိရင် နှုတ်ကပတ် တော် ရောက်ရှိလာပြီဖြစ်ပါသည်။ အာမင်။ အာမင်။ သင်တို့နှစ်ဦးစလုံး အတွက် အမှုပြုပါသည်။ သင်နှင့်နှုတ်ကပတ်တော်သည် တစ်လုံးတဝတည်း ဖြစ်ပါသည်။ သင့်သားသမီးများ အပေါ်မှာ သုတ်လိမ်းပါ။ သင်ချစ်ခင်နှစ်သက်သောသူများအပေါ်မှာ အားလုံးသက်ရောက်စေပါ။

ရာခပ်ကဲ့သို့ဖြစ်ပါသည်။ သူမသည် သူမ၏ဖခင်၊ မိခင်၊မောင်နှမများအားလုံးအပေါ်မှာ အမှတ်အသားပြုပါသည်။ ဒါ ကြောင့် သူတို့အားလုံးအမှတ်အသားပြုခြင်း ခံရခြင်းပင် ဖြစ်ပါသည်။

သင်နှုတ်ကပတ်တော်ကို ခံယူပါသည်။ ကိုယ်တော်ရှင်ကျွန်တော့်သား သမီးတွေပြောသည့် အတိုင်း ကျွန်တော်လက်ခံ ပါသည်။ စာတန် သူမကိုလွှတ်ပေးပါ။ သူမနောက်ကို ကျွန်တော်လိုက်လာပါနသည်။ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသောအမှတ်အသားကို ကျွန်တော်ခံယူပါသည်။ အို... သန့်ရှင်းသော ဝိညာဉ်တော်ကျွနု်ပ်အထဲမှာ ကျိန်းဝပ်တော်မူတဲ့ ကိုယ်တော် ကျွန်တော်ရဲ့သမီးကို ကယ်တင်တော်မူပါ။သူမထံသို့ ကျွန်တော်အခုသွားပါတော့မည်။ ကျွန်တော် အပေါ်မှာ ကိုယ်တော်ဘိသိက်ပေးတော်မူပါ။ ကိုယ်တော်ရှင် အမှုပြုပါသည်။ အာမင်။

151 ၁၅၁။ သူတို့ထိုကဲ့သို့အီဂျစ်နိုင်ငံတွင် ပြုလုပ်ခဲ့ပါသည်။ ယေရိခေါ် မြို့တွင်လည်း ပြုလုပ်ခဲ့ပါသည်။

နောက်တစ်ခုဖတ်လိုပါက ဖတ်နိုင်ပါသည်။ (တမန်တော်ဝတ္တု ၁၆း၃၁) မှာ တမန်တော်ကြီး ရှင်ပေါလုက ရောမတပ်မှူး ကြီးကို ပြောပါသည်။ယုံကြည်ပါ။ ငါသည်ဤခေတ်ကာလ၏ သတင်းစကား ပို့ဆောင်သူဖြစ်ပါသည်။ သခင်ယေရှုကိုယုံကြည်ပါ။ သင်၏ အိမ်အတွက် သင်ယုံကြည်ပါ။ အားလုံးကို အမှတ်အသားပြုပါ။ သင်သည် ယခုဘုရားသခင်ကို တွေ့မြင်ရပြီး ဖြစ်သည်။ အံ့ဘွယ်နိမိတ်လက္ခဏာကို တွေ့မြင်ရပါသည်။တရားစီရင်ခြင်း မတိုင်မီ ဖြစ်ပါသည်။ သင်ယုံကြည်ပါသလား? ယုံကြည်ပါသည်။ ကျွန်တော်ဘာလုပ်ရပါမည်နည်း?

သူကဆိုပါသည်။ ထ၍ဗတ္တိဇံခံပါ။ ပေါလုကသူ့ကိုအပြင်သို့ထုတ်သွားပြီး ဗတ္တိဇံပေးပါသည်။ သခင်ယေရှုခရစ်ကို ယုံကြည်ပါ။ ယခုပင်သင်နှင့် သင်၏ အိမ်သူအိမ်သားများ ကယ်တင်ခြင်းရမည်ဟုဆိုပါသည်။

ဘာကိုယုံကြည်ရပါမည်နည်း? သခင်ယေရှုကိုယုံကြည်ပါ။ သင့်မိသားစုအတွက် အိမ်အတွက်အမှတ်အသားပြုလုပ်ပါ။

သင့်အိမ်ပေါ်မှာ အမှတ်အသားပြုလုပ်သောအခါသင်ဘာလုပ်ပါသနည်း? အပျက်အစည်းများအားလုံးကိုအပြင်သို့ထုတ် လိုက်သည်။ ထမီတို၊ စကပ်တိုများ၊ ဖဲချပ်များ၊ စီကရက်များ၊တယ်လီဗီးရှင်းများ၊ ဘာမှ မရှိတော့ပါ။အားလုံးကို အိမ်ပြင်သို့ ထုတ်လိုက်ပါသည်။ ပြီးနောက်အိမ်ကို အမှတ်အသား ပြုလုပ်ပါသည်။ အမှတ်အသားက ရပ်တည်ပေးမည်ဖြစ်ပါသည်။အားလုံး ကို အပြင်ကို ထုတ်လိုက်ပါသည်။ အကအခုန်များ၊ ပါတီပွဲများ ရော့ကရိုးများ၊သတင်းစာများ၊ လောကဆိုင်ရာ အရာများအားလုံး တံခါးပေါက်မှ အပြင်ကိုကန်ထုတ်ပစ်လိုက်ပါ။ ဒီနေရာတဝိုက်ကို ကျွန်တော်တို့ သန့်ရှင်းရေးလုပ်နေပြီဟု ဆိုပါ။

152 ၁၅၂။ ယာကုပ်ကဲ့သို့ပင်ဖြစ်ပါသည်။သူကသူ့ဇနီးနဲ့ ကျန်သောသူများ အားလုံးကို ပြောပါသည်။ အဝတ်အစားများ အားလုံးလျှော်ဖွတ်ပစ်ပါ။ သူတို့ရဲ့ဘုရားတွေကိုလည်း ဖယ်ထုတ်ပစ်လိုက်ပါ။ အာမင်။

ယောရှုသည် ယေရိခေါတဖက်ကမ်းသို့ ကူးရန်အတွက်ဘာပြုလုပ်ပါနည်း? ဘာပြုလုပ်သည်ကို သင်သိပါသလား? သူကပြောပါသည်။ သင့်အဝတ်အစားများ အားလုံးကိုလျှော်ဖွတ်ပစ်ပါ။ ဇနီးသည်များနှင့်လည်း ကင်းကင်းရှင်းရှင်းနေပါ။အဆင်သင့်ပြင်ထားပါ။ သုံးရက်အတွင်း ယောဒန်မြစ်ကို ကူးမည်။ အာမင်။ သူကအဆင်သင့်ဖြစ်နေပါပြီ။ အမှတ်အသားကို လည်း ပြုလုပ်ထားပြီး ဖြစ်ပါသည်။ အာမင်။

အဆင်သင့်ပြုလုပ်ပါ။ အမှတ်အသားကို လက်ခံယူပါ။ယုံကြည်လက်ခံပါ။ သန့်ရှင်းစေပါ။ သင်၏သားသမီးများ သင့်မိ သာစု သင်ချစ်ခင်သောသူရင်နှီးသောသူအားလုံး သင့်အထဲမှာ ကိုယ်တော်ရှင်ကို မြင်တွေ့စေပါ။အကျိုးသက်ရောက်စေမည် ဖြစ်ပါသည်။

၎င်းနောက် အမှတ်အသားကို ဆုတောင်းခြင်းနှင့်ခံယူပါ။စဉ်းစဉ်းစားစား ခံယူပါ။ ယုံကြည်ခြင်းနှင့်ခံယူပါ။ မေတ္တာနှင့်ခံ ယူ၍အချိန်ကာလရောက်သည့်အခါမှာ မိမိခံယူမည့်နေရာအတိုင်း ပြုလုပ်ပါ။ ရဲရင့်စွာနှင့်ခံယူပါ။ ယုံကြည်ပါ။ နှုတ်ကပတ်တော် က သင့်ကိုကူညီမည်ဟု လုံးဝလက်ခံပါ။ ထိုကလေးငယ်ကိုထိုအကြောင်းအရာများကို သင်ပြောဆိုသော အခါသင်၏ ခင်ပွန်း သည်၊ ဇနီးသည်၊ ရင်းနှီးချစ်ခင်သူများနှင့် ပြောဆိုသောအခါ ကူညီမည်။ နှုတ်ကပတ်တော်က ကူညီမည်။ကိုယ်တော်ရှင်က ကူညီမည်ဆိုသည်ကိုယုံကြည်ပါ။ ထိုနေရာမှနေ၍ ကိုယ်တော်ရှင်သူတို့အတွက် တောင်းဆိုပါသည်။ သူတို့သည် ကျွန်တော်နှင့် ဆိုင်ပါသည်။ကိုယ်တော့်အတွက် သူတို့ကို ကျွန်တော်ဆောင်ယူခဲ့ပါသည် ဟုပြောပါ။

153 ၁၅၃။ လက်တွေ့အကောင်အထည်ဖော်ပါ။ အမှတ်အသားကိုလက်ခံပါ။ သင့်ပတ်ဝန်းကျင်မှာလည်း လက်ခံနိုင်ဘို့ဖန်တီးပါ။ သူတို့အားလုံးလက်ခံလာကြမှာ ဖြစ်ပါတယ်။ သင့်မှာအမှတ်အသားရှိပါကသင့်ပတ်ဝန်းကျင်ကိုလည်း ဆွဲဆောင်နိုင်ပါတယ်။ တန်ခိုးအပြည့်ရှိလာမည်ဖြစ်ပါတယ်။သင်အသက်ရှင်နေထိုင်မှုကို လူတို့ကြည့်ပြီးသင်သည် ခရစ်ယာန်ဖြစ်ကြောင်း သိလာမှာဖြစ်ပါတယ်။ သူတို့ကိုတစုံတရာ လာပြောစေရန်အတွက် သူတို့အလိုရှိပါတယ်။ သင့်ရဲ့စကားကိုသူတို့ယုံကြည်ပါတယ်။ သင်ပြောသ မျှ သင်လုပ်သမျှအားလုံးကို သူတို့လက်ခံကြပါတယ်။

အမှတ်အသားကို လက်ခံပါ။ နှုတ်ကပတ်တော်အတိုင်းလိုက်လျှောက်ပါ။ သင့်မိသားစုတစ်စုလုံး သင်ထိုပြုလုပ်ရပါမည်။ ယခုပင်ပြုလုပ်ပါ။ ယခုအချိန်သည် ညနေအချိန်ရောက်နေပါသည်။ သင်သည် အချိန်ကြာမြင့်စွာနားထောင်ခဲ့ပြီးဖြစ်ပါသည်။ ယခု အချိန်သည် ညနေစောင်းအချိန်ရောက်နေပါပြီ။ ယခုအချိန်မှာလက်ခံဘို့အချိန်ပင်ဖြစ်ပါသည်။ အမျက်တော်ကျရောက်မည် ဖြစ်ပါသည်။ ဤနေ့ရက်တရက်မှာကျရောက်တော့မည်ဖြစ်ပါသည်။ ထိုအခါ အလွန်နောက်ကျသွားပေးလိမ့်မည်။ စိတ်ချလက်ချဖြင့်အမှတ်အသားကိုလက်ခံယူပါ။

154 ၁၅၄။ သင်ဖတ်ကြည့်လိုပါကသမ္မာကျမ်းချက်ရှိပါသည်။ ဖတ်ကြည့်ပါ။ ဒီမှာ ကျွန်တော်မှတ်သားထားတဲ့ကျမ်းချက်ရှိပါတယ်။ (ဇဖက် ၂း ၁၂) ဖြစ်ပါသည်။ ခင်ဗျားတို့လည်း ရေးမှတ်လိုပါကရေးမှတ်ထားပါ။ (ဇဖက် ၂း၁၂)ကိုဖတ်ကြည့်ပါ။ အသက်ရှင်တော် မူသော ဘုရားသခင်ကိုကျွန့်ပ်တို့ အစေခံသည်ဖြစ်၍ အသေဖြစ်သော အကျင့်များကို ကျွန့်ပ်တို့ အစေခံခြင်းမဟုတ်ပါ။ အသက်ရှင်လျက်ရှိသော အလုပ်များကိုသာ အစေခံလျက်ရှိပါသည်။ အာမင်။ဘရာသာဘရမ်ဟမ်က နှစ်ကြိမ်တိုင်တိုင် လက်ခုပ် တီး လိုက်ပါသည်။ အယ်ဒီတာမှတ်ချက်။အသက်ရှင်သော အမှုတော်ဆောင်ခြင်းများ အသက်ရှင်သော နိမိတ်လက္ခဏာများ ဖြစ်ပါသည်။တကယ်အသက်ရှင်လှုပ်ရှားသော နိမိတ်လက္ခဏာများကို သင်ယုံကြည်နေပါသည်။ ပရိတ်သတ်ကအာမင်ဟု ဆို ပါသည်။ (ဟေဗြဲ ၉း၁၁.၁၄) အထိရေးမှတ်ထားပါ။ အသက်ရှင်သောနိမိတ်လက္ခဏာများ အသက်ရှင်သော အမှုဆောင်ခြင်းများ လက်ခံအမှတ်အသားယူထားပါ။

သေနေသော ယုံကြည်ချက်များမဟုတ်ပါ။ ငါ့သားလေးကိုငါအသင်းတော်ကိုခေါ်သွားပြီး အသင်းတော်ထဲမှာ သူပါဝင် မှုရှိသည်ကို ကြည့်ဘူးမည်ဟုဆိုကြပါသည်။

အလွန်ကောင်းမွန်စွာ နေထိုင်သောခရစ်ယာန်ယောကျာ်းလေးများ ဒီမှာရှိပါသည်။ လူကြီးများလည်း ရှိသည်။ မိတ်ဆွေကောင်းများလည်းရှိသည်။ အားလုံးတို့ ရောက်လာကြပြီး ဗတ္တိဇံခံကြပါသည်။သူ၏မိခင်ကပြောပါသည်။ ဒီထက်ပိုကြီးမားသော ဘုရားကျောင်းကြီးကို မင်းကိုငါသွားစေချင်တယ်။အဲဒီမှာ သွားပြီး ဗတ္တိဇံခံစေချင်တယ်ဟု ဆိုပါသည်။ သူကတော့ အသက်မပါတဲ့ယုံကြည်ချက်တွေနဲ့ အဲဒီလိုပြုလုပ်တဲ့အရာမျိုးကို မလိုလားပါဘူး။

155 ၁၅၅။ သေနေတဲ့ဘုရားများနဲ့ သေနေတဲ့ ယုံကြည်ချက်တွေကို ကျွန်တော်တို့ အစေမခံပါဘူး။တကယ်အသက်ရှင်တဲ့ ဘုရား သခင်ကို ကျွန်တော်တို့ အစေခံပါတယ်။ အဲဒီဘုရားသခင်ရဲ့အသွေးတော်က ဟိုးတချိန်က ကျွန်တော်တို့အတွက် သွန်းလောင်း ပြီး ဖြစ်၍ အမှတ်အသားလည်းကျွန်တော်တို့ အပေါ်မှာ မှတ်သားထားပြီး ဖြစ်ပါသည်။ ကျွန်တော်တို့အသက်ရှင်လျက်ရှိပါတယ်။ အာမင်။

သေနေတဲ့ ယုံကြည်ချက်တွေကို အစေမခံပါနဲ့။ သူတို့ဟာအဲဒါတွေကို အမှတ်အသားကုတောင်မှ အသိအမှတ်မပြုဘဲ ငြင်းပယ်ပါသည်။ သူတို့ကဘာပြောသလဲဆိုတော့ အံ့ဘွယ်နိမိတ်လက္ခဏာ ပြုလုပ်တဲ့အချိန်တွေ ကုန်လွန်ခဲ့ပါပြီ။သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံဆိုတဲ့အရာမျိုး ဒီခေတ်မှာ မရှိတော့ပါဘူး။ဘာဖြစ်လို့ ထိုအရာမျိုးတွေနဲ့ ပါဝင်ပတ်သက်ရမှာလဲ အဲဒီလို မလုပ်ပါနဲ့လို့သူတို့ကဆိုကြပါတယ်။

အမှတ်အသားကို ခံယူပါ။ အသက်ရှင်တော်မူတဲ့ဘုရားသခင်ကို အစေခံပါ။ အသက်ရှင်တဲ့ အမှုဆောင်ခြင်းတွေ၊ အသက်ရှင်တဲ့နိမိတ်လက္ခဏာတွေ၊ အနာရောဂါငြိမ်းစေတဲ့ အရာတွေ၊ သေလွန်သူတို့ကိုရှင်ပြန်ထမြောက်စေတဲ့ အရာတွေ၊ အနာဂတ်ကို ကြိုတင်ဟောပြောခြင်းများ၊အခြားသောဘာသာစကားပြောဆိုခြင်း၊ အနက်ဖွင့်ဆိုခြင်း၊ အားလုံးဟာ မှန်ကန်လျက်ရှိပါတယ်။ ပရောဖက်ပြုခြင်းများ၊ ဒီလိုပြောပြီးတော့ဒါတွေဖြစ်ပျက်လာမယ်ဆိုတာကိုလည်း ရှိပါတယ်။ကောင်းကင်မှာ ရှိတဲ့ နိမိတ်လက္ခဏာတွေကိုပြသပြီး ဒီလောကကြီးမှာ နိမိတ်လက္ခဏာအံ့ဘွယ်တွေပြုလုပ်နိုင်ပါတယ်။ အာမင်။ သမ္မာကျမ်းစာ ပြောထားတဲ့ အတိုင်းအတိအကျပြောဆိုခြင်းဖြစ်ပြီး တကယ်ဘဲ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ အသက်ရှင်တော်မူတဲ့ဘုရားသခင်ကို အစေခံခြင်း ဖြစ်ပါတယ်။ အမှတ်အသားကို ခံယူခြင်းဖြစ်ပါတယ်။

156 ၁၅၆။ အလုပ်လုပ်တဲ့အခါအသေဖြစ်နေတဲ့အရာတွေ အသင်းတော်တွေဆီကို မသွားပါနှင့်။ နိမိတ်လက္ခဏာကိုတောင်သူတို့မယုံကြည်ကြပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ အာမင်။ သူတို့ကအဲဒီမှာ သူတို့ပြောနေတဲ့ အရာ တွေဟာ အဓိပ္ပာယ်မရှိပါဘူး အဲဒီမှာသူတို့ပြောနေတဲ့လက္ခဏာတွေ မရှိဘူး၊ အဲဒါတွေဟာ အဓိပ္ပာယ်မရှိဘူး အဲဒီမှာသူတို့ပြော နေတဲ့ အရာတွေဟာ အဓိပ္ပာယ် မရှိပါဘူး အဲဒီမှာ သူတို့ပြောတဲ့အရာတွေဟာအလကာသက်သက် အကြောင်ရိုက်တာပါ အဲလိုဟာမျိုးမရှိပါဘူး အမျိုးသမီးတွေ မလုပ်ပါနဲ့ခင်ဗျားတို့ အဝတ်အစားတွေ သမ္မာကျမ်းစာက ဆိုထားပါတယ်။ ဘယ်လိုဆံပင် ထားရမယ်စသည်ဖြင့် သွန်သင်မှုတွေရှိပါတယ်။

အဲဒီအရာတွေဟာ ကွာခြားချက်များသာ ဖြစ်ပါတယ်။မတို့မထိပါနှင့်။ မကိုင်တွယ်ပါနှင့်။ မမြည်းစမ်းကြပါနှင့်။ ကိုယ်တော်ရှင်ဟာဘုရားသခင်ဖြစ်ပါတယ်။ အဓိပ္ပာယ်တစုံတစ်ခု ရှိနေပါတယ်။

157 ၁၅၇။ သူတို့ကကြောင်တယ်လို့ထင်ကြပါတယ်။ ကျွန်တော်တို့လို ယုံကြည်သူတွေအတွက်ကတော့ သမ္မာတရား ဖြစ်ကြောင်းသိရှိထား ပါတယ်။ ကိုယ်တော်ရှင်ကျိန်းဝပ်တော်မူခြင်း၊ အသက်ရှင်တော်မူခြင်း၊ဖြစ်ပါတယ်။ အလားတူအရာများကို ပြုလုပ်ပါ တယ်။ ဒီလောကကြီးမှာ

ရှိနေစဉ်အခါမှာသူကျိန်းဝပ်တော်မူခြင်း၊ အသက်ရှင်တော်မူခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော်အလားတူအရာများကို ကိုယ်တော်ရှင် ပြုလုပ်ခဲ့သောကြောင့် ဖြစ်ပါတယ်။ ဒီလောကကြီးမှာကိုယ်တော်ရှင် အသက်ရှင်စဉ်အခါ က ပြုလုပ်ခဲ့ပါတယ်။ အာမင်။

သူတို့ကပြောပါတယ်။ မီးတိုင်ကို မြင်ရတယ်ဆိုတာသူတို့တမင်သက်သက် တွေးခေါ် စိတ်ကူးယဉ်စဉ်းနေတာဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ မဟုတ်ပါဘူး။ကျွန်တော်တို့ ဘာကိုမှ စိတ်ကူးယဉ် စဉ်းစား ပြီးတော့ ထင်မြင်ယူဆနေတာ မဟုတ်ပါဘူး။

ပေါလုကလည်း အဲဒီလိုဘဲ ထင်မြင်ယူဆခဲ့တယ်လို့ သူတို့ကထင်ပါတယ်။ အီဂျစ်လူမျိုးတွေက အစ်စရေးလူမျိုးတွေက အဲဒီလိုဘဲစိတ်ကူးယဉ်စဉ်းစားခဲ့တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့လည်း ဂတိတော်ရှိရာနေရာကိုနှုတ်ကပတ်တော်က သူတို့ကို ပို့ဆောင်ခဲ့ပါ တယ်။

(ဟေဗြဲ ၁၃း၈) မှာ သင်သိသည့် အတိုင်းဘဲ သခင်ယေရှုသည် မနေ့၊ယနေ့ ထာဝရကာလ အတူတူပင်ဖြစ်ပါတယ်။ အဲဒီကျမ်းချက်ကို ရေးထားချင်ရင်ရေးမှတ်ထားပါ။ကိုယ်တော်ရှင်ဟာ ပြောင်းလဲမှုမရှိပါဘူး။ တကယ့်တကယ် စဉ်းစားစိတ်ကူး ယဉ်မှုတွေမဟုတ်ပါဘူး။

158 ၁၅၈။ ကျွန်တော်ဒီကျမ်းချက်တွေကို ရေးတဲ့ အခါမှာ ကျမ်းချက်တွေလယ်မှာ ရှိတဲ့အကြောင်းကျွန်တော်သိပါတယ်။ အဲဒီအတိုင်းဘဲ ကျွန်တော်လက်ခံနေခြင်းဖြစ်ပါတယ်။

ကိုယ်တော်ရှင်အသက်ရှင်၍ ကျိန်းဝပ်တော်မူကြောင်းသိရှိပါတယ်။ ဘာကြောင်းလဲဆိုတော့ ဝိညာဉ်တော်၌ အလားတူ သူကပြုလုပ်သောကြောင့် ဘဲဖြစ်ပါတယ်။ဂိုဏ်းဂဏတို့ ယုံကြည်ချက်တို့ထဲကို ရောက်ရှိသွားလို့ရှိရင် ကျွန်တော်တို့မြန်မြန်ဆန်ဆန် သိရမဲ့အရာဟာ ခရစ်တော်မဟုတ်တဲ့အကြောင်းဖြစ်ပါတယ်။ မှန်ပါသလား? (ပရိတ်သက်က အာမင်ဟု ဆိုပါ သည်။) ကျွန်ုပ်ကသင့်အားယုံကြည်ချက်တွေ တစုံတရာတစ်ခုသော အရာကို ယုံကြည်ဘို့ သွေးဆောင်ခဲ့မယ်ဆိုရင် တခြားဂိုဏ်းဂဏ တွေကနေ ကျွန်တော်ကို စေလွှတ်ခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်ကခင်ဗျားတို့ကို ယုံကြည်ချက်တွေ ကို ယူဆောင်လာပေးတာ မဟုတ်ပါဘူး။ ဂိုဏ်းဂဏများအကြောင်း ကျွန်တော်သွန်သင်ပေးတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို သွန်သင်ပေးတာကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သခင်ယေရှုဖော်ပြထားတဲ့ ရှင်ပြန်ထမြောက်ခြင်းရဲ့တန်ခိုးဘဲ ဖြစ်ပါတယ်။ ကျွန်တော့်အတွက်မဟုတ်ပါဘူး။ ဘယ်သူ့အတွက်ဘဲဖြစ်ဖြစ်ရည်ရွယ်ခြင်းဘဲ ဖြစ်ပါတယ်။

159 ၁၅၉။ သင်ဟာကျွန်တော့်ရဲ့ ညီကိုဖြစ်ပါတယ်။ ကျွန်တော်ဟာ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တပါး မဟုတ်ပါဘူး။ကျွန်တော်တို့အားလုံး ဟာ ဘုရားသခင်၌ ဆိုရင် ပုဂ္ဂိုလ်ငယ်ကလေးများသာ ဖြစ်ပါတယ်။သူ့ရဲ့သားသမီးလေးတွေသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘာမှ မသိပါဘူး။ ကျွန်တော်တို့တကယ်သိသင့်တဲ့အရာကတော့ ကိုယ်တော်ရှင်ရဲ့အလိုတော်ကို ကျွန်တော်တို့အားလုံးကိုကိုယ်တော် ရှင်က သိစေပါတယ်။ ကိုယ်တော်ကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။သူ့ရဲ့ကောင်းကြီးမင်္ဂလာတွေကို ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်ဖာသာကျွန်တော်ဤအရာတွေကို မျှဝေပြောဆိုနေခြင်း မဟုတ်ပါဘူး။ ခင်ဗျားတို့နဲ့ဝေမျှပြီးတော့ သက်သေခံနေခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်၌ သင်တို့ကိုတည်စေလိုပါသည်။ အဲဒီအမှတ်အသားကို ခံယူစေချင်ပါတယ်။ မခံယူဘူးဆိုရင် များသောအားဖြင့်ခင်ဗျားတို့ အများစုဟာဆိုလို့ရှိရင် ခံယူပြီးသားဖြစ်ပြီဟု ကျွန်တော်ယုံကြည်ပါတယ်။အကယ်၍ မခံရသေးဘူးဆိုလို့ရှိရင် ခံယူကြပါ။

ကျွန်တော်တိတ်ခွေမှတဆင့် ခင်ဗျားတို့ကိုပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ နားလည်ပါသလား? ဘုရားကျောင်း ထဲမှာ ကျွန်တော်ပြောနေခြင်း မဟုတ်ပါဘူး။ကျွန်တော်တို့အားလုံး အပြင်ကိုထွက်လာပါတယ်။ ထောင်ပေါင်းမက အကြိမ်ထောင် ပေါင်းမကဒီတိတ်ခွေကို ခင်ဗျားတို့ကြားရမှာဖြစ်ပါတယ်။ ဒါဟာ သာသနာပြုခြင်းတရပ်ဘဲ ဖြစ်ပါတယ်။ယေရိခေါ်မြို့ထဲကို တိတ် တဆိတ် ဝင်သွားတဲ့လူ တစ်ဦးတစ်ယောက်ရှိပါတယ်။တိခွေလေးပါသွားပါတယ်။ အဲဒီလိုဘဲ ကျွန်တော်တို့လည်း ပြုလုပ်ချင်ပါ တယ်။ ရွေးချယ်ခြင်းခံရတဲ့ မျိုးစေ့ကလေးကို ဖမ်းမိချင်ပါတယ်။ အဲဒီယေရိခေါ်မြို့လေးထဲကိုဝင်သွားပြီး အဲဒီမျိုးစေ့ကလေးကို ရစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမျက်တော်ဟာကျရောက်လာတော့မှာဖြစ်လို့ပါဘဲ။

160 ၁၆၀။ အသက်ရှင်တော်မူသောဘုရားသခင် ကျိန်းဝပ်တော်မူခြင်းကို သိပါ။ ကိုယ်တော်ရှင်ဂတိတော်နှုတ်ကပတ်တော်အတိုင်း သူ့အား ရှင်ပြန်ထမြောက်စေသည်ကို သက်သေပြုပါသည်။ခဏကြာသောအခါမှာ ကမ္ဘာလောကကြီးသည် ငါ့ကိုတွေ့ရတော့မှာ မဟုတ်ပါ။ ယေရိခေါ်၊ အီဂျစ်၊သူတို့ငါ့ကို တွေ့ရတော့မှာ မဟုတ်ပါ။ သို့သော်လည်း သင်တို့ ငါ့ကိုတွေ့ရလိမ့်မည်။ကိုယ်ပိုင်နာမ် စားကို သုံးထားခြင်းပင်ဖြစ်ပါသည်။ အမြဲတမ်းပင်ငါသင်တို့နှင့်အတူရှိမည်။ ငါသည် အမှတ်အသားဖြစ်သည်။ ငါ၏ရှင်ပြန်ထ မြောက်ခြင်းသည်အမှတ်အသားဖြစ်သည်။ ငါပြုသောအမှုတို့သည် သင်တို့အတွက်ငါ့အမှတ်အသားပြုလုပ်ခြင်းဖြစ်သည်။ ငါ့အထဲမှာလည်း သင်တို့ကိုအမှတ်အသားပြုမည်ဖြစ်သည်။ ငါကသင်တို့ကို အမှတ်အသားပြုခြင်းဘဲ ဖြစ်သည်ဟု ဆိုထားပါသည်။

လောတ၏ ခေတ်ကာလများထဲကကဲ့သို့ပင် ဖြစ်ပါသည်။လူသားကြွလာတော်မူမည့် နေ့ရက်ကာလနီးသော အခါမှာ ထိုကဲ့သို့ပင် ဖြစ်ပါသည်။ညနေခင်းသတင်း ပေါ်ထွက်လာသည့် အချိန်ပင် ဖြစ်ပါသည်။

ညနေခင်းအချိန်မှာ အလင်းကို တွေ့နိုင်ပါသည်။ညနေ့ခင်းအချိန်ဖြစ်ပါသည်။ အလင်းပေါ်ထွက်လာမည် ဖြစ်ပါသည်။ အို... ဘုရားဘုန်းတော်ထင်ရှားပါစေ။ငါသည် ပြေးသွား၍ နံရံကိုကျော်လွှားသွားလိုက်သကဲ့သို့ ခံစားရပါသည်။ ညနေခင်းအချိန်မှာ အလင်းကို တွေ့ရပါစေ။ ပရောဖက်မိန့်တော်မူသည့်အတိုင်း မှန်ပါသည်။ပရောဖက် မိန့်တော်မူခဲ့သည့် အတိုင်းပင် ဖြစ်ပါသည်။

ငါသည်သင်တို့နှင့်အတူရှိမည်။ လူသာ၏ ခေတ်ကာလတွင်လည်းငါရှိမည်။ ဝက်စလီ၏ ခေတ်ကာလတွင်လည်း ငါရှိမည်။ ပင်တေကုတ္တေခေတ်ကာလတွင်လည်းငါရှိမည်။ ညနေခင်းအချိန် ရောက်သောအခါပင် ဖြစ်ပါသည်။ ငါသည် အလင်းဖြစ်သည်။ ဂိုဏ်းဂဏများအားလုံး ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ ထိုအခါမှာ အမှတ်အသားကိုမှတ်သားနိုင်မည် ဖြစ်ပါသည်။ နှလုံးသားထဲတွင်

ရိုးသားဖြူစင်သောသူများ အားလုံးအပြစ်ကင်းစင်သောသူများ အဖြစ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ သင့်အထဲတွင်ရှိပါသည်။

161 ၁၆၁။ ဦးခေါင်းကအရှေ့မှသွားနှင့်ပါသည်။ သို့မှသာ ခြေထောက်လည်း လိုက်ပါလာမည် ဖြစ်ပါသည်။ ဦးခေါင်းက အရှေ့မှသွား၍ လက်လည်းပါလာပါသည်။ ဦးခေါင်းကရှေ့မှသွား၍ နှလုံးသားလည်း ပါလာပါသည်။ ဦးခေါင်းက ဦးဆောင်ရပါသည်။ သို့မှသာ နှုတ်ကလည်းပါလာမည်ဖြစ်ပါသည်။ ဦးခေါင်းသည် အရှေ့မှာသွားရပါသည်။

ယခုအခါ ကျွန်တော်တို့ ရောက်ရှိနေသောအချိန်မှာအမှတ်အသားပြုလုပ်ရမည့်အချိန် ဖြစ်ပါသည်။ အမှတ်အသားကို တံခါးဘောင်တွင်ပြုလုပ်နေသည့် အချိန်ပင်ဖြစ်ပါသည်။ ထုတ်တိုင်များ၊ တံခါးဘောင်များ၊ တန်းများတွင်မှတ်သားထားပါသည်။ အသွေးတော်ကို ကျွန်တော်တွေ့မြင်ရသောအခါ အမှတ်အသားပင် ဖြစ်ပါသည်။သင့်အား ငါကျော်ဖြတ်သွားမည်ဟု ဆိုထားပါ သည်။

ကျွန်တော် အခုမြန်မြန်ပြောပါမယ်။အမြန်ဆုံးမြန်နိုင်သလောက် ကျွန်တော်ပြောသွားပါမယ်။ နောက်ထပ် ငါးမိနစ် ဒါမှ မဟုတ်ဆယ်မိနစ်လောက် အချိန်ရှိပါသေးတယ်။ အဲဒါဆိုရင်တော့ ပြီးသွားမှာပါ။

162 ၁၆၂။ ဘုရားသခင်ဟာသူ့ကိုသေခြင်းမှ ရှင်ပြန်ထမြောက်စေတယ်ဆိုတာကို သက်သေပြပါတယ်။ ခင်ဗျားတို့ ယုံကြည်ပါသလား? (ပရိသက်က အာမင် ဟုဆိုသည်။ အယ်ဒီတာ၏ မှတ်ချက်။) သူသည်ကျွန်တော်တို့ အလယ်တွင် အသက်ထင်ရှား အသက်ရှင်လျက်ရှိပါသည်။ ငါဟုဆိုသည်မှာ ခရစ်တော်ပင်ဖြစ်ပါသည်။ထိုကြောင့် ငါသည် ကျွနု်ပ်တို့နှင့် အတူ ကပ်ကမ္ဘာကုန်ဆုံးသည့် တိုင်အောင်ရှိနေမည်ဖြစ်ပါသည်။ နောက်ဆုံးအချိန် နိဂုံးချုပ်သည့်အချိန်ဟု ဆိုပါသည်။အဓိပ္ပာယ်မှာ ကပ်ကမ္ဘာကုန်ဆုံးသည့် အချိန်ပင်ဖြစ်ပါသည်။ ကမ္ဘာလောကကြီးကုန်ဆုံးသွားသည့် အချိန်ကို ပြောခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်အရပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင် ဂတိပေးတော်မူခဲ့ပြီးဖြစ်ပါသည်။ငါပြုသောအမှုတို့ကို သင်တို့လည်းပြုလုပ်လိမ့်မည်ဖြစ်သည်ဟု ဆိုထားပါသည်။ကျွန်တော်တို့ အတွက် အဓိပ္ပာယ်မရှိသည့် အရာ မဟုတ်ပါ။

အမှတ်အသားပင် ဖြစ်ပါသည်။ ၎င်းအရာသည် အမှတ်အသားပင်ဖြစ်ပါသည်။

163 ၁၆၃။ ကျွန်တော်တို့သည်အဖိုးတန်သော ဤအသွေးတော်ကို ပူဇော်သက္ကာပြုသော အသွေးတော်ကို ကျွန်တော်လက်ခံပါ သည်။ ကိုယ်တော်ရှင်၏ ယဇ်ပူဇော်သက္ကာပြုသော အသွေးတော်ကို ကျွန်တော်လက်ခံပါသည်။ကိုယ်တော်ရှင်သည် ကျွန်တော်တို့အား ထာဝရအသက်ကို ပေးသည်။ အမှတ်အသားပြုသည်။ကိုယ်တော်ရှင် ဂတိတော်၏ အမှတ်တံဆိပ်ပင် ဖြစ်ပါသည်။ (ဖေက် ၄း၃၀)မှာ ဆိုထားသည့်အတိုင်း အသွေးတော်ကို ဝမ်းမနည်းစေပါနှင့်။ မဟုတ်သေးပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေပါနှင့်ဟု ဆိုခြင်းဖြစ်ပါသည်။ ဘရာသာဘရမ်ဟမ်က ခဏနား၍ပရိတ်သက်ကိုပြန်လည်ပြီးတော့ တံဆိပ်ခေတ်ခြင်းအကြောင်းကို ကြည့်ရှုစေပါသည်။

ပဋိညာဉ်ပြုခြင်း၊ ဖယ်ရှားလိုက်ခြင်း ဖြစ်သည်။သင်တို့သည် ပဋိညာဉ်ပြုခြင်းခံရသည်။ သင်တို့သည် အမှတ်အသားသန့်ရှင်းသောဝိညာဉ်တော်ဖြစ်၍ တံဆိပ်ဖြစ်ပေမည်။ တစုံတရာကို တံဆိပ်ခေတ်လိုက်ပါကတံဆိပ်ထဲမှာရှိနေပါသည်။ ချိုးဖွဲ့၍မရတော့ပါ။ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်မနာစေပါနှင့်။ သင့်ကို တံဆိပ်ခတ်ထားပြီးသော အခါ သင်ကယ်တင်ခြင်း ခံရမည့်နေ့ရက်တိုင်အောင်ပင် ဖြစ်ပါသည်။ ကိုယ်ခန္ဓာ ရှင်ပြန်ထမြောက်သည့် အခါ ဖြစ်ပါသည်။

164 ၁၆၄။ ၎င်းသည်မျိုးစေ့ဖြစ်ပါသည်။ မျိုးစေ့ကို အပင်ပေါက်လာပြီး ထာဝရအသက်ကိုရပါသည်။ ငါ၏ကိုယ်ပိုင်အသက်ပင် ဖြစ်ပါသည်။ နောက်ဆုံးသော နေ့ရက်ကာလမှာ ပြန်၍ရှင်ပြန် ထမြောက်စေသည်။သင်လျှောက်လှမ်းသွားသည့် အခါ သင့်မှာ စိတ်ရဲဝံ့၍ စိတ်ထဲမှာသံသယမဖြစ်ဘဲခိုင်မာမှုရှိပါသည်။ သခင်ယေရှု၏ အသက်တာ သင့်အထဲမှာရှိမည် သင်သည်လည်း ကိုယ်တော်၌တည်ပါသည်။ ဝိညာဉ်တော် တပါးတည်းအားဖြင့် ကျွန်တော်တို့အားလုံး ကိုယ်ခန္ဓာ တစ်ခုတည်းတွင်အတွင်းသို့ ဗတ္တိဇံခံရပြီး သန့်ရှင်းသော ဝိညာဉ်တော်တံဆိပ်ခတ်နိုပ်ပြီးဖြစ်ပါသည်။ယုံကြည်သူများအကြားတွင် သခင်ယေရှု ကျွနု်ပ်တို့အား ပြန်လည်ထမြောက်စေသည့်အချိန်အထိဖြစ်ပါသည်။ အမှတ်အသားကို ခံယူပါ။ ကျွန်တော်တို့အတွက် အဓိပ္ပာယ်မှာထိုအရာပင် ဖြစ်ပါသည်။ ပူဇော်သက္ကာကို ကျွန်တော်တို့လက်ခံ၍ ကျွန်တော်တို့အားအသက်ကိုရစေပါသည်။ ကျွန်တော်တို့အား အမှတ်အသားကိုပေးသည်။ ထိုအမှတ်အသားကိုကျွန်တော်ခံယူသည် တံဆိပ်ခတ်ခြင်းကိုခံယူသည်။ ကျွန်တော်တို့ဤနေရာကို ခံယူကြခြင်းဖြစ်ပါသည်။ အလွန်ကြီးမြတ်လှပါသည်။ တပါးတည်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံကို ခံယူပြီး နက်နဲသော ကိုယ်ခန္ဓာတစ်ခုအတွင်းသို့ရောက်ရှိသွားပါသည်။

နက်နဲသောအရာဟု ဆိုသော စကားလုံးကိုကျွန်တော်ပြောလိုက်သည်မှာ ဟုတ်ပါသလား?နက်နဲသောကိုယ်ခန္ဓာလျို့လှ်ဝှက်နက်နဲ၍ ထူးခြားသော ကိုယ်ခန္ဓာဖြစ်ပါသည်။ သခင်ယေရှု၏ကိုယ်ခန္ဓာပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က ဆိုထားသည်မှာသင်ထိုသို့ပြောသည်မှာ မှားသည်ဟု ဆိုပါသည်။ ကျွန်တော်ကဲ့သို့ နုံအသောသူဖြစ်ပါသည်။ကိုယ်တော်ရှင်က သင်အမှားကို ပြောဆိုသည်ဟုဆိုပါသည်။ကျွန်တော်က လျှို့လှ်ဝှက်နက်နဲသော ထူးခြားသော ကိုယ်ခန္ဓာကဟုခေါ်လိုက်ပါ သည်။ တကယ်ကိုထူးခြားသော ကိုယ်ခန္ဓာဖြစ်၍ သခင်ယေရှုသည် ထိုကိုယ်ခန္ဓာကို ပိုင်ဆိုင်ပါသည်။ကျွန်တော်တို့ ပညာတတ်ဘို့ မလိုပါ။

သန့်ရှင်းသော ဝိညာဉ်တော် ရရှိဘို့ဘဲ လိုပါသည်။ကိုယ်တော်ရှင်သည် ဝိညာဉ်တော်ပင် ဖြစ်ပါသည်။ တစုံတယောက်သော သူအတွက် မှားယွင်းစရာအယူအဆလွဲမှား၍ တနေရာမှာ လွဲချော်စရာ ဖြစ်ပါသည်။ ပညာတတ်တဦး အတွက်မှားယွင်းမှုဖြစ်စေပါသည်။ မှန်မှန်ကန်ကန် သူလက်ခံနိုင်ဘို့ရန်အတွက်ကျွန်တော်မျှော်လင့်ပါသည်။ နက်နဲသော ကိုယ်ခန္ဓာ ဖြစ်ပါသည်။ တစုံတရာအတွက် ဖြစ်ပေမည်။ ကိုယ်တော်ရှင်သည် ယခုအခါ ဤနေရာမှာရှိနေပါသည်။ ဒီတရားပလ္လင်မှာ သူရှိနေပါသည်။ ဒီပြင်ဘက်မှာလည်း သူရှိနေပါသည်။ ကိုယ်တော်ရှင်ပင် ဖြစ်ပါသည်။

165 ၁၆၅။ ကိုယ်တော်ရှင်ထဲ၌သေခြင်းတရားမရှိပါ။ ဝမ်းနည်းစရာများလည်း မရှိပါ။ စိပျက်ဖွယ်လည်း မရှိပါ။ အပြစ်လည်းမရှိပါ။ ဖျားနာခြင်းလည်း မရှိပါ။ သေကြေပျက်ဆီးခြင်းလည်းမရှိပါ။ ကိုယ်တော်အထဲ၌ ကျွန်တော်တို့တည်နေပါသည်။

စာတန်မာနတ် က သင့်ကိုတစုံတရာပေးဘို့ ကြိုးစားပါကဖျားနာခြင်းကဲ့သို့ တစုံတစ်ခုကို ပေးပါက အမှတ်အသားကို ခံယူပါ။ သင်၏အမှတ်အသားကိုခံယူပါ။ သင်သည် ခရစ်တော်ရွေးနှုတ်ဝယ်ယူထားသော ထွက်ကုန်တစ်ခုကဲ့သို့ ဖြစ်နေပါသည်။အမှတ်အသား က သင်သည် အဖိုးအခကို ထိုက်တန်စွာပေး၍ ဝယ်ယူထားပြီးဖြစ်ကြောင်းရပ်တည်ပေးပါသည်။ သင်သေဆုံးသော အခါ သင်လုံးဝဆုံးရှုံးရပြီးဟု သူကဆိုပါသည်။

သင်မှားပါသည်။ ငါသည်ဝယ်ယူထားပြီးသော အရာဖြစ်သည်။ငါ့မှာ အမှတ်အသားရှိပါသည်။ အမှတ်အသားဆို သည်မှာ အဘယ်အရာဖြစ်ပါသနည်း?

ထိုအရာသည်ဘာဖြစ်ကြောင်း သူသိပါသည်။သူနှင့်အတူမမိုက်မဲပါနှင့်။ အဲဒါဘာလဲဆိုတာ သူသိပါသည်။ ဤတရား ဟော ဆရာများနှင့်သင်စကားပြောရပါမည်။ သူတို့သင်နှင့် အငြင်းအခုံ ပြုလုပ်ပါမည်။ စာတန်မဟုတ်ပါ။သူသင့်ထက်ပို တက်သိနားလည်ပါသည်။ အမှားအယွင်း ပြုလုပ်မည်။ စုံစမ်းနှောက်ယှက်ခြင်းပြုလုပ်မည်။စာတန်က သင်ပြောဆိုနေသည့် အကြောင်းအရာကို သိပါသည်။

ထိုအမှတ်အသားကို သင်ပြပါ။သူထွက်ပြေးသွားပါလိမ့်မည်။

166 ၁၆၆။ အဲဒါဘာလဲ? ထုတ်ကုန်တံဆိပ် ခပ်နှိပ်ခြင်းဘဲ ဖြစ်ပါသည်။ ထုတ်ကုန်တံဆိပ်ခပ်နှိပ်ခြင်းဘဲဖြစ်ပါသည်။ သူကဖွင့်လိုက် မည်။ နောက်ပြီးတော့ မမှန်ကန်တဲ့အရာတစ်ခုကို ပေးပါလိမ့်မည်။ ခင်ဗျားလက်ကို ဖယ်လိုက်ပါ။ ငါတံဆိပ်ခတ်နှိပ်ပြီးဖြစ်ပါသည်။ တံဆိပ်ခပ်နှိပ်ပြီးသား ဖြစ်ကိုဖြစ်ပါသည်။ မှန်ပါသည်။သင်သည် ဝယ်ယူပြီးဖြစ်ပါသည်။ ရွေးရှားခြင်းမရှိသော သင်၏ယုံကြည်ခြင်း အပေါ်မှာ အမှတ်အသားကိုခိုင်မြဲစွာ သူ၏ဂတိတော်ကို ဆွဲကိုင်ထားပါ။ ဖြောင့်မတ်သောသူ၏ အရှိန်ကြီးသောပဋ္ဌနာသည် ထိရောက်မှုရှိပါသည်။ ထိုအမှတ်အသားကိုခံယူပါ။ အဲဒါဘာအတွက်ဖြစ်သလဲဆိုလို့ရှိရင် စာတန်ကသင့်အား မနှောက်ယှက်နိုင်ရန်အတွက်ပင်ဖြစ်ပါသည်။ စာတန်ထိုနေရာမှာရှိပါသည်။ အီဂျစ်နိုင်ငံမှာ ရှိပါသည်။ စုံစမ်းနှောက်ယှက်ခြင်းဖျက်စီးဖို့ဖြစ်ပါသည်။

ထိုနေ့က သင်သိသည့်အတိုင်းပင် ဖြစ်ပါသည်။ရာခပ်ကကြိုတစ်ချောင်းကို ပြုတင်းပေါက်မှ တွဲလောင်းဆွဲချထားသော အခါ စစ်သားများကရယ်ကြပါသည်။ ဟာသပြုကြပါသည်။ အဲဒီမိန်းမကြီးကလည်း အူကြောင်ကြောင်နဲ့လို့ သူတို့ကဲ့ရဲ့ပြော ဆိုကြပါသည်။ ဦးနှောက်မကောင်းတော့ဘူးတစ်ခန်းလွတ်နေပြီး၊ ရယ်စရာကောင်းလိုက်တာဟုပြောပြီး ရယ်ကြပါသည်။ ဘယ် ကမျှားကြားတာလဲဘာကြောင့်များလဲ စသည်ဖြင့် အမျိုးမျိုး လှောင်ပြောင်ပြောဆိုကြပါသည်။ သို့သော်လည်းဘုရားသခင်၏ သတင်းစကားပို့ဆောင်သူက သတင်းစကားကိုလာ၍သူတို့အား ပြောကြားခဲ့ပြီးဖြစ်ပါသည်။

167 ၁၆၇။ အီဂျစ်လူမျိုးများပြောဆိုသည်တို့ကိုလည်းသင်စဉ်းစားမိပါသလား။ အဲဒီဘုရားတရားကြည်ညိုတယ်ဆိုတဲ့ ငကြောင် အုပ်စုတော့သူတို့အိမ်တံခါးဘောင်တွေမှာ သွေးတွေသုတ်နေကြတယ်။ ရယ်စရာကောင်းလိုက်တာ အဲဒါတွေကိုဘယ်လိုလုပ်ပြီး ပြန်ပြီးဖျတ်မလဲ? အိမ်တွေညစ်ပတ်ကုန်ပြီ၊သူတို့ရဲ့ အိမ်ကြီး အိမ်ကောင်းတွေအားလုံးစွန်းထင်းနေမှာဘဲ၊ ရက်အနည်းငယ်အတွင်းမှာတော့ ကြောက်မက်ဖွယ်ရာတွေဖြစ်ပေါ်လာတယ်၊ အဓိပ္ပာယ်မရှိပါဘူး။ ဘာကြောင့်လဲ? ဒါပေမဲ့လည်း သန့်ရှင်းသော ဘုရား သခင်က ပြောခဲ့တဲ့ အတိုင်းဘဲဖြစ်ပါတယ်။ တကယ်လည်း ဖြစ်ပါတယ်။ တကယ်အဓိပ္ပာယ်ရှိလို့ ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။

ယုံကြည်သူကျွန်ုပ်တို့ အတွက် တကယ်ဘဲ တစ်စုံတစ်ရာအဓိပ္ပာယ်ရှိနေပါတယ်။ သင်ရဲ့မရွေ့လျားနိုင်တဲ့ ယုံကြည်ခြင်း ကို သင်သတိရပါ။ ဒီနှုတ်ကပတ်တော်ထဲမှာ ရှိပါတယ်။ သင်ဟာ ဇဝလုံးဝမဟုတ်တော့ပါဘူး။ သံသယဖြစ်နေသူတွေလည်းမဟုတ်ပါဘူး။ စာတန်နဲ့ အပေးအယူလုပ်နေတာလဲ မဟုတ်ပါဘူး။ ဘုရားသခင်၏နှုတ်ကပတ်တော်တွေကို ဆွဲကိုင်ထားခြင်းဘဲ ဖြစ်ပါတယ်။ ဇဝကကိုယ်တော်ရှင်မိန့်တော်မူတယ်လို့ဆိုပါသည်။

စာတန်ကဆိုပါသည်။ သင်ကဲ့သို့သော် ကောင်းမွန်သောလူတစ်ဦး အပေါ်မှာ ထိုကဲ့သို့ မလုပ်မည်မှာသေချာပါသည်။ အို... သင်ဟာအရမ်းချစ်စရာကောင်းတယ် ကိုယ်တော်လုပ်မှာ မဟုတ်ပါဘူး။ စာတန်ကဆိုပေမည်။ သို့သော်လည်းကိုယ်တော် ရှင်လုပ်မည်ဟု ပြောထားသည့်အခါ လုပ်ကိုလုပ်ပါလိမ့်မည်။

ငါ့ရဲ့ဖခင်ကတော့ ဓမ္မအမှုတော်ဆောင်ဘဲ ငါလဲဒမ္မအမှုတော်ဆောင်တစ်ယောက်ဖြစ်ခဲ့တာဘဲလို့ ပြောပါသည်။ ကျွန် တော်...ဘာမှ မတက်နိုင်ပါ။အမှတ်အသားမရှိပါက သင်သည်ပျောက်ဆုံးနေသော လတစ်ဦး ဖြစ်ပါသည်။ အမြတ်တော်သည်သင်အပေါ်မှာ သက်ရောက်လျှက်ရှိပါသည်။ အမှတ်အသားမရှိသောကြောင့်ဖြစ်ပါသည်။ကိုယ်တော်ရှင် အမှုပြုမည်ဟု ဆိုထား ပါသည်။ တကယ်လည်း အမှုပြုမည်ဖြစ်ပါသည်။ကိုယ်တော်ရှင်ပြုလုပ်မည်ဟုပြောခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် အံ့ဘွယ်နိမိတ်လက္ခဏာတို့၏ နေ့ရက်များကို ယုံကြည်ပါသည်။

သို့သော်လည်း သူကမဟုတ်ဘူး ငါသည်မနေ့၊ယနေ့ ထာဝရကာလအတူတူပင် ဖြစ်သည်ဟုဆိုထားပါသည်။ ကိုယ်တော်ရှင်သက်သေပြနေခြင်းပဲဖြစ်ပါသည်။

ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့သိပါသည်။သူတို့အတွက် သူတို့ကတော့ နှုတ်ကပတ်တော်ကို မယုံကြည်ပါ။ သို့သော် လည်းကျွန်တော်တို့ကတော့ နှုတ်ကပတ်တော်ကို ယုံကြည်ပါသည်။သမ္မာတရားဖြစ်ကြောင်းကျွန်တော်တို့ယုံကြည်ပါသည်။

168 ၁၆၈။ ထိုအထဲမှာရှိရင် ကျွန်ုပ်တို့လည်း နှုတ်ကပတ်တော်၏တစ်စိတ်တဒေသပင်ဖြစ်ပါသည်။ ပြီးနောက် အမှတ်အသားကိုခံ ယူသည်

ဝိညာဉ်တော်ကိုခံယူပြီးဂတိတော်ကိုခံယူပါသည်။ ငါသည်သင်၏ အနာရောဂါကိုငြိမ်းစေသော သခင်ဖြစ်သည်ဆိုသည့်ဂတိတော်ကိုယုံကြည်ပါသည်။

ကျွန်တော်တို့ယခု အနာရောဂါငြိမ်းခြင်း အစည်းဝေးအတွက်။ အစသ်သင့်ဖြစ်ကြပါသည်။ အမှတ်အသားကို ခံယူပါ။ နှုတ်ကပတ်တော်အပေါ်မှာစွဲကိုင်ထားပါ။ မရွေ့လျားနိုင်သောယုံကြည်ခြင်းဖြင့် နှုတ်ကပတ်တော်ကိုယုံကြည်ပါ။ကိုယ်တော်ရှင် သင့်အား လက်ခံမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည်အနာရောဂါအားလုံးနှင်ထုတ်ပေးမည်ဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင် အထဲ၌တည်လျှင်အနာရောဂါအားလုံးပျောက်ကင်းမည်ဖြစ်သည်။

ကျွန်တော်အခု နည်းနည်းသက်သေခံလိုပါသည်။ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်များကျွန်တော်တွေ့မြင်ခဲ့ရတဲ့ အရာများကို သက်သေခံလိုပါသည်။

ရှင်လုကာခရစ်ဝင်ကျမ်းမှာသခင်ယေရှုအမှုပြုခဲ့သမျှအရာအားလုံးကို ထည့်သွင်းရေးသားပါက လုံးဝစာအုပ်များ လုံး လောက်တော့မည် မဟုတ်ပါ။ဒီကမ္ဘာပေါ်မှာလည်း ရေးစရာစာအုပ် အလုံအလောက်ရှိတော့မည်မဟုတ်ပါဟု ဆိုထားပါသည်။

ကျွန်တော်၏ သာသနာပြုခြင်းမှာကိုယ်တိုင်တွေ့ရှိရသည့်အရာများစွာရှိပါသည်။ ကိုယ်တော်ရှင်အမှုပြုသည်များကိုလည်းတွေ့ရပါသည်။ ဤပလက်ဖောင်းပေါ်မှာ ကိုယ်တော်ရှင် အမှုပြုသည့်အရာများကိုစီထားလိုက်ပါက အထပ်လိုက်ကြီး ရှိနေမည်ဖြစ်ပါသည်။ အသေးစိတ် ကျွန်တော်ရေးသားထားပါကကျွန်တော်တွေ့မြင်သမျှ ကျွန်တော်၏ ကိုယ်ပိုင်သာသနာမှာ ကျွန်တော်သိသမျှရေးမည်ဆိုလို့ရှိရင် အလွန်များပြားစွာတွေ့ရမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည်ကျွန်တော့် သာသနာမှာ များစွာအောင်မြင်မှုပြုခဲ့ပါသည်။ သူ၏ကိုယ်ပိုင်သာသနာမှာထပ်ပင်များပြားပါသည်။ ကိုယ်တော်ရှင်က ယခုအခါမှာ ပိုပြီး အောင်မြင်ပါသည်။ကျွန်တော်က အောင်မြင်နေခြင်း မဟုတ်ပါ။ ကိုယ်တော်ရှင်က အောင်မြင်နေခြင်း ဖြစ်ပါသည်။ဘုန်းကြီးပါစေ။ ဟာလေလုယာ။

169 ၁၆၉။ နာဇရက်မြို့မှာအမှုပြုသည်ထက် ဂျက်ဖာဆွန်ဘေးလီးမြို့မှာ အမှုပြုသည်က ပိုပြီး အောင်မြင်မှုတွေ့ရပါသည်။ထိုကောက် ကျစ်သော မြို့တော်တွင်လုပ်သကဲ့သို့ ဒီကောက်ကျစ်သော မြို့တော်မှာလည်းကိုယ်တော်ရှင် အမှုပြုပါသည်။ အောင်မြင်ဘုန်း ကြီးပါစေ။ အကြောင်းမှာ ကိုယ်တော်ရှင်ထိုနေရာမှာ ဘာအံ့ဘွယ်နိမိတ်လက္ခဏာမှ မပြုဟုဆိုခဲ့ပါသည်။ သို့သော်လည်း ၏နေရာမှာအမှုပြုပါသည်။ ကိုယ်တော်ရှင်နောက်ဆုံး အမှုပြုခဲ့ပါသည်။ အကြောင်းမှာကိုယ်တော်ရှင်သည် ထိုနေရာမှာ အံ့သြ ဖွယ်နိမိတ်လက္ခဏာများမပြုလုပ်နိုင်ခဲ့သောလည်းဤနေရာမှာပြုလုပ်နိုင်ခဲ့ပါသည်။ ဤနေရာမှာ အမှုပြုနိုင်ခဲ့ပြီး ဖြစ်ပါသည်။ တခြားနေရာမှာလည်း လူများစွာရရှိနိုင်ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်အမှုပြုခဲ့ပါသည်။ ကပေရနောင်မြို့ (သို့) နာဇရက် မြို့မှာထက် ဒီနေရာမှာပို၍ကိုယ်တော်ရှင် အောင်မြင်မှုရရှိပါသည်။ ဒီဝတ်ပြုတဲတော်ထဲမှာ အံ့ဘွယ်နိမိတ်လက္ခဏာများ ပို၍ပြပါသည်။ သူ၏သာသနာပြုခြင်း တစ်ခုလုံးလုံးကို ဤလောကကြီးတွင်သူပြုလုပ်ခဲ့စဉ်ကထက် ကိုယ်တော်ရှင် တကယ်ဘဲ အမှုပြုနိုင်ခဲ့ပါသည်။ ကျန်သောကမ္ဘာပေါ်မှာရှိသော အရာများအားလုံးနှင့် ပတ်သတ်၍ မည်သို့ရှိပါသနည်း ? ကိုယ်တော်ရှင် အမှုပြုခဲ့ခြင်းပင်ဖြစ်ပါသည်။

သတိပြုရမည့်အရာမှာ ကိုယ်တော်ရှင် အမှုပြုခဲ့ခြင်းပင်ဖြစ်ပါသည်။ ငါပြုလုပ်ခဲ့သည်ဟု ဘယ်တုန်းကမှ မဆိုပါ။ အဘယ်ကြောင့်ဆိုသော် ငါမပြုသောကြောင့်ပင်ဖြစ်ပါသည်။ငါလုံးဝမပြုလုပ်ခဲ့ပါ။ ကိုယ်တော်ကိုသာ ကျွနု်ပ်ချစ်ခဲ့ပါသည်။ ကျွနု်ပ်ကိုယ်ကျွနု်ပ်ကိုယ်တော်အား အပ်နှံခဲ့ခြင်းဖြစ်ပါသည်။ နောက်ပြီးတော့ကိုယ်တော်ရှင်မိန့်တော်မူသည်ဟု ဆိုပါသည်။ သန့်ရှင်း သောဝိညာဉ်တော်က အခြားသောသူများထံသို့ သွား၍ သူတို့က လည်းကိုယ်တော်ရှင်မိန့်တော်မူသည်ကို ယုံကြည်ပါသည်။၎င်းနောက်ကိုယ်တော်ရှင် အမှုပြုပါသည်။

ကိုယ်တော်ရှင်က ကျွနု်ပ်တို့အားလုံးကိုယုံကြည်စေပါက ယခုချက်ခြင်း ကိုယ်တော်မည်သို့ လုပ်ပါမည်နည်း ? အခုချက်ခြင်း အားလုံးယုံအောင် ကိုယ်တော်ရှင် လုပ်နိုင်ပါကအားနည်းသောသူ ရှိတော့မည် မဟုတ်ပါ။ ဤမြို့ တဝိုက်မှာ အားလုံး ခိုင်ခံသွားကြပေမည်။ လူတိုင်းကို အားလုံးကို ယုံကြည်စေပါက တခါတည်း ပြီးဆုံးသွားမည်ဖြစ်ပါသည်။

သင်၏မရွေ့ရှားဘဲ တည်ငြိမ်သည့် ယုံကြည်ခြင်းအပေါ်မှာအမှတ်အသားကို ဆွဲကိုင်ထားပါ။ ကိုယ်တော်ရှင်၏ ဂတိစကားကို ဆွဲကိုင်ထားပါ။ စာတန်ထွက်သွားပါလိမ့်မည်။ယခု ကျွန်တော်နိဂုံးချုပ်ပါတော့မည်။

170 ၁၇၀။ တကြိမ်တခါကဘုရားသခင်သည် ကမ္ဘာလောကကြီးကို အခြားသောအမှတ်အသားတစ်ခု ပေးအပ်ခဲ့ပါသည်။ ထိုအမှတ်အသားမှာ သက်တန့်ပင်ဖြစ်ပါသည်။ သတိပြုပါ။ ပရိတ်သက်ကလည်း အာမင်ဟုဆိုပါသည်။အယ်ဒီတာ၏မှတ်ချက်။ ကိုယ်တော်ရှင်က ထိုအမှတ်အသားကို သစ္စာရှိစွာနှင့်စောင့်ထိန်းခဲ့ပါသည်။ အကြောင်းမှာ အမှတ်အသားအနေနဲ့ သူကပေးခဲ့ ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ထိုနှစ်ပေါင်း ထောင်ပေါင်းများစွာ ကိုယ်တော်ရှင်သည် ထိုအမှတ်အသားကိုဘယ်တော့မှ ပြသရန် မပျက်ကွပ်ခဲ့ပါ။ မှန်ပါသလား ?အာမင်။ အဘယ်ကြောင့်နည်း ? ကိုယ်တော်ရှင်က အလေး အနက်ထားပါသည်။ ကိုယ်တော်ရှင်သည်ကမ္ဘာလောကကြီးအား အမှတ်အသားပေးခဲ့ပါသည်။ ဘယ်သောအခါမှ ကမ္ဘာလောက်ကြီးအားရေလွှမ်းမိုးခြင်းအားဖြင့် မဖျက်ဆီးပစ်တော့ပါ။ ထိုအချိန် ထိုကာလကတည်းကပြသခဲ့ခြင်းပင်ဖြစ်ပါသည်။

လေထုထဲမှာ ဓါတ်သဘာဝအချို့ရှိပါသည်။ သက်တန့်ကို ဖြစ်စေသောအရာပင် ဖြစ်ပါသည်။ မိုးရွာသောအခါ နေထွက်လာပါသည်။ ထိုအခါသက်တန့်အားဖြင့်ဖော်ပြပါသည်။ နေကမိုးကို ခြောက်သွေ့သွားစေပါသည်။ ထိုအခါမှာ ကိုယ်တော်ရှင်ကသက်တန့်ကို ထားလိုက်ပြီး ဘယ်သောအခါမှ ကမ္ဘာကြီးပေါ်ကို မိုးမရွာချတော့မည့်အကြောင်းသက်သေပြခြင်းပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ ပဋိညာဉ်ပင် ဖြစ်ပါသည်။ အမှတ်အသားပင်ဖြစ်ပါသည်။ ရေအားဖြင့် ဖျက်စီးခြင်း တဖန်မလုပ်တော့ကြောင်းဂတိပေးခြင်းပင်ဖြစ်ပါသည်။ကိုယ်တော်ရှင်၏ ပဋိညာဉ်ဖြစ်ပါသည်။ အမှတ်အသားဖြစ်နှင့်သင်တို့အားငါပေးမည်ဟု ဆိုထားခြင်းပင် ဖြစ်ပါသည်။

171 ၁၇၁။ ကိုယ်တော်ရှင်ကသူ၏အမှတ်အသားကို သူအလေးအနက်ထားပါသည်။ နောဧလက်ထက်က သူ၏အမှတ်အသားကိုသူအလေးအနက်ထားပါသည်။ ဆက်လက်၍ ဖော်ပြဆဲပင်ဖြစ်ပါသည်။ အီဂျစ်ပြည်မှာလည်းသူ၏အမှတ်အသားကိုသူလေးအနက်ထားပါသည်။ ယေရိခေါမြို့မှာလည်း အလေးအနက်ထားပါသည်။ယနေ့လည်း သူအလေးအနက်ထားပါသည်။ ဖော်ပြထားခြင်းခံရသော အမှတ်အသားများကို အမြဲထာဝရကိုယ်တော်ရှင်က အလေးအနက် တလေးတစားပြုလုပ်ထားပါသည်။

ဤထောင်ပေါင်းများစွာသော နှစ်များအတွင်း သူသည်အမှတ်အသားကိုပြသရန်အတွက် နှစ်သက်ပါသည်။ သူဘယ် တော့မှ မမေ့ပါ။ သူ၏အမှတ်အသားကိုသူမမေ့ပါ။ ကမ္ဘာလောကကြီး မည်မျှပင် ပြောင်းလဲသွားစေကာမူ သက်တန့်သည် တည်မြဲဆဲဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သူ၏ အမှတ်အသားကို အလေးအနက်ထားပါသည်။

ယခုလည်း ထိုသို့ပင် ဖြစ်ပါသည်။ သူ၏ အမှတ်အသားကိုသူအလေးအနက်ထားပါသည်။ မည်မျှပင် ဘုရားကျောင်းများ ပြောင်းလဲသွားပါစေမည်မျှသင်တို့ပြုလုပ်ပါစေ ဘုရား သခင်သည် သူ၏ အမှတ်အသားကို အလေးအနက်ထားမြဲပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သူပြုလုပ်ခဲ့သည့် အရာကို သူဘယ်တော့မှမပျက်ကွပ်ကြောင်း ကျွန်ုပ်တို့အား ဖော်ပြနေခြင်း ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူခဲ့သမျှလည်း သူအမြဲတမ်း တလေးတစားဖော်ပြထားပါသည်။ ကျွန်ုပ်တို့လက်ခံ၍ကျွန်ုပ်တို့ လေးစားကြပါသည်။ ထိုအမှတ်အသားကို ကျွန်ုပ်တို့က အသိအမှတ်ပြုပါသည်။ကျွန်တော်လည်း အသိအမှတ်ပြုပါ သည်။

172 ၁၇၂။ ယနေ့ကျွန်ုပ်တို့အားလက်ခံ၍ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအပေါ်မှာ သူ၏အမှတ်အသားကိုဖော်ပြပါသည်။ စာတန်နှင့် မယုံကြည်သော ဂိုဏ်းဂဏများ အယူဝါဒများ ဝါဒီများအားလုံးကိုသူကဖော်ပြပါသည်။ ယုံကြည်သူများကို သူပေးထားသော ဂတိကို ဖော်ပြနေပါသည်။သူဂတိပေးထားသည့် အတိုင်းသူပြုလုပ်မည်ဖြစ်ပါသည်။ သူ၏အသင်းတော်ရှိပါသည်။

ကျွန်တော်တို့သည် ပထမဦးဆုံး အခြေခံထားသည်ကိုကျွန်တော်တို့ ပြန်မရောက်သော်လည်း ကိုယ်တော်ရှင်က ထိုသို့အပြုအမူကိုနားလည်ခွင့်လွှတ်ပါသည်။ ဘယ်နေရာမှာဘဲ ဖြစ်ဖြစ် နောက်ဆုံး ဂိုဏ်းဂဏကိုပြန်သွားပြီးတော့ ဟန်ဆောင် မှုတွေပြန်လည်လုပ်ပြီး ပညာတက်တွေ၊ အသိကြွယ်ဝသူတွေ၊တောက်တောက်ပြောင်ပြောင်နဲ့ ဟန်ဆောင်ကောင်း တဲ့သူတွေကို ဘယ်လေယာက်ဘဲလုပ်လုပ်၊ ဘယ်နေရာမှာဘဲဖြစ်ဖြစ် သူတို့ဖော်ပြလိုသည့် အရာအကြောင်း သူတို့ဖော်ပြနေပါသည်။ ကျွန်တော်ကတော့ဗက်ဒစ်ပါ၊ ကျွန်တော်ကတော့ ပရက်စ်ဘီတီရီးယန်းပါဟု သူတို့က ပြောကြပါသည်။

173 ၁၇၃။ သို့သော်လည်းယုံကြည်သူစစ်စစ်များကတော့ အမှတ်အသားကို ခံယူကြပါသည်။ ဂါလိလဲပြည်နယ်မှာ သခင်ယေရှုစတင်၍ ပြုလုပ်သည့်အရာပင် ဖြစ်ပါသည်။ သူဆက်လက်၍ အမှတ်အသားကို ဖော်ပြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်အပေါ်ပြန်လည်၍ သက်ရောက်ပါသည်။ တမန်တော်တို့၏လှုပ်ရှားမှုမဟုတ်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လှုပ်ရှားမှုဖြစ်ပါသည်။ တမန်တော်တို့အားဖြင့် လှုပ်ရှားနေခြင်းဖြစ်ပါသည်။ ထိုအရာသည်လည်း အမှတ်အ သားပင်ဖြစ်ပါသည်။

ပေတရုနှင့် ယာကုပ်တို့ ပြောသမျှကိုသူတို့အလေးအနက်ထားရမည်ဟုသူတို့ ဆိုပါသည်။ ပေတရုနှင့်ယောဟန်တို့သည်ဗိမာန်တော်တံခါးကို ဖြတ်သွားသော အခါ သူတို့သည် အပြစ်ကင်းစင်နေကြောင်းကိုတွေ့မြင်နေရပါသည်။ ကူပါအုံး၊ ကယ်ပါအုံး၊ စသည်ဖြင့် ဒီဟာလုပ်ပါအုံး၊ရေကိုရိုက်ပါအုံး၊ စသည်ဖြင့် ပြောကြပါသည်။ သူတို့မှာ ပြောစရာစကား အမျိုးမျိုးဖြစ်နေပါသည်။ သူတို့ပြောစကားကိုလည်း သူတို့ပြန်နားမလည်ပါ။ ဘာကွာခြားလည်းဆိုတာလည်းသူတို့မသိပါ။ သမ္မာကျမ်းစာ မှာ ဖော်ပြထားတဲ့ သချာၤတွေကိုလည်းသူတို့ နားမလည်ကြပါ။သို့သော်လည်း သူတို့သည် သခင်ယေရှုနှင့် အတူရှိခဲ့ကြောင်းသူ တို့သိပါသည်။ သူတို့သည်အမှတ်အသားကိုပြပါသည်။ သူတို့အပေါ်မှာလည်းထိုအမှတ်အသားရှိပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင်အပေါ် သက်ရောက်သော ဝိညာဉ်တော်သည်သူတို့အပေါ်မှာလည်း သက်ရောက်နေသောကြောင့် ဖြစ်ပါသည်။ကိုယ်တော်ရှင်ကားတိုင်ပေါ်တွင် အသေမခံမီရှင်ပြန်ထမြောက်ခြင်း မပြုမီ ဖြစ်ပါသည်။အာမင်။

174 ၁၇၄။ (ဟေဗြဲ၁၃း၈) မှာ သခင်ယေရှုသည် မနေ့၊ ယနေ့၊ ထာဝရကာလအတူတူပင် ဖြစ်ကြောင်း ဖော်ပြထားပါသည်။သူမည်ကဲ့သို့ အသက်ရှင်ကြောင်း ကျွန်တော်တို့ သိရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်နည်း ? မည်သို့ ကျွန်တော်တို့ အသက်ရှင်သည်ကို ကျွန်တော်တို့မည်သို့သိနိုင်ပါမည်နည်း ? ကိုယ်တော်ရှင်အသက်ရှင်သောကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ အသက်ရှင်သော အခါ ကျွန်တော်တို့သိရသည့်အရာမှာ ကိုယ်တော်ရှင်ကဲ့သို့ ကျွန်တော်တို့ဖြစ်၍ ကိုယ်တော်ရှင်အထဲ၌တည်နေသောကြောင့်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူသည်မှာငါအသက်ရှင်သောကြောင့် သင် တို့လည်း အသက်ရှင်သည်။ ငါသည် ကိုယ်တော်ပင် ဖြစ်ပါသည်ဟုဗျာဒိတ်ကျမ်း တွင် ဖော်ပြထားပါသည်။ ထိုအရာသည် အသေဖြစ်၍ ထာဝရအသက်ရှင်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဇာတိအရာ၌သေပြီး ကိုယ်တော်ရှင်၌ အသက်ရှင်လျှင် ထာဝရကာလအသက်ရှင်နေမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အထဲမှာ ရှိသော ကိုယ်တော်ရှင်၏ အသက်တာသည်ဘယ်လိုအသက် တာမျိုးကို မဆို ပိုင်ဆိုင်ပါသည်။ ကိုယ်တော်ရှင် အသက်ရှင်နေကြောင်းဖော်ပြပါသည်။ ကိုယ်တော်ရှင်သည် မနေ့ ယနေ့နှင့် ထာဝရကာလ အသက်ရှင်စေသောသူ ဖြစ်ပါသည်။

ထိုနှုတ်ကပတ်တော်ကို သူတို့ငြင်းပယ်သောအခါသင်မည်သို့လုပ်ပါမည်နည်း ? အသက်မရှိသော အလုပ်များဆိုသည်ကို သင်သတိပြုမိပါသလား ? အသက်ရှင်သော ဘုရားကိုအစေခံခြင်း ဖြစ်ပါသည်။ ထာဝရ အားဖြင့်ဖြစ်သည်။ ကျွန်တော်ဆိုလို သည်မှာ ထာဝရပဋိညာဉ်အသက်နှင့်ဆိုင်သော ပဋိညာဉ်ဖြစ်၍ သခင်ယေရှု၏ အသွေးတော်၌ တည်ပါသည်။ နောက်ပိုင်းအဆုံးပိုင်းကိုပြောပြီးတော့ ကျွန်တော်ရပ်ပါမယ်။ ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်တည်းဟူသောအမှတ်အသားကို ဖော်ပြခြင်းပင် ဖြစ်ပါသည်။ သူ၏မေတ္တာတော်ပင် ဖြစ်ပါသည်။အမှတ်အသားပြခြင်းမရှိပါက....

175 ၁၇၅။ ၎င်းအရာသည်အမှတ်အသားပင် ဖြစ်ပါသည်။ အမှတ်အသားဆိုသည်မှာ အဘယ်နည်း ? အမှတ်အသားဆိုသည်မှာအကြွေးပေးပြီးပြီ

ဆိုသည့်အကြောင်းကို အမှတ်အသားပြုခြင်းပင် ဖြစ်ပါသည်။တန်ရာတန်ကြေးပေးပြီး ဖြစ်ပါသည်။ ကျွန်တော် တို့၏ ကယ်တင်ခြင်းအတွက် ပေးဆပ်ရမည့်အဖိုးအခမှာ သေခြင်းပင် ဖြစ်ပါသည်။ ဘယ်သူမှာမပေးနိုင် သို့သော်လည်းခရစ်တော်ပေးနိုင်ပါသည်။ ဂိုဏ်းဂဏ ဝိညာဉ်ကလည်း မပေးနိုင်ပါ။ ပုပ် (Pope ) ၏ဝိညာဉ်ကလည်း မပေးနိုင်ပါ။ သို့သော်လည်းသခင်ယေရှုခရစ်၏ ဝိညာဉ်က ပေးနိုင်ပါသည်။ သူ၏ အသင်းတော်အပေါ်မှာ အမှတ်အသားပြုလုပ်၍အဖိုးအခပေးပြီးကြောင်း မှတ်သားထားပါသည်။ ဘုရားသခင် လိုအပ်သမျှအရာအားလုံးပေးဆပ်ပြီး ဖြစ်ပါသည်။ ကိုယ်တော်ရှင်နှင့် ကျွန်ုပ်တို့သာ တလုံး တဝတည်း ဖြစ်ပါသည်။ထိုနေ့မှာသင်သည် ငါနှင့် ငါ့ခမည်းတော်၌တည်ကြောင်း ငါသည် ငါ့ခမည်းတော်၌တည်ကြောင်းသင်သိရပေလိမ့်မည်။ ခမည်းတော်သည် ငါ့အထဲ၌ရှိ၍ ငါသည်လည်း သင်အထဲ၌တည်၍ သင်သည်လည်းငါ၌တည်နေပါသည်။

အမှတ်အသားကို မှတ်သားထားပါ။ ကိုယ်တော်ရှင်၏ရှင်ပြန်ထမြောက်ခြင်းတည်းဟူသော အမှတ်အသားပါ။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအားဖြင့် သင်သည် ထမြောက်ရသောအခွင့်ကို ရပါသည်။ ကိုယ်တော်ရှင်သည်သင်နှင့်အတူ ကျွန်ုပ်တို့အား ထမြောက်စေပါသည်။ ကောင်းကင်ဆိုင်ရာနေရာများမှကျွန်တော်တို့ တွေ့ရသည့်အရာမှာ ခရစ်တော်၌တည်နေ ပါသည်။ အမှတ်အသားအောက်မှာမိတ်သဟာယပြုခြင်းပင် ဖြစ်ပါသည်။

176 ၁၇၆။ ဣသရေလနိုင်ငံသည်အော်ဟစ်၍ လမ်းမများပေါ်တွင် ထွက်၍ ဘာမှသူတို့ပူပင်စရာမလိုတော့ပါ။ တစ်ခုဘဲ လိုပါသည်။ အသွေးတော်နှင့် ပတ်သတ်၍ သေချာစေပါ။ အမှတ်အသားနှင့်ပတ်သတ်၍ဘာပြထားသည်ကိုသာသေချာစေပါ။ အမှတ်အသားနှင့်ပတ်သတ်၍ ဘာပြထားသည်ကိုသာ သေချာစေပါ။

ယခုကျွန်တော်တို့ ပူပင်ကြောင့်ကျ၍ တိပြုရမည့်အရာမှာ တစ်ခုတည်းရှိပါသည်။ အခက်အခဲတစ်ခုရှိပါသည်။ ရေရှည် ကြာကြာအမှတ်အသားဖြစ်မည်မဟုတ်ပါ။ အမှတ်အသားပြုထားသည့်အရာ ဖော်ပြနေသည့်အရာကိုသာ လက်ခံပါ။သန့်ရှင်း သော ဝိညာဉ်တော်သည် အမှတ်အသားပင် ဖြစ်ပါသည်။ ဝိညာဉ်တပါးအားဖြင့်သာကျွန်တော်တို့သည် ကိုယ်ခန္ဓာတစ်ခုထဲသို့ ဗတ္တိဇံခံ၍ ကိုယ်တော်ရှင်၏ ဘုန်းတော်ကိုမျှဝေခံစားကြရပါသည်။ ကျွန်တော်တို့၏ နိုင်ငံ ကျွန်တော်တို့၏အိမ် ဂတိပေးတော်မူသောပြည်ကို ကျွန်တော်တို့ ပြန်ကြရမည်ဖြစ်ပါသည်။

ကိုယ်တော်ရှင်ကို သင်ချစ်ပါသလား? (ပရိတ်သတ်က အာမင်ဟုဆိုပါသည်။ အယ်ဒီတာ) အမှတ်အသားကို သင်ယုံကြည်ပါသလား? အာမင်။ ဘယ်နှစ်ယောက်ကဘုရားသာဘုရမ်ဟာမ် ကျွန်ုပ်အတွက် ဆုတောင်းပေးပါ။ ကျွန်ုပ်ကတော့ ဒီအမှတ်အသားကိုခံယူချင်ပါတယ်လို့ ပြောကြပါသလဲ?

177 ၁၇၇။ သခင်ယေရှုဘုရားဘုန်းကြီးမြတ်ဆုံးသောသခင် ကမ္ဘာလောကကြီးသည် အပြစ်၌တည်နေသော အခါ ဘယ်သူမှမတက်နိုင်ပါ။ ဘုရားသခင်သည် ဂရုဏာတော်၌တည်၍ ပုံစံပြုခြင်းအားဖြင့် ကြိုတင်ဖော်ပြပြီးနိမိတ်လက္ခဏာပြုပါသည်။ အပြစ်များကိုချီဆောင်သွား၍ ဖုံးအုပ်စေသည်သာမက အားလုံးကိုဖယ်ရှားပစ်နိုင်ပါသည်။ သခင်ယေရှုသည် အချိန်မှန် အချိန်တန်သည့်အခါ ရောက်လာပါသည်။ အသွေးတော်ကို သွန်းလောင်းသည် မိမိ၏ အသက်ကို ပေးဆပ်ခဲ့ပါသည်။ ၎င်းနောက် ပြန်လည်၍သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တော်ကို အမှတ်အသားပြုလုပ်ပြီးအသင်းတော်ထဲမှာထား၍ သူတဖန်ကြွ လာသည့်တိုင် ရှိစေပါသည်။ တမန်တော်ကြီး ရှင်ပေတရုပြောသည့်အတိုင်းဘဲ ဂတိတော်သည် သင်တို့အတွက်ဖြစ်သည်။ သင်တို့သားသမီးအတွက်ဖြစ်သည်။နောက်ပြီးတော့ ကိုယ်တော်ရှင် ခေါ်တော်မူမည့် လူသာအားလုံး များနိုင်သလောက်များပါစေ။ အားလုံးအတွက် ဖြစ်ပါသည်ဟုဆိုပါသည်။

ကိုယ်တော်ရှင် ကိုယ်တော်ရှင်၏ ကျေးဇူးတော်အားဖြင့်ကိုယ်တော်ရှင်ကူညီပါသည်။ ဤသတင်းစကားကို ကြားရသူများ အားလုံး ဘုရားသခင်အတွက်ဖြစ်ဘို့ရန် ကျွန်တော် ဆုတောင်းပါသည်။ ကိုယ်တော်ရှင် ဒီနေ့မနက်ဒီနေ့မနက်လာတဲ့သူတွေ ဒါမှမဟုတ် ဒီတိတ်ခွေအားဖြင့် တရားဟောချက်ကိုကြားရတဲ့သူတွေအားလုံး ကိုယ်တော်ရှင်အတွက် ဖြစ်ပါစေ။ မျိုးစေ့တနေ ရာရာမှာရှိတယ်ကြိုတင်ခွဲခန့်မှတ်သားထားတဲ့အရာ ရှိတယ်ဆိုလို့ရှိရင် နှုတ်ကပတ်တော်ကို ဒီနောက်ဆုံးသောကာလမှာ ကြားပြီး သူတို့ရောက်လာပါစေ။ နှိမ့်ချခြင်းဖြင့် သူတို့သည် သူတို့၏ဆုသူတို့ရတဲ့ဆုလဒ်များကို ကားတိုင်ခြေရင်းမှာ ထားထားပြီး ကျေးဇူးတော်ခံစားရသောသူတို့အားလုံး ကိုယ်တော်ရှင်ရှေ့တော်မှောက်သို့ ရောက်လာနိုင်ဘို့ မစတော်မူပါ။သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝပြီး ယေရှုခရစ်တော်တည်းဟူသော အသက်တာ၏အမှတ်အသားကို ဖော်ပြနိုင်ပါသည်။ ကိုယ်တော်ရှင်ရဲ့ ရှင်ပြန်ထမြောက်ခြင်း၌ ရှိပါစေ။သူတို့ ဤလောကကြီးမှာ အသက်ရှင်စဉ်ကာလ တောက်ရှောက်အတွက် ကိုယ်တော်ရှင်ချပေးသနားတော်မူပါ ကိုယ်တော်။

178 ၁၇၈။ ဤနှုတ်ကပတ်တော်များအားဖြင့်ကိုယ်တော် သူတို့အားလုံးလက်ခံမည်ဟု ကျွန်တော်မဆိုလိုပါ။ ကျွန်တော် သန့်ရှင်း သောဝိညာဉ်တော်၏ နှုတ်ကပတ်တော်များကိုဆောင်ယူ၍ သူတို့အားဖော်ပြပြီး သူတို့လည်းနားလည်သိရှိသည်။ လက်ခံနိုင်ဘို့ ကိုယ်တော်ရှင်မစတော်မူပါ။ ချစ်ခြင်းမေတ္တာသည်အမှားကို ပြင်ဆင်ပေးကြောင်း သူတို့ကိုသိစေတော်မူပါ။ ကျွန်တော်တို့ ယခုအသက်ရှင်နေထိုင်ရသော အချိန်ကာလသည် ကိုယ်တော်ရှင်ကြွလာတော်မူခြင်းနှင့် နီးကပ်သည်ဖြစ်သည့်အကြောင်း သူတို့ကို သိရှိစေတော်မူပါ။ ကမ္ဘာလောကကြီးတစ်ခုလုံးမှာမီးနစ်များပြလျှက်ရှိပြီးတော့ အချိန်ရောက်ပြီးဆိုတာကို သိရှိနားလည်ဘို့မစတော်မူပါ။

ယနေ့သူတို့ သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံပါစေ။ကျွန်တော်ဆုတောင်းပြီးတော့ ကိုယ်တော်ရှင်ထံပါးကို သူတို့အား ဆက်ကပ်ပါသည်။သခင်ယေရှု၏နာမ၌ ဆက်ကပ်ပါသည်။ ကျွန်ုပ်တို့အတွက် အမှတ်အသားဖြစ်စေပြီး ကျွန်ုပ်တို့အသက်ရှင်နေသမျှကာလပတ်လုံး ကိုယ်တော်ရှင် ဂတိပေးတော်မူသည့် အတိုင်းဖြစ်တော်မူပါသည်။ ကိုယ်တော်ရှင်၏ ဂတိတော်အတိုင်း ရှိသည့်အတွက် ဆုတောင်းသည့်အခါလွယ်ကူသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ကိုယ်တော်ရှင်ပေးမည် ဟုယုံကြည်ပါသည်။သခင်ယေရှု၏နာမ၌ ဆုတောင်းပါသည်။ အာမင်။ ကျွန်တော်တို့ ယခုခေါင်းငုံ့၍ တစ်မိနစ်ခန့်ဆုတောင်းကြပါစို့။

179 ၁၇၉။ ယုံကြည်ခြင်းဖြင့်ခင်ဗျားတို့အားလုံးအတွက် ကျွန်တော်ဆုတောင်းပေးခဲ့ပါသည်။ တကယ်ဘဲစိတ်နှလုံးအကြွင်းမဲ့ ဆုတောင်းပေးခဲ့ပါသည်။ ဘယ်လိုဆုတောင်းရမလဲ ဆိုသည့်အတိုင်းစိတ်နှလုံးအကြွင်းမဲ့ ဆုတောင်းပေခဲ့ပါသည်။

ကျွန်တော်သိပါသည်။ ဘာလဲဆိုတာကို သင်သိပါသည်။ သင်၏ဆယ်ဘို့တစ်ဘို့နှင့် မှီရမည့် အရာများအားဖြင့် ကျွန်တော်အသက်ရှင်ပါသည်။ခင်ဗျားတို့ရဲ့ ပံ့ပိုးကူညီမှု ဒီဘုရားကျောင်းမှာရှိတဲ့ ပံ့ပိုးမှုအားဖြင့်ဖြစ်ပါသည်။ ဒါခင်ဗျားတို့ရဲ့ မေတ္တာ၊ ခင်ဗျားတို့ရဲ့ အာမင်များ၊ ခင်ဗျားတို့ရဲ့မိတ်သဟာရများ အားဖြင့် ဖြစ်ပါသည်။ ကြင်နာတဲ့စကားများ ဒီကမ္ဘာလောကကြီး ထဲမှာရှိပြီး ဘယ်နေရာကိုဘဲသွားသွား ဘယ်နိုင်ငံ ဘယ်တိုင်း ဘယ်ဒေသကိုဘဲ ရောက်ရောက်သင်တို့ရဲ့စကားများက ဒီသ တင်းစကားကို ပံ့ပိုးပေး ကူညီပေးတာဘဲဖြစ်ပါတယ်။ခင်ဗျားတို့ဘဲ ဖြစ်ပါတယ်။ ခရစ်တော်နှင့် အတူ ကျွန်တော်တို့အားလုံးဟာ လည်း ပါဝင်ခွင့်ရကြပါတယ်။ ကျွန်တော်တို့ဟာ ညီကိုမောင်နှမတွေဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့ရဲ့ဘုရင်ဖြစ်ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော်ချစ်ပါတယ်။ ကျွန်တော်ရောက်နေတဲ့နေရာတိုင်းမှာလည်း ခင်ဗျားတို့ကို ရှိစေချင်ပါ တယ်။ကျွန်တော်ကားမောင်းပြီး တနယ်ကတနယ် သွားတဲ့အခါမှာ ခင်ဗျားတို့နဲ့အကြိမ်ပေါင်းများစွာ စကားပြောမိပါတယ်။ တနင်္ဂနွေနေ့မနက်တိုင်း ခင်ဗျားတို့နဲ့ဆုံတွေလိုပါတယ်။ ခင်ဗျားတို့ကိုချစ်ပါတယ်။ ကျွန်တော်အမြဲတမ်း ခင်ဗျားတို့ကိုချစ်ပါ တယ်။ တခါခါတော့ ကျွန်တော် ကြမ်းကြမ်းတမ်းတမ်း စကားပြောရပါတယ်။ ဒါဟာအမှားပြင်စေချင်လို့ပဲ ဖြစ်ပါတယ်။ အဲဒါတွေ ကိုဆုံးရှုံးမသွားစေချင်လို့ပဲဖြစ်ပါတယ်။ ခင်ဗျားတို့ အဲလိုမလုပ်သင့်ပါဘူး။

180 ၁၈၀။ နှိမ့်ချစွာဖြင့်စိတ်နှလုံးအကြွင်းမဲ့ လေးလေးနက်နက် ခံယူပြီးတော့ ကိုယ်တော်ရှင်ယေရှုဘုရားကျွန်တော့်အထဲမှာ ရှိသမျှအရာအားလုံးတို့ကို ယူပါ။ သင်ကိုယ်တော်ရှင်နှင့်မတူတဲ့အရာများအားလုံးကို ဖယ်ရှားပါ။ ကျွန်တော်ရဲ့ မာန်မာနတွေအား လုံးကို ဖယ်ရှားပါ။ကျွန်တော်အထဲမှာ မကောင်းတဲ့အရာတွေအားလုံးကို ဖယ်ရှားပေးပါ။မယုံကြည်ခြင်းတွေအားလုံးကို ဖယ်ရှားပေးပါ။ ကိုယ်တော်ရှင်ဘုရား ကန်ထုတ်ပစ်လိုက်ပါသန့်ရှင်းသော ဝိညာဉ်တော် ချိုးငှက်သဏ္ဍာန်ကဲ့သို့ ကျွန်တော်အပေါ် မှာ ဆင်းသက်ပါစေ။ ကျွန်တော်ထာဝရအသက်ရှင်လိုပါတယ်။ ကိုယ်တော်ရှင်ကျွန်တော်ကို ဒီအချိန်မှာကူညီစေလိုပါတယ်။ ဒီအချိန်မှာ ကူညီချပေးသနားတော်မူပါ။

181 ၁၈၁။ ခင်ဗျားတို့ဆုတောင်းနေတဲ့ အခါမှာ ကျွန်တော်တို့ ဒီသီချင်းကို ဟမ်း (မ်) လုပ်ပြီးဆိုပါမယ်။ဒါမှ မဟုတ် အသံနိမ့်နိမ့်လေးနှင့် အတူတကွဆိုပါမယ်။ ကိုယ်တော်ရှင် ကျွန္ုပ်တို့ချစ်သည်ဆိုသည့် သီချင်းဘဲ ဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာ အားဖြင့် လာခြင်းဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ချစ်ခြင်းမေတ္တာဖြစ်ပါတယ်။ ကျွန်တော်ဟာ ဒီလက်ကိုင်ပါဝါလေးပေါ်မှာလက်များကို တင်တဲ့အခါမှာ လူတွေအပေါ်မှာ လက်ဆင့်ကမ်းပေးလိုက်ပါမယ်။ကိုယ်တော်ရှင်ကို ကျွန်တော်ချစ်ပါသည်။ ကိုယ်တော်ကို ကျွန်တော်ချစ်သည်။ ကိုယ်တော်ကကျွန်တော်ကို စချစ်သောကြောင့်ဖြစ်ပါသည်။ ကျွန်တော့်၏ ကယ်တင်ခြင်းကို ကိုယ်တော်ကကားတိုင်းပေါ်မှာ ဝယ်ယူပေးခဲ့ပါသည်။

ကိုယ်တော်ကို ကျွန်တော်ချစ်ပါသည်။

ကိုယ်တော်က ကျွန်တော်ကို စ၍ချစ်သောကြောင့် ဖြစ်သည်။

ယခုအခါမှာ ကိုယ်တော်ရှင်ထံတော်ပါးသို့မိမိ၏အသက်တာကို ဆက်ကပ်ပါ။

ကိုယ်တော်ရှင် သည် ကျွန်တော်ရဲ့ ကယ်တင်ခြင်းကိုဝယ်ယူပါသည်။

ချစ်ခြင်းမေတ္တာရှိပါ။ ကိုယ်တော်ကိုချစ်ပါ။ကိုယ်တော်ရှင် သင့်အတွက် ဘာလုပ်ခဲ့သည်ကိုကြည့်ပါ။ ဘရာသာ ဘရမ်ဟမ် ကစတင်၍ကိုယ်တော်ကို ကျွန်တော်ချစ်သည်ဆိုသည့် သီချင်းကို ဟမ်း(မ်) လုပ်၍ဆိုပါသည်။(အယ်ဒီတာ) ချစ်ခြင်းမေတ္တာအားဖြင့် ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည် နာခံခြင်းကိုဆောင်ယူတက်ပါသည်။ ချစ်ခြင်းမေတ္တာသည် ထိမ်းမြားလက်ထပ်ခြင်းကို ဆောင်ယူလာပါသည်။ကျွန်တော်တို့ ဦးတည်နေသောအရာပင် ဖြစ်ပါသည်။ သို့သငယ်၏ လက်ထပ် မင်္ဂလာညစာစားပွဲပင်ဖြစ်ပါသည်။ ကယ်တင်ရှင်ခေါ်နေသည်ကိုကျွန်တော်ကြားရပါသည်။ ကျွန္ုပ်တို့လည်း ကိုယ်တော်ရှင်ချစ်ပါ သည်။

သင်၏စိတ်နှလုံး အကြွင်းမဲ့ဖြစ်ပါသည်။

တကယ်ဘဲ ချစ်ဖွယ်ကောင်းသော အရာ သင့်အထဲသို့ရောက်ရှိလာပါသည်။

ထိုအရာမှာ သန့်ရှင်းသော ဝိညာဉ်တော်ပင် ဖြစ်ပါသည်။

ကိုယ်တော်ရှင်သည် ကျွန်တော်ကို စ၍ ချစ်သောကြောင့်ကျွန်တော်ကယ်တင်ခြင်းကို ကားတိုင်ပေါ်တွင် ဝယ်ယူသောကြောင့် ကျွန်တော်၏ကယ်တင်ခြင်းကို ကားတိုင်ပေါ်တွင် ဝယ်ယူ သောကြောင့် ဖြစ်ပါသည်။

182 ၁၈၂။ ကျွန်တော်လက်များကို မြှောက်၍ နေသောအခါ ပရိတ်သတ်များလည်း လက်ကိုမြှောက်ပြီး သီချင်းသံဂီတသံနှင့် အတူ လိုက်ဆိုကြပါ။ ကျွန်တော်အပြစ်လုပ်မိပါကကျွန်တော်အမှားတစ်ခုခုလုပ်မိပါက ယခုအခါမှာ ကျွန်တော်ကိုယ်တော်ကိုရောခင်ဗျားတို့အတွက်ပါ ကျွန်တော်ဆုတောင်းပေးပါမည်။

ကျွန်တော် တခုခု အမှားအယွင်းလုပ်ခဲ့မိလို့ရှိရင်ကိုယ်တော်ရှင် ကျွန်တော်လက်များကို ကိုယ်တော်လက်ထဲသို့ အပ်နှံပါ တယ်။ အဓိပ္ပာယ်ကတော့ ကျွန်တော်ဝမ်းနည်းပါတယ်ကိုယ်တော်။ ကျွန်တော့်လက်တွေကိုကိုယ်တော်ကိုပေးပါတယ်။ ကျွန်တော် အပြစ်မလုပ်ချင်ဘဲနဲ လုပ်ရတယ်ဆိုတဲ့ အဓိပ္ပာယ်ဘဲဖြစ်ပါတယ်။ ကျွန်တော်သေရပါတော့မယ်ကိုယ်တော်။ ဒီကမ္ဘာလောကကြီးကိုရုပ်ပိုင်းလက္ခဏာသွင်ပြင်နဲ့ ကျွန်တော် ခွဲခွာသွားရပါတော့မယ်။ ကိုယ်တော့်ကိုကျွန်တော် ရင်ဆိုင်လိုပါ တယ်။ ကျွန်တော်လက်များ၏ အဓိပ္ပာယ်ကတော့ လက်များကိုဆွဲကိုင်ပါကိုယ်တော် ကိုယ်တော်ရှင်ရဲ့ ဝိညာဉ်တော်နဲ့ ကျွန်တော် ကိုဖြည့်စေပါ။ကိုယ်တော်ရှင်ရဲ့ မေတ္တာတည်းဟူသော

အမှတ်အသားကို ကျွန်တော့်ကိုပေးပါ။ချစ်ခြင်းမေတ္တာကို ကျွန်တော်အ ပေါ် သွန်းလောင်းပါ။ သန့်ရှင်းသော ဝိညာဉ်တော်ကိုသွန်းလောင်းတော်မူပါ။ သို့မှသာ ကျွန်တော်သည် ချစ်ခင်နှစ်သက်ဖွယ် နူးညံ့သိမ်မွေ့စွာအသက်ရှင်သွားမည်ဖြစ်ပြီး ခရစ်တော်၌ အသက်ရှင်သော အသက်တာကို ရရှိမှာဖြစ်ပါတယ်။ကျွန်တော်ရဲ့ နှလုံးသားများ အခြားသော သူများအတွက် လောင်ကျွမ်းလျက်ရှိပြီးကျွန်တော်ရဲ့ နှလုံးသားများ အခြားသောသူများ အတွက် လောင်ကျွမ်းလျက်ရှိပြီးနေ့ရောညပါမနားမနေ ရှိနေမှာ ဖြစ်ပါတယ်။ လူတိုင်း ကိုယ်တော်ထံသို့ရောက်အောင် ကျွန်တော် မနားမနေ လုပ်ဆောင်နိုင်ဘို့ရန်ဖြစ်ပါသည်။ ယေရိခေါမြို့မှာရှိတဲ့ သတင်းစကား ပို့ဆောင်သူများကဲ့သို့ပင် ဖြစ်ပါသည်။ကျွန်တော်သွားနိုင်သလောက် လူတိုင်းဆီကိုသွားပါတယ်။ အသွေးတော်နှင့်ဆိုင်သောပဋိညာဉ်ကို ကျွန်တော်သူတို့ထံသို့ ရောက်ရှိနိုင်သလောက် ရောက်ရှိနိုင်အောင်လုပ်ဆောင်ပါတယ်။ သိုးသငယ်၏ အသွေးတော်အားဖြင့် ဖြစ်ပါတယ်။ သို့မှသာ သူတို့လည်းအမှတ်အသားကို ရရှိမှာ ဖြစ်ပါတယ်။

183 ၁၈၃။ အသွေးတော်ကသန့်ရှင်းစေပါတယ်။ ဝိညာဉ်တော်သည် အသွေးတော်သွန်းလောင်းပြီးကြောင်း အမှတ်အသားပင်ဖြစ်ပါတယ်။ ဝိညာဉ်တော်သည် အသွေးတော်ကို သုတ်လိမ်းပြီးကြောင်း အမှတ်အသားပင်ဖြစ်ပါသည်။ အသွေးတော်ကိုသုတ် လိမ်းပြီးမှသာ ဝိညာဉ်တော် သက်ရောက်နိုင်မှာဖြစ်ပါတယ်။အသွေးတော်ကို သုတ်လိမ်းပြီးလို့ရှိရင် ဝိညာဉ်တော်က အမှတ်အသားပြုလုပ်ပါတယ်။သင့်ထံသို့ ပြန်လည်စေလွှတ်ပြီး အသွေးတော်ထဲမှာ ရှိသောသင်၏ ယုံကြည်ခြင်းကိုလက်ခံမည်ဖြစ်ပါတယ်။ သင့်အဖိုးအခကိုပေးဆပ်ပြီး ဖြစ်ပါတယ်။ အားလုံးပြီးဆုံးသွားပြီဖြစ်ပါတယ်။ အမှုရုပ်သိမ်းလိုက်ပြီး ဖြစ်ပါတယ်။ သင်သည်ခရစ်ယာန်ဖြစ်လာပါသည်။ သင်သည် ယုံကြည်သူဖြစ်လာပါသည်။ ခရစ်တော်သည် သင့်အထဲမှာ ကျိန်းဝပ်၍ သင်သည်လည်း ခရစ်တော်အထဲမှာ ကျိန်းဝပ်ရပါတယ်။

ပထမဆုံး ကျွန်တော်ကို ကိုယ်တော်ရှင်က စ၍ချစ်သောကြောင့်

ကားတိုင်းပေါ်တွင် ကျွန်တော့်၏ ကယ်တင်ခြင်းကိုဝယ်ယူပေးသောကြောင့် ဖြစ်ပါတယ်။

184 ၁၈၄။ သင်၏နှလုံးသားများကိုယ်တော်ရှင်ရှေ့တော်မှောက်မှာ နှိမ့်ချ၍နေသော အခါ အသင်းအုပ်ဆရာဖြစ်သူ ဘရာသာနယ်ဗလ်က နိဂုံးချုပ်စကားများ ပြောပြီး ဘာပြောမလဲဆိုတာကို ကျွန်တော်တို့နားထောင်ကြရမှာ ဖြစ်ပါတယ်။

ယနေ့ည ဝတ်ပြုစည်းဝေးပွဲများကို သတိရပါ။အနာရောဂါငြိမ်းစေခြင်း ဝတ်ပြုစည်းဝေး ဖြစ်ပါတယ်။ စောစောက လာကြပါ။ ခုနှစ်နာရီမှာစပါမယ်။ ကျွန်တော်ကတော့ ခုနှစ်နာရီခွဲ ပလ္လင်ပေါ်ကိုရောက်မှာ ဖြစ်ပါတယ်။ဘရာသာနယ်ဗဲလ် မကောင်းဘူးလား ဘရာသာနယ်ဗဲလ်ကလည်း ကောင်းပါတယ်လို့ ပြန်ဖြေလိုက်ပါတယ်။(အယ်ဒီတာ၏မှတ်ချက်) အခု ကျွန်တော်တို့ ဆက်ပြီးတော့ ပွဲတော်မင်္ဂလာယူကြမှာဖြစ်ပါတယ်။ ယနေ့ညဘဲ ဖြစ်ပါတယ်။ အားလုံးလာကြပါ။ ဖိတ်ခေါ်ပါတယ်။

ဒီနေ့ နေ့လည်ခင်းမှာ နှုတ်ကပတ်တော်၌ တည်နေကြပါ။ကျွန်တော်ဟောပြောတဲ့ သတင်းစကား ပျောက်ကွယ် မသွားပါ စေနှင့်။ ဒီသတင်းစကားကိုလုံးဝပျောက်ကွယ်မသွားစေဘို့အတွက် သတိရပါ။

အသွေးတော်သည် အမှတ်အသားဖြစ်သည်။ အသက်တာရရှိသည့်အကြောင်းပင် ဖြစ်ပါသည်။ ငါသည် သူတို့ကိုတွေ့သော အခါ ကျော်ဖြတ်သွားမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အမှတ်အသားဖြစ်၍ သင်၏နှလုံးသားပေါ်တွင် သုတ်လိမ်းထားသော အသွေးတော်ပင်ဖြစ်ပါသည်။ အသွေးတော် သုတ်လိမ်းထားပြီးသား ဖြစ်ကြောင်းပင် ဖြစ်ပါတယ်။ အသွေးတော်ကိုသုတ်လိမ်းထားခြင်း မရှိပါက အမှတ်အသား ရှိမည်မဟုတ်ပါ။ သင်နာလည်းပါသလား? အာမင်လို့ပြောပါ။ ပရိ သက်ကလည်း အာမင်လို့ပြောပါတယ်။ (အယ်ဒီတာ၏မှတ်ချက်) အသွေးတော်ကို သုတ်လိမ်းရမှာ ဖြစ်ပါတယ်။ သို့မှသာအမှတ်အသားပြုခြင်းခံရပါမယ်။ အသွေးတော်အားဖြင့် ကယ်တင်ခြင်းတည်းဟူသော အမှတ်အသားကိုရိုက်နှိပ်လိုက်ပြီးမှသာ သင့်အတွက် အဖိုးအခ ပေးပြီးသားဖြစ်မှာပါ။ ဘုရားရှင် ကောင်းချီးပေးပါစေ။

MESSAGE hub online

ဒေသနာ ဝေငှသူ
ဝီလီယမ်မာရီယမ် ဗရမ်ဟမ်
'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)

www.messagehub.info